www.burmeseclassic.com

မှ ၁၇၆ပ

# ဆုဒါရှိ

## မြူဝေမှိုင်းတဲ့ ဝိုင်းတို့မောင်မြေ




design : bo bo htoon 2005

www.burmeseclassic.com

www.burmeseclassic.com



ဝိုးဝိုး စာပေ

[illegible]



www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

"မြစိမ်းကြည်ဟာ သေဆုံးခဲ့ပြီကွ၊ မင်းက ဒီ မိန်းကလေးကို ခေါ်လာပြီး သူဟာ မြစိမ်းကြည်ပါလို့ ကျုပ်တို့ကို အယုံသွင်းဖို့ မကြိုးစားစမ်းပါနဲ့၊ ကျုပ်တို့က မင်းလှည့်စားတိုင်း ရမှာမဟုတ်ဘူး"

"ခင်ဗျားတို့ သိထားရမှာက သူဟာ မြစိမ်းကြည်ပဲ၊ ခင်ဗျားတို့ထင်ထားသလို မြစိမ်းကြည်ဟာ ဘယ်တော့မှ မသေဆုံးခဲ့ဘူး"

××××



www.burmeseclassic.com

www.burmeseclassic.com



"ဟော …သူသတိရလာပြီ၊ သူသတိရလာပြီ"

ပထမဆုံး ထိုအသံကို သူမစတင်ကြားလိုက်ရချိန်မှာ မေးမှိတ်ထားသော မျက်ဝန်းတွေကို အတင်းအားယူကာ ဖွင့်ဖွင့်ကြည့်မိ၏။ လေးလံလိုက်တဲ့ မျက်ခွံတွေ၊ ဘယ်လိုကြောင့် ဒီလောက်လေးလံနေရတာလဲဟု မစဉ်းစားတတ်တော့ပေ။

"အင်း …အင်း"

သူမနှုတ်ဖျားမှ ညည်းသံတချို့ ထွက်သွားသလိုပင်။ သူမမျက်ဝန်းတွေ ရီဝေစွာ ပွင့်လာချိန်မှာတော့ အပေါ်စီးမှနေ၍ သူမကို အုပ်မိုးငုံ့ကြည့်နေသော မျက်နှာတချို့ကို တွေ့ရသည်။

ဘယ်သူတွေများပါလိမ့်။

သူမအားယူကာ မျက်ဝန်းတွေကို ဖွင့်ကြည့်ပေမယ့် သေချာတာကတော့ သူမကို ကြည့်နေသည့် ထိုလူအားလုံးကို တစ်ယောက်မှမသိခြင်းပင်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း သတိရလာပြီလား မိန်းကလေး"

ကြည်လင်ပြတ်သား၍ အသံသြဇာရှိသော လူ တစ်ယောက် မေးသံ၊ ထိုလူကို ကြည့်လိုက်တော့ အသားဖြူဖြူ ဆံပင်နက်မှောင်မှောင်ဖြင့် လူလတ်ပိုင်းအရွယ် ယောကျာ်းတစ်ယောက်။ သူ့ဘေးမှာ အသက်ငါးဆယ်ကျော် ခြောက်ဆယ်ဝန်းကျင်ရှိ အမျိုးသားကြီးတစ်ယောက်နှင့် အမျိုးသမီးကြီး တစ်ယောက်။ အားလုံး သူမကို စိုးရိမ်ပူပန်စွာ ကြည့်နေသည်။ သူမက အားတင်းကာ မေးလာသူကို ခေါင်းညိတ်ပြလိုက်၏။

"ဟုတ်ကဲ့ …ကျွန်မ …ကျွန်မ ဘယ်ကိုရောက်နေတာလဲဟင်"

ကျယ်ဝန်းသော အခန်းထဲရှိ ကျွန်းခုတင်ကြီးပေါ်တွင် ဖြူလွှသော အိပ်ရာထက်ဝယ် သူမရောက်ရှိနေခြင်း။ သေချာတာကတော့ ဒီနေရာသည် သူမအတွက် ဘယ်လိုမှ မရင်းနှီးပါ။

အိပ်ရာထက်မှ ထထိုင်ကာ ပတ်ဝန်းကျင်ကို အကဲခတ်ရင်း သူမမေးလိုက်ခြင်းပါ။ ထိုအခါ စောစောကလူပင် သူမအမေးကို ဖြေ၏။

"မင်း …ကျုပ်အိမ်ကို ရောက်နေတာ၊ မင်း သတိလစ်နေတာ တစ်ရက်ကျော်ပြီ"

"ရှင်"





သူမက သတိလစ်နေသတဲ့။

တစ်ရက်တောင်ကျော်ပြီဆိုတော့ သူမ ဘာကြောင့် ဒီလောက်တောင် သတိလစ်ခဲ့ရတာလဲ။ ထိုသူအပါအဝင်အားလုံးကို ဝိုင်းစက်သော မျက်ဝန်းများဖြင့် အကဲခတ်ကြည့်မိသည်။

"ရှင် …ရှင်တို့က ဘယ်သူတွေလဲဟင်"

"ဗျာ"

သူမအမေးကြောင့် အခန်းထဲကလူတွေ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်၏။ ပထမဆုံး ထူထဲသောမျက်ခုံးတို့ကို အတွန့်ချိုးလျက် တောက်ပသောမျက်ဝန်းများက သူမကို အကဲခတ်ကြည့်ဟန်ဖြင့် ဂုတ်ထောက်ထိ ဆံပင်ရှည်ကာ မုတ်ဆိတ်ပါးမြိုင်းမွေးတို့ဖြင့် ထိုလူက စူးစိုက်စွာ ကြည့်လာ၏။

"တကယ်တော့ အဲဒီမေးခွန်းကို ကျုပ်တို့က ပြန်မေးရမှာပါ မိန်းကလေး"

"ရှင်"

"ဟုတ်တယ်၊ မင်းကို ကျုပ်အိမ်ခေါ်လာတာ နှစ်ရက်ရှိပြီလေ၊ မင်းသတိလစ်နေတုန်း ကျုပ်တို့မှာ ဘယ်လောက်စိုးရိမ်ရတယ်မှတ်သလဲ၊ ကဲ ခုတော့ မင်းလည်း သတိရပြီဆိုတော့ ပြောပါဦး၊ မင်း အဲဒီနေရာကို ဘာကြောင့် တစ်ယောက်တည်း ရောက်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



''ရှင် ...ကျွန် ...ကျွန်မ ဘယ်ကိုရောက်နေခဲ့လို့လဲဟင်''

မသိနားမလည်သော မျက်ဝန်းများဖြင့် သူ့ကိုပြန်၍ မေးကြည့်၏။ ထိုအခါ သူ မျက်မှောင်တို့ပိုတွန့်သွားကာ အနည်းငယ်စိတ်မရှည်ဟန်ဖြင့် ပြတ်သားစွာ ပြောလေသည်။

''မင်းကိုတွေ့ခဲ့တဲ့ မဟူရာသရှိုင်းကွေ့ကိုလေ''

''ရှင် ...ဘာ ဘာပြောလိုက်တယ်၊ ကျွန်မကိုတွေ့ခဲ့တဲ့ မဟူရာသရှိုင်းကွေ့ ဟုတ်လား''

''အေး ...ဟုတ်တယ်၊ အဲဒီမဟူရာကွေ့က ချောက်ထဲမှာ မင်းတစ်ယောက်တည်း သတိလစ်နေတာတွေ့လို့ ကျုပ်ခေါ်လာတာ၊ တကယ်တော့ မင်းကံကောင်းတယ်မှတ်ပါ၊ အဲဒီနေ့က ကျုပ်တောပစ်ပြန်လာပြီး မဟူရာကွေ့ဘက် ရောက်လာတာ၊ မဟုတ်ရင် ဒီအချိန် မင်း နှင်းတောထဲမှာ သေခဲနေလောက်ပြီ''

''အို''

အပြောက ပြတ်သားသလောက် ရုပ်ရည်ကလည်း တည်ကြည်လွန်းသော ထိုလူအား ကျေးဇူးတင်ရမည့်အစား ဘာကြောင့် ဒီလိုခေါ်လာတာပါလိမ့်ဟု သူမတွေးမိ၏။

''ကဲ ...ပြောပါဦး၊ မင်းအကြောင်း''

''ရှင် ...ကျွန်မအကြောင်း ဟုတ်လား''

သူ့ကိုမော့ကြည့်ကာ ပြန်မေးတော့ သူ စိတ်မရှည်ဟန်။





''အေးလေ ...မင်းအကြောင်းအားလုံး ကျုပ်တို့ကိုပြောပြမှ မင်းဘာဖြစ်ခဲ့တယ်ဆိုတာ ကျုပ်တို့သိမှာပေါ့၊ ကဲ ...မင်းနာမည်ကစပြော''

အမိန့်ပေးဟန်ဖြင့် သူမေးတာကိုပဲ သူမ မလိုက်နာနိုင်ခဲ့။ ခေါင်းကို အသာခါယမ်းရင်း ...

''ဝမ်းနည်းပါတယ်ရှင်၊ ကျွန်မနာမည် ဘယ်သူလဲဆိုတာ ရှင်တို့ထဲက တစ်ယောက်ယောက်များ သိသလားဟင်''

''ဘာ''

သူမ၏မေးခွန်းကို အံ့ဩသွားတာက သူအပါအဝင်အားလုံး၊ သူမကို နားမလည်နိုင်သော မျက်ဝန်းတွေနှင့်ကြည့်၏။

''တကယ်ပြောတာပါရှင်၊ ကျွန်မနာမည်ကို ရှင်တို့ထဲက ဘယ်သူသိလဲဟင်''

သူတို့အားလုံး ခေါင်းခါယမ်းသည်။

''ဒီမှာမိန်းကလေး ကျုပ်တို့အားလုံးကို မင်းသိသလား''

''ဟင့်အင်း''

''အေး ...မင်းကိုလည်း ကျုပ်တို့အားလုံးက မသိဘူးကွ''

''ဟင်''

သူမနှုတ်မှ ညည်းညူသံထွက်ပေါ်သွားရ၏၊ ဒေါသထွက်ချာတယ်၊



www.burmeseclassic.com

www.burmeseclassic.com



သူမနဲ့ သူတို့ကြားမှာ တစ်စုံတစ်ခုတော့ လွဲချော်နေပြီဆိုတာ။

"ကဲ …ပြောပါဦး မင်းနာမည်"

"ဟင့်အင်း …ကျွန်မ …ကျွန်မ မသိဘူး"

"ဘာ …ဘာ မင်းနာမည်ကို မင်းကမသိဘူး ဟုတ်လား"

သည်တစ်ခါတော့ သူမ ခပ်သွက်သွက် ခေါင်းညိတ်လိုက်၏။ သူကတော့ သူမနှင့် ဆန့်ကျင်စွာ ခေါင်းခါယမ်းသည်။

"မဟုတ်သေးပါဘူး၊ ကိုယ့်နာမည်ကိုယ်တောင် မသိဘူးဆိုတာ မင်းစိတ်တော့ ကောင်းပါတယ်နော်"

"အို …ကျွန်မ မရူးပါဘူးရှင်"

"ဒါဆို …မင်းနာမည် သိရမှာပေါ့ကွ"

"ဟင့်အင်း …ဟင့်အင်း အဲဒီနာမည်ကို ကျွန်မ မသိဘူး"

ပြောရင်း သူမခေါင်းတွေ ရိပ်တိတ်တိတ်မူးနောက်လာ၏။ ထို့ကြောင့် မျက်ဝန်းတွေမှေးမှိတ်လာသည်။

"အား …ကျွတ် …ကျွတ် ခေါင်းထဲက မူးတယ်"

"လူလေး …ကလေးမအနားယူပါစေဦးကွယ်"

အနားမှ ဦးလေးကြီးက ဝင်ပြောသည်။ သူ သက်ပြင်းချကာ …





"ဟင်း …မင်းအနားယူပါဦး၊ ကဲ …ဒေါ်စမ်း သူ့ကိုကြည့်လိုက်ပါဦး၊ ကျွန်တော် အပြင်ခဏသွားဦးမယ်"

"အေး …အေး"

သူထွက်သွားသည်။

သူမမျက်ဝန်းတွေများ မှိတ်ကာ အနားယူလိုက်၏။ အားလုံး အခန်းပြင်ဘက်ထွက်သွားကြပုံ။ သူမ ပြန်အိပ်ပျော်သွားသည်ထင်။

အိပ်ပျော်သွားခိုက် သူမအတွက် အိပ်မက်လိုလို အမည်းရောင်ရိပ်များ၊ လူသံ ကားသံများလိုလို ကြားမြင်နေသည်။

သူမစိတ်ထဲ မောလိုက်ကာ …

"အား"

"ဟင် …ကလေး၊ ကလေးမ ဘာဖြစ်လို့လဲ"

မေးသံနှင့်အတူ ဒေါ်စမ်း အနားရောက်လာ၏။

"ကျွန်မ …ကျွန်မ"

သူမ အိပ်ရာမှထကာ ချွေးတွေပျံလို့ ဒေါ်စမ်းက ရေတစ်ခွက် ခပ်ယူပေးသည်။

"ရေအေးအေးလေး သောက်လိုက်ဦး ကလေး"

"ဟုတ်ကဲ့"

ဒေါ်စမ်းပေးသော ရေအေးလေး သောက်လိုက်မှ ရင်ထဲအမောပြေငြိမ်းချမ်းသွား၏။ ရေသောက်ပြီးမှ တစ်စုံတစ်ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com



သတိရဟန်ဖြင့် မျက်ဝန်းဝိုင်းများနှင့် သူမ ရှာဖွေကြည့်မိ၏။

"လူလေး …ခွန်စိုင်းကို ရှာကြည့်နေတာလား ကလေး"

"ရှင် …ဟို …ဟို …သူ …"

"လူလေး အပြင်သွားတယ်ကွယ့်၊ ကဲ ကလေးအတွက် ဒေါ်စမ်း စားစရာပူပူလေး သွားယူလိုက်ဦးမယ်"

သူမ ဘာမှမပြောခင် ဒေါ်စမ်း ထွက်သွားသည်။ ယခုမှ သူမရောက်နေသော အခန်းကြီးကို သေချာကြည့်မိ၏။ အတန်ငယ် ဟောင်းနွမ်းပေမယ့် ခိုင်ခန့်လှသော ကျွန်းနံရံများက ထုထည်ကောင်းလှသည်။ မှန်တင်ခုံ၊ စာရေးစားပွဲ၊ ကျွန်းပက်လက်ကုလားထိုင်၊ စာအုပ်စင်တို့ကို တွေ့ရ၏။

"ရော့ …ကလေး နွားနို့ပူပူလေး အားပြည့်သွားအောင် သောက်လိုက်"

ဖန်ခွက်ကြီးနှင့် အပြည့် မလိုင်များ ဝင်းဝါအိလျက် ပူနွေးသော နွားနို့ခွက်ကို သူမလက်ထဲ လာထည့်ပေးသည်။ အစာမြင်မှ ဗိုက်ထဲဆာလောင်တာ သတိရ၏။ ထို့ကြောင့် ဒေါ်စမ်းပေးသော နွားနို့ခွက်ကို ဖြည်းဖြည်းချင်း ကုန်အောင်မော့သောက်လိုက်၏။ နွားနို့အားလုံး ကုန်သွားတော့ သူမတစ်ကိုယ်လုံး အားအင် ပြည့်ဖြိုးသွားသလိုပါပဲ။

"ကျေးဇူးပါပဲ ဒေါ်ဒေါ်"





နွားနို့ခွက်ကို ပြန်ပေးရင်း သူမပြောလိုက်သည်။ အသားဖြူကာ ခန္ဓာကိုယ် ခန့်ခန့်ထည်ထည်ဖြင့် သဘောကောင်းပုံရသော ဒေါ်စမ်းက ပြုံးရယ်ကာ ခေါင်းခါယမ်းပြ၏။

"မလိုပါဘူးကွယ်၊ ကလေးမ နေကောင်းလာရင်ပဲ ကျုပ်တို့က ဝမ်းသာလှပါပြီ"

"ကျွန်မ နေကောင်းပါပြီ"

ထိုစကားကြောင့် ဒေါ်စမ်းက သူမကို ဖျတ်ခနဲကြည့်သည်။ သူမစကားကို သိပ်ပြီးယုံကြည်ဟန်မပြ။

"ဒါဆို ကလေးမနာမည် စဉ်းစားလို့ရပြီလား"

"ရှင် …ဟင့်အင်း"

သူမ မျက်လုံးဝိုင်းဖြင့် ခေါင်းခါယမ်းတော့ ဒေါ်စမ်း သက်ပြင်းချ၏။ ထို့နောက် သူမက တစ်စုံတစ်ယောက်ကို စဉ်းစားမိကာ …

"ဒီမှာ ဒေါ်ဒေါ်၊ ကျွန်မ …ကျွန်မကို ဒီခေါ်လာတုန်းက ကျွန်မ ပစ္စည်းဘာမှမပါဘူးလားဟင်"

"ဟင့်အင်း …မပါပါဘူးကွယ်၊ ကလေးမတစ်ကိုယ်လုံး နင်းတွေစိုရွှဲလို့ အဝတ်အစားတောင် ကျုပ်အဝတ်တွေ လဲပေးထားတာပဲ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



သည်တော့မှ သူမကိုယ်သူမ ဖျတ်ခနဲ ငုံ့ကြည့်မိ၏။ အို ...ဟုတ်ပါရဲ့။ သူမကိုယ်ပေါ်မှာ ဒေါ်စမ်းရဲ့အဝတ်အစား ပွပွကြီးတွေ။

ဒါဆို သူမဟာ ဘာကြောင့် မဟူရာကျွန်းမှာ တစ်ယောက်တည်း သတိမေ့နေရတာလဲ။

သူမ ဘယ်သူလဲ။

သူမ ဘယ်ကလဲ။

သူမ ...သူမ ...အို သူမကိုယ် သူမ မသိတော့ပါလား။

× × × ×





နောက်တစ်ကြိမ် အိပ်ရာကထလာနိုင်ချိန်မှာ သူမတစ်ကိုယ်လုံး အားအင်ပြည့်ဖြိုးကာ ခေါင်းအတော်ကြည်လင်နေပြီ။ ထို့အတွက် ပထမဆုံး သူမမည်သူလဲဆိုတာ စဉ်းစားခြင်းပင်။

ခက်တာပဲ ...

ထိုအကြောင်းအရာ စဉ်းစားတိုင်း ခေါင်းထဲ မှောင်မိုက်ကာ မူးလာမြဲ။ ကြာတော့ ထိုအကြောင်းကို မစဉ်းစားချင်တော့ပေ။

လောလောဆယ် သူမ ဘယ်သူဆိုတာထက် သူမ၏ ကျန်းမာရေးကောင်းဖို့ လိုအပ်နေပြီ။ ထို့ကြောင့် အိပ်ရာမှ ထလိုက်သည်။

"အို ...ကလေးမ ဘာလိုချင်လို့လဲ"

သူမကိုမြင်တော့ အမြဲတမ်း အလုပ်နှင့်လက် မပြတ်ရှုပ်နေသော ဒေါ်စမ်းက မေးသည်။

"ကျွန်မ ရေချိုးချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



''ဖြစ်ပါ့မလား''

''ဖြစ်ပါတယ် ဒေါ်ဒေါ်၊ ကျွန်မ နေကောင်းပါပြီ''

အိပ်ရာထက်တွင် နှစ်ရက်တိုင်တိုင်လဲနေသော သူမအဖို့ တစ်ကိုယ်ရေသန့်ရှင်းရေးလုပ်ဖို့ လိုအပ်ပြီဟု နားလည်ထား၏။ ထို့ကြောင့် ရေချိုးလိုခြင်း။ ဒေါ်စမ်းက နှစ်ခါထပ်မပြောဘဲ သူမကို ရေချိုးခန်းလိုက်ပြ၏။

အောက်ထပ်ရှိ ရေချိုးခန်းသည် ကျယ်ဝန်းကာ သန့်ရှင်း၏။ အသားတိုက်ဆပ်ပြာမှာ တံဆိပ်အကောင်းစား၊ ခေါင်းလျှော်ရေဗူးကအစ အဆင့်မြင့်မြင့်။ အင်း ...ဒီအိမ်ပုံစံနှင့် လူတွေကြည့်တော့ ရှေးရိုးဟန်နှင့် မဆိုးပါလားဟု တွေးမိသည်။

သူမက မသုံးရသေးသော ပါကင်ပိတ် သွားပွတ်တံတစ်ချောင်းကို ဖောက်လိုက်သည်။ သွားတိုက်၊ ရေချိုး၊ ခေါင်းလျှော်စသည်ဖြင့် တစ်ကိုယ်ရေသန့်ရှင်းရေးကို သူမစိတ်တိုင်းကျ ပြုလုပ်မိ၏။

''မိန်းကလေးတို့သုံးတဲ့ အလှပြင်ပစ္စည်းတော့ မရှိဘူး၊ ကျုပ်လိမ်းတဲ့ သနပ်ခါးတုံးနဲ့ ကျောက်ပျဉ်တော့ ရှိတယ်ကလေးမ''

သူမရေချိုးပြီး ထွက်လာတော့ ဒေါ်စမ်းက ပြောသည်။ ရေချိုးပြီးတော့လည်း ဒေါ်စမ်း၏ အဝတ်တစ်စုံကိုပင် ငှားဝတ်ရသည်။ လမ်းဘေးမှ ကောက်ရလာသော သူမအဖို့ ဘာမှမပါခဲ့ပေ။





ယခုလို သူတို့ကယ်ဆယ်ထားခြင်းကပင် ကျေးဇူးတင်စရာကောင်းလှ၏။

''ရပါတယ် ဒေါ်ဒေါ်၊ သနပ်ခါးပဲ ကျွန်မ လိမ်းပါ့မယ်''

''အေး ...အေး ဒါဆို လိမ်း''

မွှေးပျံ့သော ရှမ်းသနပ်ခါးခေါက်ကို သွေးကာ သူမ ခပ်ကျဲကျဲလေး ခြေဆုံးခေါင်းဆုံး လူးလိုက်၏။ ကျောလယ်တွင် ဝဲနေသော လှိုင်းအနည်းငယ်ပါသည့် သူမ၏ နက်မှောင်သော ဆံနွယ်များကို ခေါင်းလျှော်ထားသဖြင့် ဖြန့်ချထားလိုက်သည်။

သူမ သနပ်ခါးလူးပြီးတော့ ဒေါ်စမ်း ရောက်လာ၏။ အဝါနုနုအင်္ကျီပွကြီးနှင့် အညိုရောင်တွင် အဝါပွင့်နွယ်တို့ပါသော ကာစ်ပတ်နွမ်း ပါတိတ်လုံချည်ဖြင့် သူမအသွင်က အချိုးကျနေမည် မဟုတ်ပါ။ သို့သော် ဒေါ်စမ်းက သူမကို သဘောကျသော မျက်လုံးများဖြင့် ခပ်စူးစူးကြည့်၏။

''ကလေးမ လှလိုက်တာကွယ်''

''ရှင်''

ရုတ်တရက် သူမကို ဒေါ်စမ်းများ လှောင်ပြောင်နေသလားဟု ထင်မိသည်။ သို့သော် ဒေါ်စမ်း၏ ရိုးသားသော မျက်လုံးတွေမှာ လှောင်ပြောင်ရိပ်ဟူ၍ တစ်စက်လေးမှ မရှိပါ။

''ဟုတ်တယ်၊ ကလေးမ အသားလေးတွေက [illegible]ပါပြီး



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာလေးကလည်း သိပ်လှတယ်၊ ဆံပင်လေးတွေက နက်တော့ ပိုပြီးလှတာပေါ့ကွယ်၊ ဟောဒီမှာ မှန်ထဲကြည့်ပါလား၊ ဒီမှန်က ကျုပ်ငယ်ငယ်ထဲကရှိတဲ့ ကိုယ်လုံးပေါ်မှန် မတိုက်တာကြာလို့ နည်းနည်းမှုန်နေတာကလွဲပြီး ကြည့်လို့ကောင်းပါတယ်''

ဒေါ်စမ်းပြောမှ မှန်ကြည့်ဖို့ သတိရမိ၏။ စောစောက သနပ်ခါးလူးတုန်းကလည်း မှန်မကြည့်ဘဲ ရေကျဲလေး လူးလိုက်တာပါပဲ။

သူမသည် ပထမဆုံးအကြိမ် ကိုယ့်ရုပ်သွင်ကိုယ် မှန်ထဲကြည့်မိ၏။ ဒေါ်စမ်းက သူမကြည့်နိုင်ရန် မှန်ကို အဝတ်စုတ်ဖြင့် ပွတ်သုတ်ပေးသည်။

သူမသည် တဖြည်းဖြည်း မှန်နားကပ်ကာ မရဲတရဲဖြင့် ကြည့်မိ၏။

အို ...

မှန်ထဲမှာတော့ အသက်အားဖြင့် နှစ်ဆယ်ကျော်ဝန်းကျင်ရှိ အရပ်မြင့်မြင့်၊ အသားဝင်းဝင်းဝါဝါနှင့် မျက်လုံး မျက်ခုံးနက်မှောင်တောက်ပသော မိန်းမချောလေးတစ်ယောက်ကို တွေ့လိုက်ရနိုက် ဒါ သူမပါလားဟု အံ့ဩထိတ်လန့်စွာ ကြည့်မိရ၏။

ကြည့်စမ်း ...

မှန်ထဲက ဒီလောက်ချောတဲ့ မိန်းကလေးဟာ သူမဆိုလျှင်





ယခုလို ကိုယ့်နာမည်ပင် ကိုယ်မသိတဲ့ဘဝကို ဘာကြောင့် ရောက်နေပါလိမ့်။

''မှန်ထဲကြည့်လိုက်တော့ ကျုပ်ပြောတာမှန်တယ် မဟုတ်လား၊ မိန်းကလေး သိပ်လှတယ်ဆိုတာ''

ဒေါ်စမ်းက သူမပုံရိပ်ကို မှန်ထဲမှ နောက်မှကြည့်ကာ ဂုဏ်ယူစွာမေးလေ၏။ သူမက ဝမ်းနည်းစွာဖြင့် ဒေါ်စမ်းဘက် ဖြည်းညှင်းစွာကြည့်သည်။

''ဒီမှန်ထဲက မိန်းကလေးဟာ ကျွန်မပဲလား ဒေါ်ဒေါ်''

''အို ...ဟုတ်တာပေါ့ကွယ်''

''ဒါဆို ကျွန်မက သိပ်လှတာပဲနော်''

''ဒါလည်း ဟုတ်တာပေါ့''

သူမက ပင့်သက်ကို အသာရှိုက်ကာ မှန်ထဲ ခပ်ငေးငေး ပြန်ကြည့်၏။

''ဒါဆို ဒီလောက်လှတဲ့ မိန်းကလေးဟာ ဘာကြောင့် သူ့ဘဝ သူမသိရတာလဲ ဒေါ်ဒေါ်''

''ဟင် ...ဒါကတော့''

ရုတ်တရက် ဒေါ်စမ်း မဖြေတတ်။ သူမ မချိသလိုပြုံးလိုက်သည်။

''တကယ်တော့ ကျွန်မဟာ ရုပ်လှသလောက်ဘဝမလှ



www.burmeseclassic.com

www.burmeseclassic.com



တဲ့သူပဲ ဒေါ်ဒေါ်"

နာမည်ကိုမျှ မသိသော သူမဘဝကို နာကြည်းသလို ပြောမိ၏။ ဒေါ်စမ်းက ခေါင်းခါယမ်းကာ ...

"ဒီလို မတွေးပါနဲ့ကွယ်၊ တစ်ချိန်တော့ မိန်းကလေးဟာ ကိုယ့်ဘဝကိုယ် သိလာမှာပါ"

"တစ်ချိန် ဟုတ်လား၊ အဲဒီတစ်ချိန်ဟာ ဘယ်အထိလဲဟင်၊ ကျွန်မ ဘယ်အချိန်ထိ စောင့်ရမှာလဲ"

ဘာကိုမှန်း မသိနာကျင်စွာ သူမမေးမိသည်။ ဒေါ်စမ်းက သက်ပြင်းချ၏။

"ကဲပါလေ၊ ခုအခြေအနေမှာ ဘာကိုမှ မတွေးပါနဲ့၊ လောလောဆယ် မိန်းကလေး ကျန်းမာရေးကောင်းဖို့ အရေးကြီးတာပါ၊ လာ ...မိန်းကလေးအတွက် ဒေါ်စမ်းကိုယ်တိုင် ခေါက်ဆွဲပြုတ်ပူပူလေး လုပ်ထားတယ်၊ သောက်လိုက်ရအောင်"

သူမလက်ကို ကြင်နာနွေးထွေးစွာဖြင့် ဒေါ်စမ်းက ဆွဲခေါ်ယူသည်။ တော်သေးတာပေါ့၊ သူမ ဒီလိုဆိုးလှတဲ့ အခြေအနေရောက်နေချိန်မှာ ဒေါ်စမ်းတို့လို ကြင်နာသနားတတ်တဲ့ လူတွေလက်ထဲ ရောက်နေလို့၊ မဟုတ်ရင် သူမဘဝက မလွယ်။

ကြက်သည်း ကြက်မြစ်နှင့် အသားများကို တောက်တောက်စင်းကာ လတ်ဆတ်သော အသီးအရွက်များဖြင့် ပြုတ်ထား





သော ပူပူနွေးနွေး ခေါက်ဆွဲပြုတ်က သံပရာရည်လေး အနည်းငယ်ညှစ်၍ သောက်လို့ကောင်းလှ၏။

"ကောင်းရဲ့လား မိန်းကလေး"

"ဟုတ်ကဲ့၊ အိုပ်ကောင်းတာပဲရှင်၊ ဒေါ်ဒေါ်ကို ကျေးဇူးတင်ပါတယ်"

"ဒေါ်စမ်းကို ကျေးဇူးတင်ဖို့ မလိုပါဘူးကွယ်၊ တကယ်တမ်း မိန်းကလေး ကျေးဇူးတင်ရမှာက လူလေးခွန်စိုင်းကိုပါ"

သည်တော့မှ ဟိုလူတစ်ယောက် ခုထက်ထိ မပြန်လာသေးပါလားဟု သတိရမိ၏။ အရပ်မြင့်မြင့်၊ မျက်နှာမှုန်ကုပ်ကုပ်ဖြင့် ခွန်စိုင်းဆိုသော ထိုလူနှင့် နောက်တစ်ကြိမ် ဆုံတွေ့ရမှာကိုပဲ သူမစိတ်ထဲ မဝံ့မရဲ။

သူ့မျက်လုံးတွေက သူမကို အလိုမကျသလိုပါပဲ။

"သူ ...ဘယ်သွားတာလဲ ဒေါ်ဒေါ်"

"အမဲပစ်သွားတာတော့ ဟုတ်ဟန်မတူဘူး၊ ကိုအိုက်မောင်းကိုပါ ခေါ်သွားတော့ တစ်နေရာရာကိုပေါ့"

ဟုတ်သားပဲ ...

သူမသတိရတုန်းက ဒေါ်စမ်းတို့နဲ့အတူ တွေ့လိုက်ရတဲ့ လူကြီးလည်းမရှိ၊ ယောကျ်ားသားနှစ်ယောက် မရှိသောအိမ်မှာ သူမတို့ မိန်းမသားနှစ်ယောက် ကျန်ခဲ့တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ယခုမှ သူမရောက်နေသော အိမ်၏ အနေအထားနှင့် ပတ်ဝန်းကျင်ကို ကြည့်မိသည်။

ကြည့်စမ်း ...

အိမ်၏ပတ်ဝန်းကျင်မှာ တောတောင်တွေသာရှိပြီး တခြား အိမ်နီးချင်းဟူ၍ လုံးဝမရှိ၊ ဒါဆို သူမရောက်နေတာ မြို့နှင့် အလှမ်း ဝေးတဲ့ တောတွင်းတစ်နေရာပေါ့။

"ဒေါ်စမ်း"

"ဘာလဲ ကလေးမ"

"ဒီနေရာက"

"ဪ ...လူလေးက မြို့ပေါ်မှာ မနေချင်လို့ ကျုပ်တို့ ကိုခေါ်ပြီး ဒီမှာလာနေတာ"

"ဒါဆို တခြားအိမ်နီးချင်းတွေ မရှိဘူးပေါ့ ဟုတ်လား"

"အင်း ...တစ်ခါတစ်ခါ လူလေးမိတ်ဆွေ မြို့က သူငယ် ချင်းတွေလာပါတယ်၊ အမဲလာပစ်ကြတာလေ"

ဒေါ်စမ်းပြောသမျှ စကားအားလုံး သူမအတွက် အထူး အဆန်းဖြစ်နေ၏။ လူတွေနဲ့ဝေးရာ တောထဲမှာလာနေတဲ့ လူ တစ်ယောက်ဟာ အဘယ်မျှ ယဉ်ကျေးနိုင်ပါမည်နည်း။

"ဒီလို တောထဲလာနေတော့ ဒေါ်စမ်း မပျင်းဘူးလား ဟင်"





"ပျင်းတယ် ပျော်တယ်ဆိုတာ ဒေါ်စမ်းတို့အတွက် မရှိ ပါဘူးကွယ်၊ အဲ ...မှန်တာပြောရင် ဒီလိုတောထဲနေရတာ ဒေါ်စမ်း တို့အတွက် ပိုကြိုက်သေးတယ်၊ နားအေးပါးအေးနဲ့ တောထဲက ဟင်းသီးဟင်းရွက်ကအစ လတ်လတ်ဆတ်ဆတ် စားလို့ရတယ်၊ မြို့မှာတော့ ဆူညံပူညံပါကွယ်"

သူမက အိမ်ပြင်ထွက်ကြည့်မိ၏။ ယခု သူမရောက်နေ သော အိမ်ကြီးကပင် ရှေးဟောင်းရဲတိုက်ကြီးတစ်လုံးနှင့် တူကာ ခြံကြီးမှာ ခန့်မှန်းမတတ်အောင် ကျယ်ဝန်းလှပြီး ကြီးမားသော သစ်ပင်တို့ကြောင့် အုံ့ဆိုင်းကာ စိမ့်အေးနေသည်။ အဝေးမှကြည့် လျှင် ဂေဟာအုပ်စိမ်းစိမ်းလေးတစ်ခုလိုပါပဲ။ နေရာကတော့ တကယ် အေးချမ်းတာအမှန်။

ခြံထဲမှာ နှစ်ရှည်ခံအပင်များနှင့် အတူ သီးပင်စားပင်များ ကိုလည်း တွေ့ရ၏။ တကယ့် တောတွင်းစခန်းလေးတစ်ခုပါပဲ။

"အပြင်ကအေးတယ်၊ ကလေးမ အိမ်ထဲဝင်နေပါ"

အမှန်ပင် လေစိမ်းဒဏ်ကြောင့် သူမ ချမ်းစိမ့်စိမ့်ဖြစ်ကာ အိမ်ထဲပင်လာချိန်မှာ ခပ်ဝေးဝေးမှ ကားသံသဲ့သဲ့ ကြားလိုက်ရလေ ၏။

××××



www.burmeseclassic.com

www.burmeseclassic.com



အဝေးမှ အမေရိကန်ဂျစ်ကား အစိမ်းရောင်တစ်စီးကို တွေ့ရသည်။ သူမ ဆင်ဝင်အောက်မှာ ရပ်ကြည့်နေ၏။ မကြာခင် ကားသည် ခြံထဲဝင်လာကာ ဆင်ဝင်အောက်သို့ ရပ်လာ၏။ ထို့နောက် ကားပေါ်မှ ဂျာကင်စိမ်းဝတ်ထားသော ဦးခွန်စိုင်း ဆင်းလာ၏။ ထို့နောက် ဦးအိုက်မောင်း။

"သြော် ...မင်းတောင် အပြင်ထွက်နေပြီကိုး"

ဆင်ဝင်အောက်ရပ်နေသော သူမကို ခြေဆုံးခေါင်းဆုံး တစ်ချက်အကဲခတ်ကြည့်ပြီး ပြောသည်။ သူမ မျက်လွှာချကာ

"ဟုတ်ကဲ့"

ခေါင်းညိတ်တော့ သူမက သူမကို ဖြတ်ကျော်လျက် အိမ်ထဲ ဝင်လာ၏။ ဦးအိုက်အောင်းက သူမကို ပြုံးပြနှုတ်ဆက်သည်။

"ကလေးမ နေကောင်းပြီလား"

"ဟုတ်ကဲ့၊ ဦးလေးတို့ ဘယ်ကပြန်လာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟိုလူကို မမေးရဲသမျှ ဦးအိုက်မောင်းကို မေးမိသည်။

"မဟူရာကျွေ့က"

"ရှင်"

မဟူရာကျွေ့မှ ပြန်လာတယ်ဆိုတာကြောင့် သူမ အံ့သြသွား၏။ ဒါဆို သူတို့ မဟူရာကျွေ့သွားခဲ့တာကိုး။ ကြည့်ရတာ သူမနှင့်ပတ်သက်၍ သဲလွန်စရှာတာဖြစ်မည်။

"လာ ...ကလေးမ၊ အိမ်ထဲဝင်ရအောင်"

မဟူရာကျွေ့မှာ ဘာရှာတွေ့ခဲ့သလဲဟု သူမ သိချင်ပေမယ့် နှုတ်ကမထွက်၊ ဦးအိုက်မောင်းနှင့်အတူ အိမ်ထဲဝင်လာ၏။ ဟိုလူက ဧည့်ခန်းမှာ ဂျာကင်ချွတ်လျက် ဆေးတံကို ဖွာရှိုက်နေသည်။

ဒေါ်စမ်း ထွက်လာကာ ...

"လူလေးတို့ ခဏနားပြီး ထမင်းစားကြမလား"

"စားတာပေါ့ ဒေါ်စမ်း"

"အေး ...အေး ဒါဆို ဒေါ်စမ်း ဟင်းရည်နွေးလိုက်ဦးမယ်"

ပြောပြီး မီးဖိုဘက်ပြန်ဝင်သွား၏။ သူမက သူနှင့် မျက်နှာချင်းဆိုင်ခုံတွင် အသာဝင်ထိုင်လိုက်သည်။

သူက သူမကို တစ်ချက်ကြည့်၏။

"မင်း နေကောင်းသွားပြီလား"





"ဟုတ်ကဲ့"

"အင်း ...ဒါဆို မင်းအကြောင်း စဉ်းစားပြီးပြီလား"

"ရှင် ...ဟို"

တကယ်တော့ သူမ အကြိမ်ကြိမ်စဉ်းစားပေမယ့် ခေါင်းထဲမှုံလာရုံကလွဲလို့ ဘာတစ်ခုမှ စဉ်းစားမရပါ။ မှန်တာပြောလျှင် သူယုံမည်လား။

"ကျုပ်မေးတာက မင်းနာမည်နဲ့ မင်းအကြောင်း သိပြီလားဆိုတာ"

"ကျွန်မ ...ကျွန်မ ဘာမှစဉ်းစားလို့ မရပါဘူးရှင်"

"အင်း"

သူ ဆေးတံတစ်ချက်ဖွာကာ သက်ပြင်းချ၏။ ထို့နောက် သူမကို ခပ်စူးစူးကြည့်သည်။

"မင်း ဘယ်သူလဲဆိုတာ မင်းစဉ်းစားမရပေမယ့် ကျုပ်ကတော့ သိခဲ့ပြီ"

"ရှင် ...ရှင်က ကျွန်မအကြောင်း သိခဲ့ပြီဟုတ်လား"

သူမ စိတ်ဝင်စားသွားလျက် လှုပ်လှုပ်ရှားရှား မေးမိ၏။ သူ ခေါင်းညိတ်သည်။

"ဟုတ်တယ်၊ မင်းနာမည် မြစိမ်းကြည်"

"ကျွန်မနာမည် မြစိမ်းကြည် ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ မင်းနာမည် မြစိမ်းကြည်၊ မင်းနေတာက ရန်ကုန်"

"ကျွန်မ ရန်ကုန်က ဟုတ်လား၊ ဒါ ...ဒါဆို ဘာကြောင့် ကျွန်မ မဟူရာကျွန်းမှာ သတိလစ်နေရတာလဲဟင်"

"အဲဒါတော့ မင်းကိုယ်တိုင် သတိရမှဖြစ်မယ်"

ထိုအပြောကြောင့် သူမ တစ်ချက်ငိုင်သွား၏။ သို့သော် တစ်စုံတစ်ရာကို သတိရလျက် သူ့ကို ဖျတ်ခနဲ ကြည့်မိသည်။

"ဟို ...ဟို ရှင်က ကျွန်မအကြောင်းတွေ ဘယ်လိုသိလာရတာလဲဟင်"

"ဒါလား ...ဒါက ရှင်းပါတယ်၊ မင်း ကိုယ့်အကြောင်း ကိုယ် စဉ်းစားလို့မရဘူးဆိုတော့ တစ်စုံတစ်ရာ သဲလွန်စများ ရမလား ဆိုပြီး ကျုပ် မဟူရာကျွန်းကို သွားခဲ့တယ်၊ အဲဒီမှာ မင်းရဲ့ ဟောဒီ ကဒ်ပြားကို တွေ့လာရတယ်"

သူလှမ်းပေးသော ကဒ်ပြားကို ယူကြည့်လိုက်၏။

အို ...

ကဒ်ပြားထဲက ဓာတ်ပုံရှင်မိန်းကလေးဟာ သူမကိုယ်တိုင် ပါပဲ။ သို့သော် ထိုဓာတ်ပုံထဲမှာ သူမက ဒိုင်ယာနာဆံပင်တိုကောက် လေးနဲ့။

အမည် .... မြစိမ်းကြည်





မွေးသက္ကရာဇ် ....

နေရပ်လိပ်စာ ....

စသည်တို့ကို တွေ့ရတော့ သူမဘာပကို သိရှိလာ၏။ သို့သော် ထိုကဒ်ပြားသည်ပင် သူမနှင့် စိမ်းနေသယောင်။

"ကဲ ...ခုတော့ မင်းအကြောင်းတွေ မင်း သိပြီမဟုတ်လား မြစိမ်းကြည်"

ပထမဆုံးအကြိမ် သူမနာမည်ကို သူခေါ်၍ မေး၏။ သူမ သက်ပြင်းလေးချကာ သူ့အား မျက်လွှာပင့်ကြည့်သည်။

"ကျွန်မ သိသလောက်ကတော့ ဒီကဒ်ပြားထဲက အကြောင်း လောက်ပါပဲ ဦးခွန်ဆိုင်း"

သူမကလည်း ပထမဆုံးအကြိမ် သူ့အမည်ကို ပြန်ခေါ်ခြင်း။

သူ ဖျတ်ခနဲကြည့်သည်။

"ဒါဆို ဒီထက် မင်းပိုပြီး ဘာမှမသိဘူးပေါ့"

"ဟုတ်ကဲ့"

"အေးလေ ...ဘာပဲဖြစ်ဖြစ် မင်းအကြောင်း မင်းသိပြီ ဆိုတော့ မင်းနေရာ မင်းပြန်လို့ရပြီပဲ"

"ဩော်"

သူမအကြောင်းကို သူသိချင်တာ ဒီအတွက်မျှိုးဟု နာကျင်စွာ တွေးမိ၏။ သူမ ခပ်မဲ့မဲ့လေးပြုံးကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကို ကယ်ခဲ့တဲ့အတွက် ဦးခွန်စိုင်းကို ကျေးဇူးတင်ပါတယ်။ ကျွန်မ နေကောင်းတာနဲ့ ဒီကပြန်ပါ့မယ်"

မာနစကားကို သူမဆိုမိ၏။ သူ့မျက်ဝန်းတွေ တစ်မျိုးပြောင်းကာ သူမကိုကြည့်သည်။

"မင်းပြန်မယ်ဆိုရင် ကျုပ်ကိုယ်တိုင် လိုက်ပို့မှာပါ"

"ဦးခွန်စိုင်း ဒုက္ခများနေပါ့မယ်"

"ရပါတယ်၊ ကျုပ်လည်း ကိစ္စရှိတာနဲ့ မြို့ကို သွားစရာရှိတယ်"

"သြော် …ဒါဆို ကျွန်မကို လမ်းကြုံလိုက်ပို့တာပေါ့နော်"

သူမဘာကြောင့် စကားနာထိုးမိသွားမှန်းမသိ။ သူက တည်ကြည်စူးစိုက်စွာ ကြည့်လာ၏။

"မင်းကို ကျုပ်တွေ့ခဲ့တာလေ၊ ဒီတော့ မင်းရဲ့အုပ်ထိန်းသူလက်ထဲကို ကျုပ်ကိုယ်တိုင် အပ်ခဲ့ရမှာပေါ့၊ ဒါပေမယ့် လောလောဆယ် မင်းဒီမှာ လေးငါးရက် အနားယူပါဦးလေ၊ ဒီရက်ပိုင်းရာသီဥတုကလည်း မကောင်းဘူး"

"ဟုတ်တယ် မိန်းကလေး၊ များသောအားဖြင့် ဒီရာသီဥတုရက်တွေဟာ လေပြင်းမုန်တိုင်းကျတတ်တယ်၊ ကလေးမလည်း ကောင်းကောင်းနေမကောင်းသေးတော့ အေးအေးဆေးဆေး အနား





ယူပါဦး"

ကွမ်းတမြုံ့မြုံ့ဝါးကာ အနေအေးသော ဦးအိုက်မောင်းကပါ ဝင်ပြောတာကြောင့် သူမ ငြိမ်သွား၏။ အမှန်ပြောရလျှင် သူမမှာ အားအင်ပြတ်သလိုဖြစ်ကာ အနားကောင်းကောင်းယူဖို့ လိုသည်။

"ကောင်းပြီလေ၊ ဒီက ဦးခွန်စိုင်းတို့သဘောပါ"

ထိုစဉ် ဒေါ်စမ်း ထွက်လာသည်။

"ထမင်းပွဲအဆင်သင့် ပြီဖြစ်ကွယ့်"

"ကဲ …မင်းလည်း တစ်ခါတည်း ဝင်စားလိုက်ပါ"

"ကျွန်မ ခုနက ခေါက်ဆွဲပြုတ်သောက်ပြီးပါပြီ"

"ထမင်းနည်းနည်း ဝင်စားလိုက်ပါ ကလေးမ"

သူ ထပ်မပြောပေမယ့် ဦးအိုက်မောင်းက ဝင်ခေါ်၏။ ဒေါ်စမ်းကလည်း ပူပူနွေးနွေးလေး စားလိုက်ပါဆိုတာကြောင့် ထမင်းဝိုင်း ဝင်ထိုင်ဖြစ်သည်။ သူက ခြေလက်ဆေးပြီး ရောက်လာသည်။

ဟင်းတွေက တကယ့်ပူပူနွေးနွေး။ ဖြူဖွေးကော့ပျံနေသော ရှမ်းဆန်စေးစေးမှာ ယုန်သားကင်၊ ကြက်သားနှင့် ပူးသီးချက်၊ မုန့်ညှင်းစိမ်းကြော်၊ ပဲပုပ်ထောင်းနှင့် ဟင်းချိုတို့ ဖြစ်သည်။ သူတို့အားလုံး စားကြတာ အားပါးတရ။

သူမက နည်းနည်းသာ စားနိုင်၏။ ဒါတောင် ထမင်းပူပူ၊ ဟင်းပူပူနှင့်မို့ ဒေါ်စမ်းလက်ရာ ဟင်းတွေက ကောင်း၏။



www.burmeseclassic.com

www.burmeseclassic.com



"အစားနည်းလှချည်လား"

"ခေါက်ဆွဲပြုတ်သောက်ထားလို့ပါ ဦးလေး"

သူကတော့ ထမင်းစားနေရာမှ သူမကို ဖျတ်ခနဲကြည့် သည်။

"ကျုပ်တို့တောထဲမှာတော့ ဒီလိုထမင်းဟင်းစားရတာ အကောင်းဆုံးပဲ၊ မြို့ကြီးတွေမှာလို ပေါ်ဆန်းမွှေးနဲ့ ဆီပြန်ဟင်း၊ ဟိုတယ်ဟင်းတွေတော့ မရနိုင်ဘူးပေါ့"

"အို …ဒေါ်စမ်းချက်တဲ့ ဟင်းတွေလည်း ကောင်းတာ ပါပဲ၊ ကျွန်မ ကြိုက်ပါတယ်"

သူမ ဟင်းဂျီးများနေတာ မဟုတ်ဘူးဟု သိအောင်ပြောမိ၏။ သူ ပခုံးတစ်ချက်တွန့်ပြီး ထမင်းဆက်စားသည်။ ဒေါ်စမ်းက

"မိန်းကလေး ဆာတဲ့အချိန် စားပါကွယ်၊ ဟင်းတွေ၊ ထမင်း တွေ အဆင်သင့်ရှိပါတယ်"

"နွားနို့ကော ရှိသေးလား ဒေါ်စမ်း"

သူ ဝင်မေးသည်။

"ရှိတယ် လူလေး၊ ညဘက် လူလေးသောက်ဖို့"

"ဟာ …ကျွန်တော်သောက်ဖို့ မလိုပါဘူး၊ သူ ထမင်း မစားနိုင်တာ သူ့တိုက်လိုက်ပါ"

သူမကို ရည်ညွှန်းကာပြောမှန်း သိလိုက်၏။ သည့်လို ကြတော့ သူ့စေတနာ မဆိုးရှာပါလားဟု တွေးမိရသည်။ ဦးအိုက်





မောင်းနှင့် ဒေါ်စမ်းက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့် ကာ မသိမသာ ပြုံး၏။ သူတို့ ဘာကြောင့်ပြုံးတာပါလိမ့်။

ထမင်းစားပြီး အားလုံး ဧည့်ခန်းထွက်ခဲ့ကြသည်။ ဒေါ်စမ်း က သဘော်သီးမှည့်နှင့် သရက်သီးမှည့်တို့ ပန်းကန်ပြားကြီးဖြင့် ခွဲကာ ယူလာ၏။

"စား …မိန်းကလေး၊ ဒါ ခြံထွက်တွေပဲ၊ ချိုတယ်"

"သူ စားနိုင်ပါ့မလား ဒေါ်စမ်း၊ သူတို့က ပန်းသီးတို့၊ ကိတ်မုန့်တို့မှ စားမှာပေါ့"

သူဝင်ပြောတာကြောင့် ဖျတ်ခနဲ မျက်စောင်းရွယ်မိသည်။

"အို …ကျွန်မက အဲဒါတွေမကြိုက်ပါဘူး၊ ဒီလို သဘာ ဝအသီးအနှံတွေပဲ ကြိုက်တယ်"

ပြောရင်း ပန်းကန်ထဲမှ သရက်သီးမှည့်တစ်ခု ယူစား လိုက်လေ၏။ ချိုချိုချဉ်ချဉ်နှင့် စားကောင်းလိုက်တာမို့ နောက်တစ်ခု။

တစ်ခုစားပြီးမှ သတိရ၍ အနားကိုကြည့်မိတော့ သူမကို စိုက်ကြည့်နေသော သူ၏မျက်လုံးအစုံနှင့် တွေ့လိုက်ရတော့ ရင်ထဲ လှိုက်ခနဲ ဘာကြောင့်ဖြစ်သွားရတာပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



. . .

သူတို့ခန့်မှန်းထားသည့်အတိုင်း ထိုရက်ပိုင်းအတွင်း တကယ်ပင် လေပြင်းမုန်တိုင်းကျရောက်လာ၏။ သစ်ပင်ကြီးတွေ ယိမ်းယိုင်ကာ တဝုန်းဝုန်း တိုက်ခိုက်နေသော လေကြမ်းများကြောင့် ညဘက်ဆို တစ်မျိုးချောက်ချားစရာ။

သည်အိမ်မှာ ကိုယ်ပိုင်မီးစက်ရှိ၍ ညဆယ်နာရီထိ ထွန်း၏။ သူမမှာ ကြမ်းတမ်းသော ရာသီဥတုထဲ အတိတ်မေ့နေသော မြစိမ်းကြည်ဆိုတဲ့ သူမအကြောင်းကို စဉ်းစားပေမယ့် နည်းနည်းလေးမှ သတိမရ။

မြစိမ်းကြည်ဆိုတဲ့ သူမဘာဝဟာလည်း ဒီရာသီဥတုလိုပဲ ကြမ်းတမ်းသလား။ ဟုတ်မှာပဲလေ၊ ဒါကြောင့် မြို့နဲ့ အလှမ်းကွာတဲ့ ဒီလိုတောတွင်းတစ်နေရာက မဟူရာကျွန်းမှာ တစ်ယောက်တည်း သတိလစ်နေတာပေါ့။

ဟင်း ...



www.burmeseclassic.com

www.burmeseclassic.com



သူမအကြောင်းကို တွေးမိတိုင်း ကိုယ့်ဘာသာကိုယ် မကြာခဏ သက်ပြင်းချမိသည်။ ကဒ်ပြားထဲမှ မြစိမ်းကြည်ကိုပဲ သူမ ရင်းနှီး၍မရ။

ဘယ်လိုဖြစ်တာပါလိမ့်။

ကိုယ့်ပုံနှင့်ကိုယ် ပြန်၍ရင်းနှီးမရလောက်အောင် သူမစိတ်တွေ ဘာကြောင့် ဒီလောက်စိမ်းကားနေရတာလဲ။

အိပ်ရာထဲမှာနေလျှင် တောင်တွေးမြောက်တွေးနှင့်မို့ သူမက မီးဖိုထဲဝင်ကာ ဒေါ်စမ်းကို ချက်ပြုတ်ဖို့ ကူညီသည်။

"ကျွန်မ ဘာလုပ်ပေးရမလဲ ဒေါ်စမ်း"

"အို ...ဘာမှမလုပ်ပါနဲ့ကွယ်၊ ကလေးမက နေကောင်းသေးတာမှ မဟုတ်ဘဲ၊ ကိုယ့်ဘာသာ ကောင်းကောင်းအနားယူပါ"

သူမ ခေါင်းခါယမ်းလိုက်သည်။

"ရပါတယ်၊ ကျွန်မ နေကောင်းပါပြီ၊ တစ်ယောက်တည်းနေရင် ဟိုတွေး ဒီတွေးနဲ့မို့ အလုပ်လုပ်နေတာ ပိုကောင်းမယ်"

ပြောရင်း သူမက ဟင်းချက်ပြုတ်ဖို့ ကူညီ၏။ ဒေါ်စမ်းလက်ရာများက အရည်တွေနဲ့သာဖြစ်တာမို့ သူမက ထိုနေ့အတွက် ဆိတ်သားခြောက်ဖုတ်၊ ကြိုသားဆီပြန်ချက်၊ ငါးငပိချက်၊ မုန့်ညင်းစိမ်းကြော်၊ သီးစွက်စုံဟင်းချိုနှင့် တို့စရာအစုံအလင် လုပ်ပေးလိုက်သည်။





သူနှင့် ဦးအိုက်မောင်းတို့က ညဘက် လေပြင်းတိုက်၍ ကျိုးကျနေသော သစ်ကိုင်းများကို ဖယ်ရှားရှင်းလင်းကြ၏။ မနက်ဆယ့်တစ်နာရီမှ အိမ်ပေါ်တက်လာနိုင်၏။

"ဟင်းတွေကတော့ အသင့်ဖြစ်ပြီ၊ ရေချိုးလိုက်ကြ၊ ထမင်းပွဲအသင့်ပြင်ထားမယ်"

ဒေါ်စမ်းအပြောကို သူတို့ ခေါင်းညိတ်သည်။ သူတို့ ရေချိုးနေချိန် ဒေါ်စမ်းနှင့် သူမက ထမင်းပွဲပြင်၏။

"ဟာ ...ဟင်းနံ့က မွှေးနေတာပါလားဟ၊ ကြည့်ရတာ မင်းလက်ရာမဟုတ်ဘူးထင်တယ်"

ရေချိုးပြီး အဝတ်အစားလဲကာ ထမင်းစားခန်းထဲဝင်လာသော ဦးအိုက်မောင်းက ပြုံး၍ပြော၏။ ဦးအိုက်မောင်းနောက်မှာ မျက်နှာထားတည်တည်နဲ့သူ။

"ရှင် ခန့်မှန်းတာမလွဲဘူး၊ ဒီနေ့ မိန်းကလေးချက်တာရှင့်"

"ဟင်းတွေလက်ရာ မြင်လိုက်တာနဲ့ သိသာပါတယ်ဗျာ၊ မဟုတ်ဘူးလား လူလေး"

သူ့ဘက်ကြည့်ကာ ဦးအိုက်မောင်း ပြောသည်။ သူ ခေါင်းညိတ်ပြီး သူမကို ဖျတ်ခနဲ ကြည့်၏။

"ဘာလို့ ဒါတွေဝင်ချက်နေတာလဲ၊ မင်း ပင်ပန်းမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အို …မပင်ပန်းပါဘူး၊ ကျွန်မတစ်ယောက်တည်း မနေချင်တာနဲ့ ဒေါ်စမ်းကို ဝင်ပြီး ကူပြီးလုပ်ပေးတာပါ"

"ဟုတ်တယ် လူလေး၊ ကလေးမကို ဒေါ်စမ်းလည်း တားပါတယ်"

"ကျွန်တော်က သူ နေကောင်းအောင် ပြောတာပါ၊ ဒါတွေ လုပ်နေမယ့်အစား မြစိမ်းကြည်ဆိုတဲ့ ကိုယ့်ဘဝကိုယ်သိအောင် လုပ်သင့်တယ်"

သူ့စကားကြောင့် သူမမျက်နှာလေး ဖျတ်ခနဲညှိုးသွား၏။ ဘယ်လောက်ပဲ စဉ်းစားပါစေ သူမအကြောင်းမှာ ဘာမှပေါ်မလာဘဲ ခေါင်းမူးရုံသာ ရှိသည်။

"ကျွန်မ အမျိုးမျိုး စဉ်းစားကြည့်ပြီးပါပြီ၊ ဒါပေမယ့် မြစိမ်းကြည်ဆိုတဲ့ နာမည်ကလွဲပြီး ဘာမှမထူးခြားပါဘူး ဦးခွန်စိုင်း"

"အင်း …ဒါဆိုလည်း မင်းဘဝမှန်ကို ဟိုရောက်ရင် သိမှာပါပဲ၊ ကဲ …ထမင်းစားလိုက်ကြရအောင်"

သူတို့အားလုံး ထမင်းဝိုင်းတွင် ဝင်ထိုင်လိုက်ကြ၏။ အလုပ်ပင်ပန်းထား၍ သူတို့ ထမင်းကောင်းကောင်း စားကြသည်။

"မိန်းကလေးချက်တဲ့ လက်ရာကတော့ဟော့ မစမ်းချက်တာနဲ့ တစ်ခြားစီ၊ တယ်ကောင်းတာပဲ၊ မဟုတ်ဘူးလား လူလေး"

သူက 'အင်း'ဟု ခေါင်းညိတ်၏။ သူမလက်ရာ စား





ကောင်းတယ်ဆို၍ ကျေနပ်မိရသည်။

"ဒီလိုဆီပြန်ဟင်းနဲ့ ငါးပိချက်မျိုး မစားရတာ ကြာပြီ၊ မိန်းကလေးက အချက်အပြုတ်လည်း တော်တာပဲ"

ဒေါ်စမ်းကိုယ်တိုင်က ငါးငါးပိချက်နှင့် တို့စရာများအား ပါးတရစားရင်း ပြောသည်။ တကယ်ပဲ ထိုနေ့က သူတို့အားလုံး ထမင်းစားကောင်းကြ၏။

"ကျွန်တော် မနက်ဖြန် ခြံထဲသွားမယ် ဦးလေးအိုက်"

"ဦးအိုက် လိုက်ခဲ့ရမလား လူလေး"

သူက သူမကို ဖျတ်ခနဲကြည့်၏။

"ကျွန်တော် ဟိုမှာ ညအိပ်ရင်အိပ်မယ် ဦးအိုက်၊ ဒီမှာ မိန်းမသားနှစ်ယောက်တည်း ကျန်ခဲ့မှာ၊ ဦးအိုက်နေခဲ့ပါ"

"အင်း …အင်း ဒါဆို နေခဲ့ရတာပေါ့"

သူ ခြံထဲသွားမည်ဆိုတာကြောင့် သူမရင်ထဲ အားငယ်သလိုလို။ အို …တကယ်တော့ သူနဲ့သူမက ဘာဆိုင်လဲ။ ထိုအတွေးဖြင့် အားငယ်စိတ်ကို ချက်ချင်းဖျောက်ပစ်ရ၏။

"လူလေးအတွက် မနက်စောစောထပြီး ထမင်းချက်ပြီး ထည့်ပေးလိုက်မယ်"

"ကျွန်မ ချက်ပေးပါ့မယ်"

အသက်အရွယ်ကြီးပြီဖြစ်သော ဒေါ်စမ်းကို မနက်စောစော



www.burmeseclassic.com

မထစေချင်၍ သူမပြောလိုက်သည်။

"မှင်း ပင်ပန်းပါ့မယ်"

"ရပါတယ်၊ မနက်ဆို ကျွန်မ စောစောအိပ်ရာကနိုးပါတယ်"

တကယ်တော့ သူ့အတွက် စေတနာဖြင့် ထချက်ပေးလိုခြင်း။ ဒါကို သူက သိမှာမဟုတ်။ မှန်တာပြောရလျှင် သူက သူမရဲ့ ကျေးဇူးရှင် မဟုတ်လား။

"ဒီတိုင်းဆို မြို့ပေါ်သွားဖို့ ရက်တော်တော်စောင့်ရလိမ့်မယ်။ တောထဲမှာ သစ်ပင်၊ သစ်ကိုင်းတွေ ကျိုးကျနေနိုင်တော့ လမ်းခရီး သိပ်ခက်ခဲကြမ်းတမ်းမှာပဲ"

"ဟုတ်ကဲ့၊ အဘတို့အဆင်ပြေတဲ့နေ့မှ ကျွန်မကို ပို့ပေးပါ၊ တကယ်တော့ ကျွန်မဟာ သေလူတစ်ယောက်ပါ၊ အဘတို့ ကယ်ထားလို့ အသက်ရှင်နေရတဲ့ဘဝပါရှင်"

ဒါဟာ အမှန်ဆုံးစကား သူမပြောလိုက်ခြင်းဖြစ်၏။ သူသာ မကယ်ဆယ်ခဲ့လျှင် ယခုချိန်မှာ မြစိမ်းကြည်ဆိုတဲ့ သူမ လူ့လောကမှ ကွယ်ပျောက်နေလောက်ပြီ။

"ဒီလိုလည်း မအောက်မေ့ပါနဲ့၊ မင်းအသက်ကို ကျုပ်အနေနဲ့ ကယ်တင်ခွင့်ရလို့ ကယ်လိုက်တာပါ၊ မှန်တာပြောရရင် မင်း ကျုပ်ဆီရောက်လာတာ စားဝတ်နေရေး ခက်ခဲကြမ်းတမ်းမှာပဲ၊ အဲဒီ





အတွက် ကျုပ် စိတ်မကောင်းပါဘူး"

"အို …ကျွန်မဖြင့် ဒီလိုတစ်ခါမှ မအောက်မေ့ပါဘူး၊ ခုလို အသက်ရှင်ခွင့်ရနေတဲ့ဘဝကိုပဲ ဦးခွန်စိုင်းကို ကျွန်မ ကျေးဇူးတင်နေရတာပါရှင်"

ကျေးဇူးတင်သော မျက်ဝန်းများဖြင့် သူ့ကိုကြည့်ကာ သူမ လေးနက်လှိုက်လှဲစွာ ပြောမိ၏။ တကယ်တော့ သူဟာ အပေါ်ယံသွင်ပြင် ခက်ထန်မာကျောသယောင်ရှိပေမယ့် အတွင်းစိတ်နှလုံး သားဖြူစင်တဲ့လူတစ်ယောက် မဟုတ်လား။

ညဘက်ကြတော့ ရေနွေးကြမ်း၊ ဆတ်သားခြောက်ဖုတ် နှင့် မီးလင်းဖိုဘေးမှာ ဝိုင်းစုကြသည်။ လေပြင်းမုန်တိုင်းက တစ်ဝုန်းဝုန်းမို့ သူတို့စကားသံများ တိုးတိတ်ရ၏။

"ဒီလောက်ရာသီဥတု ဆိုးနေတာ၊ မနက်ဖြန် ခြံထဲသွားလို့ ဖြစ်ပါ့မလား လူလေး"

"ဖြစ်အောင်သွားရမှာပဲ ဦးအိုက်၊ ခြံထဲမှာ အပျက်အစီးတွေ ဖြစ်နေမှာသေချာတယ်၊ ကျွန်တော်သွားကြည့်မှ ဖြစ်မယ်"

"အေးလေ …ဒါဆို လမ်းမှာ သတိထားသွားပေါ့ ကွယ်"

သူမကတော့ ဆိုးရွားတဲ့ ရာသီဥတုကြောင့် မသွားပါနဲ့လားဟု တားလိုက်ချင်ပေမယ့် မဆိုင်သူမို့ တိတ်ဆိတ်ငြိမ်သက်နေလိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆယ်နာရီထိုးတော့ လူစုခွဲကာ အိပ်ရာဝင်ကြသည်။ သူမ ချက်ချင်း အိပ်မပျော်။ မြစိမ်းကြည်ဆိုသော သူမဘဝအကြောင်းက ဘယ်လိုပါလိမ့်ဟု တွေးကာ ရင်မောမိရ၏။

အတွေးဖြင့် မှေးခနဲ အိပ်ပျော်သွားသော သူမက အိပ်ရာနိုးတော့ မနက်ငါးနာရီ။

အို …သူ့အတွက် ထမင်းချက်ပေးရဦးမှာပဲ၊ ထိုအသိ ဖြင့် သူမ အိပ်ရာမှထကာ ကိုယ်လက်သန့်စင်ပြီး မီးဖိုထဲဝင်ခဲ့၏။

"ဟင်…ဒေါ်စမ်း ဘယ်တုန်းက နိုးနေတာလဲ"

"မကြာသေးပါဘူး၊ လူလေး ခြံထဲသွားမယ်ဆိုတော့ အစားအသောက် ထည့်ပေးရမယ်လေ"

"ကျွန်မ လုပ်လိုက်ပါ့မယ် ဒေါ်စမ်း ပြန်အိပ်ပါ"

"ရပါတယ်ကွယ်၊ နှစ်ယောက်ဝိုင်းလုပ်တော့ မြန်မြန်ပြီးတာပေါ့"

သူ့ကို ထမင်းထည့်ပေးရန် ချက်ပြုတ်ကြသည်။ ခဏနေတော့ သူဝင်လာ၏။

"ထမင်းကြော်တော့ အသင့်ပဲလူလေး၊ ဆိတ်သားခြောက်ဖုတ်လည်း ရှိတယ်"

"ရပါတယ်၊ ရှိတာနဲ့ ကျွန်တော် စားသွားမယ်"





သူ့အတွက် ထမင်းကြော်ကို သူမက ဟင်းသီးဟင်းရွက် အနည်းငယ်ထည့်ကာ ကြက်သွန်ဖြူဆီသတ်၍ အသားနည်းနည်း စင်းထည့်ကာ ကြော်ပေးလိုက်၏။

ပဲပုတ်ထောင်း၊ ဆိတ်သားခြောက်ဖုတ်နှင့် ရေနွေးကြမ်းတို့ဖြင့် သူက မြိန်ယှက်စွာ စား၏။

"မင်းကော တစ်ခါတည်း မစားဘူးလား"

"ဟင့်အင်း …ကျွန်မ မနက်အစောကြီး မစားတတ်ဘူး"

"အင်း …မင်းတို့ မြို့သူတွေက မနက်ဆို လက်ဖက်ရည်နဲ့ ကိတ်မုန့်လောက်ပဲ စားချင်ကြမှာပေါ့၊ ကျုပ်တို့ တောက လူတွေအဖို့ အကြမ်းဒဏ်ခံနိုင်အောင် မနက်စောစော ထမင်းစားတဲ့အကျင့် လုပ်ထားရတယ်၊ ဒါနဲ့ ဒီထမင်းကြော်က မင်းလက်ရာပေါ့"

"ဟုတ်ကဲ့၊ ဘာဖြစ်လို့လဲဟင်"

စားမကောင်းလို့လားဟူ၍ သူမ စိုးရိမ်စွာ မေးမိ၏။

"သိပ်ကောင်းလို့ ကျုပ်ပါးစပ် အကျင့်ပျက်မှာ စိုးရတယ်၊ မင်းက ဒီမှာ အမြဲတမ်း ရှိမနေနိုင်ဘူးလေ"

"အင်"

သူ့စကားက စိတ်ဆိုးရအခက်၊ ကျေနပ်ရအခက်နှင့် သူမ ဘာပြောရမှန်းမသိ။ ဦးအိုက်လည်း ဝင်လာကာ ထမင်းစားမိ၏။

"ထမင်းထုပ် အသင့်ဖြစ်ပြီ လူလေး"



www.burmeseclassic.com

"ဒါဆို ကျွန်တော် သွားတော့မယ်"

သူ့အတွက် ထမင်းပူပူကို အင်ဖက်ရွက်နှစ်ထပ်ခံကာ ပဲပုပ်ထောင်း၊ ယုန်သားပြုတ်ကြော်၊ မုန့်ညှင်းချဉ်တို့ဖြင့် နှစ်ထုပ်ထုပ်ပေးသည်။

"နေ့လယ်စာအတွက် တစ်ထုပ်၊ ညစာအတွက် တစ်ထုပ်"

ဒေါ်စမ်းပြောမှ ထမင်းနှစ်ထုပ် ဘာကြောင့် ထုပ်ရတယ်ဆိုတာ သူမနားလည်၏။

သူ့ကို ဆင်ဝင်အောက်လိုက်ပို့တော့ ...

"ဟင်း"

မြင့်မားထွားကျိုင်းသော အညိုရောင်မြင်းကြီးကို တွေ့လိုက်ရတော့ သူမ အံ့သြသွား၏။

"ဟို ...ဦးခွန်စိုင်းက ဘာနဲ့သွားမှာလဲ"

"ဒီမြင်းနဲ့လေ"

"အို ...ကျွန်မက ကားနဲ့သွားမှာ မှတ်နေတာ"

"အဟွန်း ...တောထဲလိုနေရာ ကားနဲ့သွားလို့ ဘယ်ဖြစ်မှာလဲဗျာ၊ ဒီမြင်းကမှ ကြမ်းတမ်းတဲ့ ခရီးကို ကျော်လွှားပြီး လိုရာပို့နိုင်မှာ၊ ကဲ ...သွားမယ်"

သူပြောရင်း မြင်းပေါ် လွှားခနဲတက်၏။





"ဟို ...ဦးခွန်စိုင်း"

သူမခေါ်သံကြောင့် သူ မြင်းပေါ်မှ ဖျတ်ခနဲကြည့်သည်။

"ဘာပြောစရာရှိလို့လဲ မြစိမ်းကြည်"

"တခြားမဟုတ်ပါဘူး၊ လမ်းခရီးမှာ ဦးခွန်စိုင်း သတိထားသွားပါလို့"

ထိုစကားကြောင့် သူ ဖျတ်ခနဲ သူမကို ခပ်စူးစူးကြည့်သည်။ ထို့နောက် ခေါင်းဆတ်ခနဲညိတ်ပြီး မြင်းကို ဒုန်းစိုင်းကာ လျှင်မြန်သောအဟုန်ဖြင့် ထွက်သွားလေတော့၏။ သူမ ရပ်ကျန်ကြည့်မိတာ သူ အဝေးရောက်တဲ့အထိ။



www.burmeseclassic.com

www.burmeseclassic.com



''ဒေါ်စမ်း''

''ဟင် ...ဘာလဲ မိန်းကလေး''

ဦးအိုက်က ခြံထဲရှင်းလင်းနေချိန်မှာ ဒေါ်စမ်းနှင့် သူမက ချက်ပြုတ်ပြီး အိမ်ကြီးကို အပေါ်ထပ်၊ အောက်ထပ် ရှင်းလင်းနေကြ၏။ တစ်အိမ်လုံး ခိုင်ခန့်သော ကျွန်းများသာ သုံးထားတာမို့ ရှင်းလင်းတိုက်လိုက်သောအခါ ပြောင်လက်လာသည်။ ထိုအလုပ်ကို သူမလုပ်၏။

ခဏနားချိန်မှာ သူမရင်ထဲ သိချင်တာ ဒေါ်စမ်းကို မေးမိသည်။ မိန်းမသားဆိုတော့လည်း စပ်စုချင်ကြတာ ထုံးစံမဟုတ်လား။

''ဦးခွန်စိုင်းက ဒီတောထဲကို ဘာကြောင့်လာနေရတာလဲ ဟင်''

ထိုအမေးကြောင့် ဒေါ်စမ်းမျက်နှာ မသိမသာညှိုးသွား၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သက်ပြင်းချကာ သူမကို ကြည့်သည်။

"လူလေးက စိတ်ကောင်းရှိတယ် မိန်းကလေး၊ အဲဒီလို သဘောကောင်း၊ စိတ်ထားကောင်းတော့ လူတွေက အခွင့်အရေး ယူကြတယ်လေ၊ အထူးသဖြင့် မိန်းကလေးတွေပေါ့"

"ရှင်"

"ဟုတ်တယ်၊ လူလေးဟာ မိန်းမတွေကို စိတ်နာပြီး ဒီမှာလာနေတော့တာပဲ မိန်းကလေး"

"ဒါ ...ဒါဆို သူ ...ကျွန်မကို"

ဒေါ်စမ်းက သူမ ဘာပြောချင်တယ်ဆိုတာ သဘောပေါက် ဟန်ဖြင့် ခေါင်းညိတ်၏။

"ဟုတ်တယ် ...မိန်းကလေးကို လူလေးကယ်လာတုန်း က ဒေါ်စမ်းတို့ဖြင့် သိပ်ကို အံ့သြသွားတာပဲ"

"ဟင်"

မိန်းမဆို မုန်းတယ်ဆိုတဲ့လူက သူမကို ကယ်လာခြင်းက တကယ့်ကို စွန့်စားခန်းတစ်ရပ်ပဲ။ သူမရင်ထဲ သူ့ကို ပို၍ကျေးဇူး တင်သွားရ၏။

"ဒါပေမယ့် ဒေါ်စမ်း စောစောကပြောသလိုပေါ့၊ လူလေး ဟာ စိတ်သဘောထားကောင်းပြီး လူတွေကို စာနာတတ်တယ်လေ၊ ဒီတော့ မိန်းကလေးကို ပစ်မထားရက်ဘဲ ခေါ်လာတာပေါ့ကွယ်"





"ဦးခွန်စိုင်းကို ကျွန်မ ပိုပြီးကျေးဇူးတင်သွားပါပြီ ဒေါ်စမ်း ရယ်၊ ဖြစ်နိုင်ရင် ကျွန်မကို သူ့အကြောင်း ပြောပြပါလား"

"အင်း ...ပြောပြရရင်တော့ လူလေးအဖြစ်က ရင်နာ စရာကောင်းပါတယ် မိန်းကလေးရယ်"

လူလေး ဆယ်တန်းအောင်တော့ မန္တလေးတက္ကသိုလ် တက်ခဲ့တယ်၊ အဲဒီမှာ သူ့ထက်အသက်ကြီးတဲ့ နန်းဥမ္မာဆိုတာနဲ့ တွေ့ခဲ့တယ်"

ဒေါ်စမ်းက ထိုအကြောင်းများကို ဖြည်းဖြည်းချင်း ပြော ပြ၏။ နားထောင်နေရသော သူမမှာ ကြားထဲက ရင်မောနေမိသည်။

"တက္ကသိုလ်တက်နေစဉ် တစ်လျှောက်လုံး သူတို့တွဲခဲ့ ကြတာပေါ့၊ အဲဒီတုန်းက လူလေးမှာ မိဘနှစ်ပါးစလုံး မရှိကြ တော့ဘူးလေ၊ ပြင်ဦးလွင်အိမ်မှာပဲ ဒေါ်စမ်းနဲ့ ဦးအိုက်ပဲ ကျန်ခဲ့တာ ပါလား၊ နန်းဥမ္မာက ရုပ်ချောသလောက် သိပ်လည်တယ်၊ လူလေး ကို အမျိုးမျိုးဖြားယောင်းပြီး လူလေးဆီက အမျိုးမျိုးချူစားခဲ့တယ်"

"အို"

"ဟုတ်တယ် မိန်းကလေး၊ လူလေးက အစကတည်းက သဘောကောင်းသူဆိုတော့ ကိုယ်ချစ်တဲ့လူလည်းဖြစ်တဲ့ နန်းဥမ္မာ ကို တတ်နိုင်သမျှ အလိုလိုက်ရှာပါတယ်၊ ဒီလိုနဲ့ နောက်ဆုံးနှစ် စာမေးပွဲဖြေပြီးတော့ လူလေးက နန်းဥမ္မာကို လက်ထပ်ဖို့ပြောတယ်၊



www.burmeseclassic.com

www.burmeseclassic.com



နန်းဉမ္မာက လက်ခံပြီး ပြင်ဦးလွင်ကို လိုက်ခဲ့တယ်၊ အဲဒီမှာ လူလေးက တော်တော်ပျော်ခဲ့တာပေါ့ကွယ်''

ချစ်သူနှင့် လက်ထပ်ရတော့မည့် ယောက်ျားတစ်ယောက် အနေဖြင့် ထိုအချိန်က သူဘယ်လောက်ပျော်မလဲဟု တွေးမိ၏။

''ဒါပေမယ့်ကွယ်၊ လူလေးရဲ့ အပျော်ဟာ ကြာကြာမခံပါဘူး၊ လက်ထပ်ဖို့ပြင်ဆင်ပြီးကာမှ မမျှော်လင့်ဘဲ နန်းဉမ္မာရဲ့ ယောက်ျားကြီး လိုက်လာတယ်''

''အို''

''အဲဒီမှာ လူလေးဟာ အတော်ကို အံ့သြတုန်လှုပ်သွားတယ်၊ နန်းဉမ္မာကို မေးတော့ ဝန်ခံတယ်''

''ဟင်…ဒါ …ဒါဆို သူအတော်ခံစားရမှာပေါ့နော် ဒေါ်စမ်း''

''ဒါပေါ့ကွယ် …ဟိုလူက လူလေးကို မယားခိုးမှုနဲ့ တရားစွဲမယ်လုပ်လို့ မနည်းတောင်းပန်ပြီး လျော်ကြေးတောင်းသလောက် ပေးလိုက်ရတယ်''

''အို …ရှင်''

ကြားရသော သူမမှာ သူ့အတွက် အတော်စိတ်မကောင်းဖြစ်သွားမိသည်။ ရိုးသားသော လူတစ်ယောက်အတွက် ဒီအဖြစ်ဟာ ဘယ်လောက်နာကျင်စရာ ကောင်းလိုက်မလဲ။





''ပိုဆိုးတာက နန်းဉမ္မာဟာ သူ့ယောက်ျားဘက်က ရပ်တည်ပြီး လူလေးကို ငွေတောင်းတာပဲ၊ အဲဒီမှာ လူလေး လူတွေအပေါ် မယုံသလို မိန်းမတွေကိုလည်း အတော်စိတ်နာသွားတာပဲ မိန်းကလေး''

''ဒါ …ဒါဆို သူ …သူ ကျွန်မကိုလည်း မုန်းနေမှာပေါ့နော် ဒေါ်စမ်း''

မိန်းမတစ်ယောက်အတွက်နဲ့ ဘဝပျက်မတတ်ဖြစ်ခဲ့ရသော ဦးခွန်စိုင်းအတွက် စိတ်မကောင်းဖြစ်မိသလို သူ့အရိပ်မှာ နေမိသော သူမအဖို့ စိတ်မလုံတော့ပါ။

''အင်း …မိန်းမတွေကို စိတ်နာတာမှန်ပေမယ့် မိန်းကလေးကိုတော့ သူမုန်းမှာမဟုတ်ပါဘူး၊ ဒါကြောင့်သာ မိန်းကလေးကို သူသယ်လာတာပေါ့''

ဒေါ်စမ်းပြောသလို ဖြစ်ပါစေဟုသာ သူမ ကြိတ်ဆုတောင်းမိ၏။

''အဲဒီနောက်ပိုင်း လူလေးက အားလုံးနဲ့ အဆက်အသွယ်ဖြတ်ပြီး ဒီမှာလာနေတာပဲ မိန်းကလေး၊ မိန်းမငြေ့သည်ဆိုလို့ ဒီအိမ်ကို မိန်းကလေး ပထမဆုံး ရောက်ဖူးတာပဲ''

''ကျွန်မ မြန်မြန်ပြန်မှဖြစ်မယ်ထင်တယ် ဒေါ်စမ်းရယ်၊ သူ …သူ ကျွန်မကို မြင်ချင်မှာမဟုတ်ဘူး''



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘက်က စာနာ၍ ပြောမိသည်။ ဒေါ်စမ်းက ခေါင်းခါယမ်း၏။

"ဒီလိုတော့ ဟုတ်ဟန်မတူဘူး၊ မိန်းကလေးကို မမြင်ချင်ရင် သူ အစကတည်းက ဘယ်ခေါ်လာပါ့မလဲ"

"အို …ဒါက မတတ်သာလို့"

"မင်း …ဘယ်လိုကြောင့်ပဲဖြစ်ဖြစ် သူ မိန်းကလေးကို လက်ခံခဲ့တာပဲ၊ ခုလည်း မိန်းကလေးကို သူကိုယ်တိုင် လိုက်ပို့ပေးမှာပါ"

"ဒါ သူ့တာဝန်ဖြစ်မှာစိုးလို့ ကျွန်မကို လိုက်ပို့မှာပါ ဒေါ်စမ်းရယ်"

"ဒေါ်စမ်း သိတာကတော့ လူလေးဟာ စိတ်မပါရင် ဘာအလုပ်ကိုမှ မလုပ်တတ်ပါဘူး မိန်းကလေး၊ အဲဒီအတွက် စိတ်ရှင်းရှင်းထားပါ"

"အင်း …ဟုတ်ကဲ့ပါ ဒေါ်စမ်း"

သူ့အကြောင်းတွေ သိလိုက်ရတာမို့ စာနာသနားမိပါ၏။ ဒါကြောင့် သူမအပေါ် သူ၏ဆက်ဆံရေးက တင်းမာသယောင်။

"အမယ် တူအရီး ဘာတွေများ စကားကောင်းနေတာလဲ၊ ထမင်းစားကြရအောင်လား"

ဦးအိုက်က ခြံထဲမှ တက်လာရင်းပြောသည်။





"ရှင့်မလဲ အမြဲတမ်း ထမင်းဆာနေတာပါလား ကိုအိုက်"

"ဟော့ …ငါတို့က အလုပ်လုပ်စရာရှိတာ လုပ်တယ်၊ စားစရာရှိတာ စားတယ်၊ ဒါမှ အလုပ်လုပ်နိုင်မှာကွ"

ဒေါ်စမ်းနှင့် ဦးအိုက် ပြောသမျှ သူမပြုံး၍ နားထောင်နေမိ၏။

သူမ ကြားမှဝင်ကာ

"ဟုတ်သားပဲ ဒေါ်စမ်းရယ်၊ ဦးအိုက်က အလုပ်ကြမ်းလုပ်ရတာပဲ၊ ဦးလေးအိုက် ရေချိုးလိုက်လေ၊ ကျွန်မ ထမင်းပွဲပြင်ထားမယ်"

"အေး …အေး ငါ့တူမက လိမ္မာတယ်"

ဒေါ်စမ်းက မျက်စောင်းထိုးတော့ ဦးအိုက်က ကွမ်းချေးတက်နေသော သွားကြီးဖြဲကာ ရေချိုးခန်းဘက် ထွက်သွားလေ၏။

အားလုံး ရေချိုးပြီးတော့ ထမင်းစားကြသည်။ ဟင်းတွေကောင်းပေမယ့် သူမစားလို့မဝင်။ လွတ်လပ်နေသော ထိုင်ခုံတစ်နေရာကိုကြည့်ကာ မသိမသာ သက်ပြင်းရှိုက်မိ၏။ သူ ယခုအချိန် ဘာလုပ်နေလဲ။

"ထမင်းစား မကောင်းဘူးလား ကလေး"

ဒေါ်စမ်းက ထမင်းစားနည်းသော သူမကို သတိပြုမိ[illegible] မေးသည်။ သူမပြုံး၍ ခေါင်းခါယမ်းလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"စားကောင်းပါတယ် ဒေါ်စမ်း"

"ဒါပေမယ့် …ကလေး ဒီနေ့ အစားနည်းသလိုပဲ"

"ဟုတ်တယ်၊ မနက်က ထမင်းကြော်စားလိုက်လို့ နည်းနည်း ရင်ခံသွားတာထင်တယ်"

မုသားအနည်းငယ်စွက်ကာ သူမ ပြောမိ၏။ ဒေါ်စမ်းက ခေါင်းတညိတ်ညိတ်ဖြင့် …

"အင်း …ဟုတ်မှာပဲ၊ ဒါကြောင့် လူလေးကပြောတာ၊ ကလေးတို့ မြို့ကလူတွေ မနက်ဆို လက်ဖက်ရည်တို့၊ ကိတ်မုန့်တို့ပဲ စားကြတယ်ဆိုတာ"

"အို …လူတိုင်းလည်း မဟုတ်ပါဘူး ဒေါ်စမ်းရယ်၊ ပြီးတော့ ကျွန်မက ထမင်းကြော် ကြိုက်ပါတယ်"

"အေးကွယ် …ဒေါ်စမ်းတို့တော့ မနက်ဆို ထမင်းစားလိုက်ရမှ တင်းတိမ်တယ်၊ သွားရေစာမုန့်လည်း မရှိဘူး မဟုတ်လား"

တစ်နေကုန် အလုပ်နှင့်လက်မပြတ်သော ဒေါ်စမ်းလို အမျိုးသမီးကြီးအတွက် ထမင်းစားနိုင်တာ မဆန်းပေ။ ချက်ပြုတ်လျှော်ဖွပ်နှင့် မအားလပ်ပေ။ ထို့ကြောင့် သူမရှိနေခိုက် ဒေါ်စမ်းကို တတ်နိုင်သမျှ ကူလုပ်ပေးမိ၏။

"ဒေါ်စမ်းတို့ ဦးလေးအိုက်တို့ ထမင်းစားနိုင်လို့ ကျန်းမာ





တာဖြစ်မယ်၊ မြို့မှာဆို ဒီအရွယ်တွေ ဒီလောက်မကျန်းမာနိုင်ဘူး"

အသက်နှင့်မလိုက်အောင် သန်မာကျန်းမာသော သွက်လက်ဆဲဖြစ်သော ဒေါ်စမ်းတို့လင်မယားကို သူမ ချီးကျူးမိ၏။

"အဲဒါတော့ ဟုတ်မယ် မိန်းကလေးရေ၊ တောမှာက လေကောင်းလေသန့်လည်းရတယ်၊ အစားအသောက်ကလည်း လတ်လတ်ဆတ်ဆတ်ဆိုတော့ ကျန်းမာရေးနဲ့ ညီညွတ်တာပေါ့ ကွယ်"

"ဟုတ်တယ်၊ ဟုတ်တယ် မြို့မှာဆို ကားသံလူသံတွေက ရှုပ်ထွေး၊ ဓာတ်ဆီနံ့ငွေ့တွေနဲ့ အသားငါးကလည်း ရေခဲရိုက်စားရတာ၊ ဒီတော့ လူတွေ ဘယ်မှာ အာဟာရပြည့်နိုင်မလဲ ဒေါ်စမ်း ရယ်"

သည်မှာနေတာ မကြာသေးပေမယ့် သူမက တော၏ အေးဆေးတိတ်ဆိတ်မှုကို ~~သဘောတွေနေ~~၏။ သူမဘဝဟာ ဘာလဲ ဆိုတာထက် လက်ရှိဘဝက ဒီမိသားစုလေးကို အလိုလို သံယောဇဉ်ငြိကာ ခင်တွယ်နေပြီ။ ဒါဟာ အနေနီးစပ်လို့များလား။

××××



www.burmeseclassic.com

www.burmeseclassic.com



ညဘက်လေပြင်းတိုက်တော့ သူ့အတွက် စိတ်ပူမိ၏။ တောထဲတောင်ထဲမှာ သူတစ်ယောက်တည်း အန္တရာယ်နဲ့ တွေ့လေမလား။

"ဒေါ်စမ်း"

"ဝေ့"

"ဟို ...သူ ..သူသွားတဲ့ခြံက အဝေးကြီး တောနက်ထဲမှာလားဟင်"

သူမအမေးကြောင့် မီးပုံထဲ ထင်းထပ်ထည့်နေရာမှ ဒေါ်စမ်း ဖျတ်ခနဲကြည့်သည်။

"ဘယ်သူ့ကိုပြောတာလဲ ကလေးရဲ့"

"ဟို ...ဦးခွန်စိုင်းကို"

"ဩော်"

ဒေါ်စမ်းက လှစ်ခနဲ တစ်ချက်ပြုံးတော့ သူမ မ[illegible]မလဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မိသွားရ၏။

"ဒီကန့်ဆိုရင် နည်းနည်းဝေးတယ် မိန်းကလေးရဲ့၊ လိမ္မော်ခြံ၊ မက်မန်းခြံတွေရှိတယ်လေ၊ ဒါပေမယ့် မစိုးရိမ်ပါနဲ့ ဟိုမှာ အလုပ်သမားတွေရှိပါတယ်"

"ဟင်...ဒါဆို သူက ဘာလို့ ထမင်းထုပ်သွားရတာလဲ"

"သူ့အတွက် အလုပ်သမားတွေ ဝန်မပိုစေချင်လို့လေ၊ ဟိုမှာက အစားအသောက်ရှားတယ်၊ ဒါပေမယ့် သူလည်း များသောအားဖြင့် ထမင်းထုပ်မယူပါဘူး၊ ဒေါ်စမ်း ထည့်ပေးလို့သာ ယူတာ၊ ဟိုမှာ အလုပ်သမားတွေနဲ့ ဖြစ်သလိုစားတာပဲ"

တောတောင်ကြမ်းကြမ်းထဲမှာ အစားအသောက် အဆင်းရဲခံကာ နေနိုင်သော သူ့ကို ချီးကျူးမိသည်။

သူမတို့စကားပြောနေစဉ် ဦးအိုက်ကတော့ စောစောအိပ်ရာဝင်သည်။

"ဒါမှ ငါ ညဘက်ထကြည့်နိုင်မှာ"

ဦးအိုက်က ညဉ့်နက်ပိုင်းဆို မအိပ်တော့ဘဲ ခြံထဲလှည့်ပတ်ကြည့်တတ်၏။ ယနေ့ မိန်းမသားနှစ်ယောက်တည်းမို့ အထူးစောင့်ရှောက်ဖို့ လိုတယ်ဟု ပြောသည်။ ဒါတွေအားလုံး သူမှာထားတဲ့ အကြောင်းအရာပင်။

"ဦးခွန်စိုင်းလို ပညာတတ်လူငယ်တစ်ယောက်က ဒီလို





တောတောင်ထဲမှာနေတာ ချီးကျူးစရာပဲ ဒေါ်စမ်း"

"ဒါကလည်း သူ့အကြောင်းနဲ့သူပေါ့လေ"

လူလေးက တောထဲမှာနေကတယ်ဆိုပေမယ့် အကျိုးရှိအောင်နေတာ၊ ခုဆို လက်ဖက်ခင်းတွေလည်း အတော်အောင်မြင်နေပြီ"

"ကောင်းပါတယ် ဒေါ်စမ်းရယ်၊ အဲဒီခြံတွေထဲ တစ်နေ့လောက် ကျွန်မ လိုက်ကြည့်ချင်မိတယ်"

ပြောမိပြီးမှ ကိုယ့်ဘဝအကြောင်း မစဉ်းစားဘဲ သူများအကြောင်း စိတ်ဝင်စားနေမိပြီလားဟု တွေးမိသွားရသည်။

"လိုက်ကြည့်ချင်ရင် လူလေးလာရင် ပြောပေါ့ ကလေးရဲ့"

"အို ...မပြောတော့ပါဘူး၊ ခုလို ကျွန်မကို ကယ်ခဲ့ယ်ထားရတာတောင် မတတ်သာလွန်းလို့ပါ၊ ဒီလို စပ်စပ်စုစုလုပ်ရင် သူ ဘယ်ကြိုက်ပါ့မလဲ"

"လူလေးက သဘောကောင်းပါတယ် မိန်းကလေးရဲ့"

သူ သဘောကောင်းပါတယ်ဆိုတာ တခြားလူအပေါ်ဟုတ်နိုင်ပေမယ့် သူမကိုတော့ ယနေ့အချိန်ထိ မျက်နှာထားတည်ကြည့်စွာပင် ဆက်ဆံလေ၏။ မတတ်သာလို့ အိမ်ပေါ်ခေါ်တင်ထားရတာပင် သူ့အတွက် လွန်လှပြီ။

"သူသဘောကောင်းတိုင်း ကျွန်မ အခွင့်အရေးယူလို့



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ဘူးလေ၊ ပြီးတော့ ကျွန်မက မကြာခင် ပြန်ရတော့မှာ မဟုတ်လား ဒေါ်စမ်းရယ်”

ထိုစကားကြောင့် ရိုးသားသော ဒေါ်စမ်း မျက်နှာမကောင်း ဖြစ်သွား၏။

“ဟင်း …ဒေါ်စမ်းတော့ မိန်းကလေးကို သံယောဇဉ် ဖြစ်နေပြီ၊ တတ်နိုင်ရင် မိန်းကလေးကို မပြန်စေချင်ဘူးကွယ်”

သူမ မချိသလို ပြုံးလိုက်၏။

“ဘယ်တတ်နိုင်မလဲ ဒေါ်စမ်းရယ်၊ ကျွန်မလည်း ဒေါ်စမ်း တို့အပေါ် သံယောဇဉ်ရှိပေမယ့် ကျွန်မက ဒီအိမ်ရဲ့ဧည့်သည်လေ၊ အချိန်တန် အိမ်ပြန်ရမှာ မဟုတ်လား”

“ပြီးတော့ ကျွန်မက ကိုယ့်ကိုယ်ကို ဘယ်သူမှန်းမသိ တဲ့ဘဝ”

ပြောရင်း သူမအသံလေးတိမ်ကာ ကိုယ့်ဘဝကိုယ် ဝမ်းနည်း သလိုဖြစ်မိရ၏။ ဘယ်အရပ်ကလာလို့ ဘယ်ကမှန်းမသိတဲ့ သူမ အဖြစ်ဟာ ဘယ်လောက်တောင် ဆိုးရွားလဲ။

“အို…မိန်းကလေးကလည်း ခုဆို မင်းဟာ မြစိမ်းကြည် ဆိုတာ ကိုယ့်ကိုယ်ကို သိပြီပဲ၊ ဘာမှအားငယ်စရာ မရှိပါဘူးကွယ်၊ မိန်းကလေးရဲ့ မိသားစုကလေ ခုလို မိန်းကလေး ပြန်လာတာမြင် ရင် သိပ်ဝမ်းသာမှာ”





“ကျွန်မ မိသားစု ဟုတ်လား”

“ဟုတ်တယ်လေ၊ မိန်းကလေးမှာ မိသားစုရှိမှာပေါ့”

“သူတို့ဟာ ဘယ်လိုမိသားစုလဲ၊ ကျွန်မပျောက်နေတာကို တကယ်ဆို သူတို့ရှာသင့်တာပေါ့ ဒေါ်စမ်း”

“ဩော် …သူတို့လည်း ရှာမှာပေါ့ကွယ်၊ မိန်းကလေး မသိလို့နေမှာပေါ့”

အကောင်းဘက်မှ ဒေါ်စမ်းက ပြောသည်။ သူမကတော့ ပျောက်ကွယ်နေသော သူမရဲ့မိသားစုဆိုတာ ဘယ်လိုဟာပါလိမ့်ဟု တွေးမိ၏။ အင်းလေ …မကြာခင်မှာပဲ ဒီအဖြေက ပေါ်လာမှာပါ။

ညဆယ်နာရီကြမှ သူတို့ အသီးသီး အိပ်ရာဝင်ကြ၏။ သူမ ကတော့ အတွေးကိုယ်စီဖြင့် သက်ပြင်းမကြာခဏချလို့။

တကယ်တမ်းမှာ သူမရဲ့မိသားစုကို တွေ့ဖို့ သူမ ဘာ ကြောင့် မဝံ့မရဲ ဖြစ်နေရတာလဲ။

“ခွပ် …ခွပ်”

မနက်ငါးနာရီမှာ မြင်းခွာသံကြောင့် သူမ အိပ်ရာမှ နိုး သွား၏။

မြင်းခွာသံ …

ဒါဆို ဦးခွန်စိုင်း ပြန်လာပြီပဲ။

သူမ အိပ်ရာမှ ဖျတ်ခနဲထလိုက်သည်။ ပြတင်းတံခါးကို



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ကြည့်လိုက်တော့ တကယ်ပဲ မနက်ဝေလီဝေလင်းမှာ အညိုရောင် မြင်းကြီးစီးလျက် လောင်းကုတ်ရှည်ကြီးဝတ်ထားသော သူ့ကို တွေ့ လိုက်ရတော့ သူမမျက်စိထဲ အမြင်ဆန်းကာ ကြည့်ကောင်းနေ၏။

ကြည့်စမ်း ...

ဦးကြီးအိုက်မောင်းက သူ့ကို ဆီးကြိုလို့၊ ဒါဆို ဒေါ်စမ်း လည်း အိပ်ရာမှနိုးလောက်ပြီ ထင်၏။

သူမ မျက်နှာသစ်ပြီးတာနှင့် အခန်းထဲက ထွက်ခဲ့သည်။

"ဟော ...မိန်းကလေး ဘာကြောင့် အစောကြီးထတာ လဲ"

ထမင်းစားခန်းထဲမှ ထွက်လာသော ဒေါ်စမ်းက မေးသည်။

"ဦးခွန်စိုင်း ပြန်လာပြီမဟုတ်လား ဒေါ်စမ်း"

"ဟုတ်တယ်၊ လူလေး စောစောပြန်လာမှာသိလို့ မနက် စာ ချက်နေတာ မိန်းကလေးရဲ့"

"ကျွန်မကို ဘာလို့မပြောတာလဲ ဒေါ်စမ်းရယ်၊ ကျွန်မ ထချက်မှာပေါ့"

သူမက အလိုက်တသိစကားဆိုတော့ ဒေါ်စမ်းက ကျေနပ် သွားပြုံးသည်။

"ကလေး အိပ်ရေးဝအောင်လို့ပါ၊ ဒေါ်စမ်းက ထနေကျ ပါ"





"ဘာပဲဖြစ်ဖြစ် ကျွန်မလည်း ကူညီချင်တာပေါ့"

ထိုစဉ် အိမ်ထဲသို့ဝင်လာသော ခြေသံများ ကြားရ၏။ ကြည့်လိုက်တော့ လောင်းကုတ်ရှည်ကြီးဝတ်ထားသော အရပ်မြင့် မြင့်မားမားနှင့်သူ။ နောက်မှ ဦးကြီးအိုက်မောင်း။

"သမင်တစ်ကောင်ရခဲ့တယ် ဒေါ်စမ်း၊ တောဝက်သား လည်းပါတယ်"

သူပြောမှ ဦးကြီးအိုက်မောင်း သယ်လာသော သမင် တစ်ကောင်ကို တွေ့လိုက်ရသည်။

"အဆင်ပြေတာပေါ့ လူလေး၊ အိမ်မှာလည်း အသားကုန် နေတာနဲ့"

သူက စိုက်ပျိုးရေးတင်မဟုတ် တောပစ်ကျွမ်းကျင်သူပဲ ဟု သူမ မှတ်ယူလိုက်သည်။

"မင်း နေကောင်းလား"

"ဟုတ်ကဲ့"

သူမဘက် ဖျတ်ခနဲကြည့်ကာ မေး၏။ သူ့မျက်လုံးတွေ က တည်ငြိမ်တောက်ပသည်။

"အင်း ...မကြာခင် မင်း ဒီကပြန်နိုင်မှာပါ၊ တောထဲ မှာ လေမုန်တိုင်းဒဏ်မိထားလို့ တစ်ပတ်လောက်စောင့်ရင် ရပါပြီ၊ မင်း သိပ်များပြန်ချင်နေပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"မှန်တာပြောရရင်တော့ ကျွန်မမိသားစုကို တွေ့ချင်ပါတယ်၊ ဒါပေမယ့် ဦးခွန်စိုင်းအတွက် အဆင်ပြေမယ့်ရက်ကိုသာ ရွေးပါ"

သူခေါင်းညိတ်သည်။

သူမက ဒေါ်စမ်းကို ကူလုပ်ပေးရန် မီးဖိုထဲဝင်၏။

"ဒီသမင် သူပစ်တာလား ဒေါ်စမ်း"

လည

"ဒါပေါ့ မိန်းကလေး၊ အသားမပြတ်တာ လူလေးကြာခဏ တောပစ်ထွက်လို့ မိန်းကလေး ကံကောင်းတယ်၊ သမင်မရတာကြာပြီ"

"ဩော်"

ဦးကြီးအိုက်မောင်းက ကျင်လည်စွာပင် သမင်ကို ဖျက်၏။

က် အသားများကို သီးသန့်ဖယ်သည်။

ဒ် ဒေါ်စမ်းက တောဝက်သားများကို ချက်ပြုတ်ဖို့ ပြင်ဆင်

"ကျွန်မ သူ့အတွက် မနက်စာ ထမင်းကြော်ပေးလိုက်

မ ဒါစမ်း"

"ကောင်းတာပေါ့ကွယ်၊ လူလေး ခဏနားပြီး ထမင်းစားလိမ့်မယ်"

သူမက သူ့အတွက် အကောင်းဆုံး ထမင်းကြော်ပေး၏။





ဟင်းသီးဟင်းရွက်တွေကတော့ ခြံထဲမှာ စိုက်ထား၍ အမြဲလတ်ဆတ်စွာ ရရှိသည်။

ခဏကြာတော့ ရေချိုးပြီးသောသူက ထမင်းစားခန်းထဲဝင်လာ၏။

ထမင်းကြော်၊ တောဝက်သားကင်၊ ပဲပုပ်ထောင်း၊ မုန့်ညှင်းချဉ်နှင့် ရေနွေးတို့က ထမင်းပွဲမှာ အသင့်။

"ဦးကြီးအိုက်မောင်းနဲ့ ဒေါ်စမ်းတို့ပါ တစ်ခါတည်း ဝင်စားလေ၊ ထမင်းကြော်တွေ အများကြီးပဲ"

"စားတာပေါ့၊ မိန်းကလေးကော"

"ဟုတ်ကဲ့ ...ကျွန်မလည်း စားမှာပါ"

မနက်စာကို အားလုံးအတူတူ ဝိုင်းစားဖြစ်ကြ၏။ စားသောက်ရင်း သူသွားကြည့်သော ခြံတွေအကြောင်းကို ဦးအိုက်က မေးသည်။

"ခြံတွေ အခြေအနေဘယ်လိုလဲ လူလေး"

"နည်းနည်းပျက်စီးပေမယ့် အချိန်မီပြင်နိုင်လို့ မစိုးရိမ်ရပါဘူး ဦးအိုက်"

"အင်း ...မိန်းကလေးကတောင် ခြံထဲလိုက်ကြည့်ချင်တယ်တဲ့ လူလေး"

ဒေါ်စမ်းပြောတော့ သူက သူမကို ဖျတ်ခနဲ ကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်ပါဘူး၊ သူ့လို နုနုနယ်နယ်နဲ့ လမ်းကကြမ်းတယ် ဒေါ်စမ်းရဲ့"

"အို ...ဦးခွန်စိုင်းတောင် သွားနိုင်သေးတာ၊ ကျွန်မလည်း သွားနိုင်မှာပါ"

ကလေးလို သူမအပြောကြောင့် သူ့အကြည့် စူးခနဲရောက်၏။ သည်တော့မှ မခေါ်ချင်တဲ့ လူတစ်ယောက်ဆီ သူမ ဖွတ်လိုက်ချင်သလို ဖြစ်သွားပါလားဟု သတိရကာ မျက်လွှာချမိသည်။

"ကျုပ်တို့က ဒီခရီးလမ်းတွေ သွားနေကျအမိ၊ အမိ ခြေထောက်တွေ ဒီလောက်နုတာ၊ ဘယ်လိုသွားနိုင်မှာလဲ"

သူ့အပြောကြောင့် ယောင်ရမ်းကာ သူမခြေထောက်ကို ငုံ့ကြည့်မိ၏။ တကယ်ပဲ ဝင်းဝါဖြူဖွေးသော ခြေထောက်လေး များမှာ နီရဲကာ အစက်အပြောက်ဟူ၍ တစ်စက်ကလေးမှ မရှိအောင် လှပနေသည်။

"မိန်းကလေးဖျင်းရင် ရေတံခွန်ဘက်သွားပါလား"

"ဟာ ...ဒေါ်စမ်းကလည်း ဘယ်နယ့်ကြောင့် သူ တစ်ယောက်တည်း လွှတ်နေရတာလဲ"

အလိုမကျဟန်ဖြင့် မျက်မှောင်ကြုတ်ကာ သူပြောသည်။

"အလိုတော် ...မိန်းကလေးတစ်ယောက်တည်း မလွှတ် ပါဘူး၊ လူလေးအားတဲ့အချိန်မှ လိုက်ပို့ပေးပေါ့ကွယ်"





"အို ...နေပါစေ"

သူက ဘာမှမပြောဘဲ ထမင်းစားပွဲမှ ထသွား၏။ ဦးအိုက်က ...

"ဒီမိန်းမ ခက်တာပဲ၊ လူလေးအကြောင်း မသိတာလည်း မဟုတ်"

"အို ...ကျုပ်က မိန်းကလေးရောက်ဖူးစေချင်လို့ပါ၊ ဒါဆို တော်လိုက်ပို့"

"ဟ ...ငါက ညီကြီးကို သန့်ရှင်းရေးလုပ်ပေးရဦးမှာ"

"နေပါစေ ဒေါ်စမ်း၊ ကျွန်မ မသွားပါဘူး၊ နေ့လယ်စာ ကို ကျွန်မ ချက်ပေးမယ်နော်"

သူမဝင်ပြောမှ စကားရပ်တော့၏။

"အေးကွယ် ...ဒေါ်စမ်းလည်း အဝတ်တွေလျှော်စရာရှိ တာနဲ့ အတော်ပဲ"

အားလပ်နေသော သူမက နေ့လယ်စာကို ဖွယ်ဖွယ်ရာရာ စားနိုင်အောင် ချက်ပြုတ်စီစဉ်၏။ သူမဟာ အတိတ်မေ့နေပေမယ့် ထမင်းဟင်းချက်တာကိုကြတော့ ဘာကြောင့်တတ်ကျွမ်းနေပါလိမ့်။ ဒါ မိန်းမတစ်ယောက်ရဲ့ သဘာဝထင်။

××××



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် …သာယာလိုက်တာ၊ လှလိုက်တဲ့ရှုခင်း"

နေ့ခင်းဘက်မှာ သူမတစ်ယောက်တည်း ခြံပြင်ထွက်လာမိ၏။ တောလမ်းလေးအကိုင်းသွားရင်း မြေနီလမ်းခွဲလေးအဆုံးမှာ တဝေါဝေါစီးကျနေသော ရေတံခွန်တစ်ခုကို တွေ့လိုက်ရခြင်း။ စိမ်းစိုသောတောအုပ်ထဲမှာ အဖြူရောင်ရေတံခွန်လေး စီးဆင်းနေပုံက ပန်းချီကားတစ်ချပ်နှယ်။ ပတ်ဝန်းကျင်မှာ တောပန်းရောင်စုံပွင့်လို့။

သည်မျှ သာယာလှပသော ရှုခင်းကို တွေ့လိုက်ရတော့ သူမစိတ်ထဲ ဘာသောကမှ မရှိဘဲ ကြည်နူးလန်းဆန်းသွားရ၏။

တကယ်ကို အေးချမ်းတိတ်ဆိတ် သာယာလှပတဲ့ ရှုခင်းလေးပဲ။ သူမက လှပသော တောပန်းလေးများလိုက်ခူးကာ ကလေးတစ်ယောက်လို ပျော်နေမိ၏။

ထို့နောက် ရေတံခွန်ရှိရာ ခပ်ဖြည်းဖြည်း ဆင်းခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရေကအေးမြကြည်လင်တာမို့ သူမစိတ်ထဲ ပျော်ရွှင်သွားရ၏။ တောပန်းလေးတွေကို ရေထဲ မျှောမိသည်။

"အဟင်း …ဟင်း ပျော်စရာကောင်းလိုက်တာ"

ရေများကို လက်ခုပ်လေးနှင့် ဆော့ကစားရင်း သူမ အသံထွက်ရယ်မောကာ လက်ရှိကိုယ့်ဘဝကိုပင် မေ့မိ၏။

ထို့နောက် ရေစီးကြောင်းထဲ မျောခဲ့၏။ အစက ရေတိမ် ဟုထင်ရသော အိုင်လေးဆီအရောက်။

"အမေ့"

မထင်မှတ်ဘဲ ကျောက်တုံးမှချော်ကာ သူမကိုယ်လေး ရေထဲမျောပါသွားရ၏။ သူမမျက်လုံးတွေ ပြာခနဲဖြစ်ကာ ရေမကူး တတ်ဘဲ ဆုတ်ချည်နစ်ချည် ဖြစ်နေစဉ်။

"ဝုန်း"

ခနဲအသံနှင့်အတူ လူတစ်ယောက် သူမထံ ရေကူးလာ၏။

"အား …အမယ်လေး ကယ်ပါ"

ရှေ့မှာချောက်ကြီးမို့ သူမ စူးစူးရှားရှားအော်မိတော့၏။ သို့သော် ကံကောင်းစွာ အချိန်မီပင် သူမကိုယ်လေးကို တစ်စုံ တစ်ယောက်က ဖျတ်ခနဲ ဖမ်းဆွဲယူလိုက်လေသည်။

"တောက် ရေကူးမတတ်ဘဲ အမိက ဘာကြောင့် ရေထဲ





ဆင်းတာလဲဟင်"

ကုန်းပေါ်ရောက်တာနှင့် သူမကို ခပ်စိမ်းစိမ်းကြည့်ကာ သူမေး၏။

သူမမှာ ယန့်ကာ တော်တော်နှင့် မဖြေနိုင်။ သူ့ကို မော့်ကြည့် မိ၏။

သူ …

ဦးခွန်စိုင်း …

သူမရေနစ်နေစဉ် ဘယ်ကဘယ်လိုရောက်လာပါလိမ့်။ ဘာပဲဖြစ်ဖြစ် သူက သူမအသက်ကိုကယ်တာ နှစ်ခါရှိပြီ။

"ကျေး …ကျေးဇူးတင်ပါတယ်ရှင်"

"တော်စမ်းပါ၊ အနှစ်မပါတဲ့စကားတွေ မပြောစမ်းပါနဲ့"

"ရှင်"

"ဟုတ်တယ်လေ …မင်းတို့မြို့ကလူတွေဟာ ကျေးဇူး ဆိုတဲ့ စကားကို လွယ်လွယ်နဲ့ပြော၊ ပြီးတာနဲ့ မေ့သွားကြတာ မဟုတ်လား"

"အို …အဲဒီထဲမှာ ကျွန်မ မပါဘူး"

သူက မယုံသလို ခပ်မဲ့မဲ့ပြုံး၏။

ဒါကို သူမခံပြင်းမိသည်။ တခြားလူတွေ ဘယ်လိုစိတ် သဘောထားရှိပေမယ့် သူမကတော့ ထိုကဲ့သို့ မဟုတ်တာ သေချာ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ရှင် ကျွန်မကို အဲဒီလို မပြုံးပါနဲ့"

"အေး …မင်းတို့မိန်းမတွေစကားများ ယုံမိရင် ငါးပါး မဟုတ်ဘူး၊ ဆယ်ပါးမှောက်မယ်"

"ရှင် …ရှင် မိန်းမတွေကို ဒီလောက်မုန်းနေလျက်နဲ့ ဘာကြောင့် ကျွန်မကို ကယ်လာတာလဲ"

ထိုအခါ သူ့မျက်နှာ ရဲခနဲဖြစ်သွား၏။ ထို့နောက် သူမ ကို မျက်မှောင်ကြုတ်ကြည့်သည်။

"အေး …ငါ့ရှေ့မှာ လူတစ်ယောက် အသက်သေမှာ ကို မကြည့်ရက်လို့ကွ"

"ဒါပေမယ့် ရှင်နဲ့မှမဆိုင်ဘဲ"

"ဟုတ်တယ်၊ ငါနဲ့မဆိုင်ဘူး၊ ဒါပေမယ့် ငါကလူလေ၊ ဒီတော့ လူတစ်ယောက်ရဲ့ စိတ်ဓာတ်တော့ ရှိသေးတယ်၊ အဲဒါ ကြောင့် မင်းကိုကယ်တာ"

အစက ကျေးဇူးတင်ချင်စိတ်ရှိသော သူမမှာ ထိုစကား ကြောင့် ခေါင်းခါယမ်းမိ၏။

"ရှင်…ကျွန်မကိုကယ်တာ သတ္တဝါတစ်ယောက်အနေ နဲ့ပေါ့ ဟုတ်လား"

"ဒါပေါ့"





ဩ

သူပြောပြီး သူမနားက ထွက်သွားဖို့ပြင်၏။

"တစ်ဆိတ်နေပါဦး …အခု ဒီနေရာကို ရှင်ဘယ်လိုလုပ် ရောက်လာတာလဲဟင်၊ မတော်တဆ တိုက်ဆိုင်မှုတော့ မဟုတ်ပါ ဘူးနော် ဦးခွန်စိုင်း"

နီရဲသောမျက်နှာဖြင့် သူ ဖျက်ခနဲကြည့်သည်။ သူမ ကြိတ် ပြုံးလိုက်၏။ မိန်းမတွေကို မုန်းတယ်ဆိုတဲ့ သူဟာ သူမ ဒုက္ခရောက် နေစဉ် ဘာကြောင့်ရောက်လာတာလဲ။

"မင်းကို ကျုပ်အသက်ကယ်ထားတာလေ၊ မင်းရဲ့ အုပ်ထိန်းသူလက်ထဲ မရောက်ခင် မင်း တစ်စုံတစ်ခုဖြစ်မှာ ကျုပ် မလိုလားဘူး၊ ဒါကြောင့် နေ့ခင်းဘက် မင်းပျောက်သွားတော့ ကျုပ် လိုက်ရှာတာ၊ ကဲ အမိ ဘာမေးချင်သေးလဲ"

သူမ ခေါင်းလေးအသာခါယမ်းလိုက်၏။ တကယ်တော့ သူ ခုလိုလိုက်၍ စောင့်ရှောက်တာကိုပင် သူမကျေးဇူးတင်ရမှာပါ။

"ကျွန်မအသက်ကို ရှင်ကယ်တာ နှစ်ခါရှိပါပြီ၊ ဒီတော့ ကျွန်မကို ရှင်ပိုင်တယ်"

"မင်းဆိုလိုတာက"

"ကျွန်မဘဝမှာ ရှင်ပေးတဲ့အသက်ပဲ ရှိတော့တယ်လေ၊ ဒါကြောင့် မြို့ကိုပြန်ဖို့ မပြန်ဖို့ဆိုတာ ရှင့်ဆုံးဖြတ်ချက်ပေါ် မူတည် တယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ အံ့ဩသလို ကြည့်၏။

ရေစိုကာ တစ်ကိုယ်လုံး ထင်ရှားအချိုးကျနေသော သူမသည် အချိုးကျသော ရေသူမလေးပမာ။

အနက်ရောင်ဆံပင်များ ဖြာဆင်းလျက် ဝင်းဝါသော အသားအရေက ရွှေဟုံးရွှေခဲလို။ သည်လိုမိန်းကလေးက သူမ အသက်ကို သူပိုင်ပါသတဲ့။

"မင်း တကယ်ပြောနေတာလား၊ ဒါဆို ကျုပ်က မပြန်နဲ့ဆို မင်းမပြန်ဘူးပေါ့"

"ဟုတ်တယ်၊ ကိုယ့်ကျေးဇူးရှင်ရဲ့ စကားကို နားထောင်ရမှာပဲ"

သူ ခေါင်းတညိတ်ညိတ်ဖြင့် သူမကိုကြည့်သည်။

"အင်း . . .မင်းလိုမိန်းကလေးမျိုး ကျုပ် မတွေ့ဘူးတာ အမှန်ပဲ၊ ဘာပဲဖြစ်ဖြစ် ကျုပ်ကတော့ မင်းကို ပြန်ပို့ဖို့ ဆုံးဖြတ်ထားပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ အတိတ်မေ့နေတဲ့ မင်းရဲ့ဘဝဟာ ပုံမှန်မဟုတ်ဘူးလေ"

"ဒါကတော့ ရှင့်သဘောပါ၊ တကယ်တော့ မိန်းမတစ်ယောက်ကို ရှင့်အနေနဲ့ ကြာရှည်လက်ခံမထားနိုင်ဘူးဆိုတာ ကျွန်မ သဘောပေါက်ပါတယ်"

နေရာမှ ကြိုးစားအားယူရပ်ရင်း သူမပြောတော့ သူ





စူးခနဲကြည့်သည်။

"မင်း ဘာကိုဆိုလိုတာလဲ"

"ရှင်က မိန်းမတွေကို မုန်းနေတဲ့ လူတစ်ယောက်မဟုတ်လား"

"ဘာလဲ ကျုပ်အကြောင်းတွေ မင်းကို ဒေါ်စမ်းက ပြောပြလိုက်ပြီလား"

"အဲဒီအတွက် အပြစ်တင်မယ်ဆိုရင် ကျွန်မကိုပဲ အပြစ်တင်ပါ"

မျက်လွှာချကာ သူမပြောသည်။ သူ့ကွယ်ရာမှာ သူ့အကြောင်း စပ်စုမိတာ သူမ မဟုတ်လား။

"မင်းတို့မိန်းမတွေဟာ စပ်စုတာကို အတော်ဝါသနာပါတာပဲ"

"စပ်စုတယ်ဆိုတာထက် ကိုယ့်ကျေးဇူးရှင်အကြောင်းကို ပိုသိချင်တာပါ"

"ဘာဖြစ်လို့ သိချင်ရတာလဲ"

"ဒါကတော့ . . ."

သူ၏ ရုတ်တရက် အမေးကို သူမ မဖြေတတ်ပေ။ သူ မဲ့ခနဲပြုံးသည်။

"နောက်ဆုံးတော့ မိန်းမဟာ မိန်းမဇာတိပြတာပဲ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လား''

''ရှင် အဲဒီလိုမပြောပါနဲ့''

သူမ ဆတ်ခနဲ ပြန်ပြောမိသည်။ သေချာတာကတော့ သူမဟာ စပ်စပ်စုစုလုပ်တတ်တဲ့ မိန်းမမျိုး မဟုတ်နိုင်ဟု။

''ကဲ ...အမိ ခင်ဗျားအအေးမိပြီး ထပ်ဖျားနေရင် ကျုပ်ပဲ ဒုက္ခရောက်ဦးမယ်၊ အိမ်အမြန်ပြန်ပါ''

''စိတ်ချပါ၊ ကျွန်မကြောင့် ရှင် နောက်တစ်ခါ ဒုက္ခမရောက်စေရပါဘူး''

မခံချင်စိတ်ဖြင့် ပြောကာ သူမ ဖျတ်ခနဲ ထွက်ခဲ့၏။ ရေစိုကပ်နေတာမို့ လမ်းလျှောက်ရတာ တုတ်နေသည်။ ထိုစဉ်...

''ဝေါင်း''

''အမေ့''

''ဟာ ...အမိ''

ရုတ်တရက်ကြားလိုက်ရသော ကျားဟိန်းသံကြောင့် သူမသည် ဘယ်လိုလျှင်မြန်ခြင်းမျိုးဖြင့် သူ့ရင်ခွင်ထဲ ရောက်သွားတယ် မသိ၊ သူကလည်း ကြောက်စိတ်ဖြင့် ကိုယ်လုံးလေး ဆတ်ဆတ်တုန်နေသော သူမကို အမှတ်တမဲ့ ဖက်ထားမိသည်။

နူးညံ့အိထွေးသော ခန္ဓာကိုယ်လေးကို ရုတ်တရက် ရင်ခွင်ထဲက မဖယ်ထုတ်မိ။





''ကြောက် ...ကြောက်တယ်''

အသံလေးတုန်ကာ ပြောလာသော သူမကြောင့် ပို၍ တင်းတင်းဖက်မိသွား၏။ ယနေ့အဖို့ သူမကိုယ်လေး သူ့ရင်ခွင်ထဲ ရောက်တာ နှစ်ခါရှိပြီ။

ပထမတစ်ခါ ရေနစ်တုန်းက ...

ယခုတစ်ခါ ...သို့သော် မိနစ်ပိုင်းအတွင်းမှာပင် သူ တစ်စုံတစ်ရာကို သတိရကာ သူမကိုယ်လေးကို ဖျတ်ခနဲ တွန်းထုတ်မိ၏။

''အို''

တွန်းထုတ်ခြင်းခံလိုက်ရတာမို့ သူမ အံ့သြစွာ သူ့ကိုကြည့်မိတော့ မျက်နှာထားတည်တည်ဖြင့် ...

''ကျားမရှိပါဘူး၊ ဒါ ဟိုတောနက်ထဲက အသံပါ၊ ကဲ သွားစို့''

သူပြောပြီး ရေ့မှထွက်သွား၏။ သူမ အံ့လေးကြိတ်ကာ သူ့နောက်မှ လိုက်ခဲ့သည်။

အကြင်နာတရားမရှိတဲ့လူ။

မိန်းကလေးတစ်ယောက်၏ ကြောက်လန့်ခြင်းကို နှစ်သိမ့်ရမှန်းမသိ။

စောစောက သူ့ရင်ခွင်ဟဲ ခိုဝင်မိစဉ် သူမနှလုံးသားက



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့် နွေးထွေးသွားရပါလိမ့်။ သေချာတာကတော့ သူ့ရင်ခွင်ဟာ သူမအတွက် အားအင်ရှိစေတာပါပဲ။

××××





"သာဓု ...သာဓု ...သာဓု မိန်းကလေး သွားလေရာလာလေရာခရီး ဖြောင့်ဖြူးပါစေကွယ်"

ယနေ့ သူမကို သူလိုက်ပို့မည်။ ထို့ကြောင့် နောက်ဆုံးအနေဖြင့် ဦးကြီးအိုက်နှင့် ဒေါ်စမ်းကို သူမကန်တော့ခြင်း၊ ရက်အနည်းငယ်သာနေပေမယ့် ဒေါ်စမ်းတို့က သူမကို သံယောဇဉ် ဖြစ်နေကြပြီ။ သူမလည်း ခံစားနေရ၏။

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေရှင်၊ ကျွန်မ မြို့ရောက်ရင်ဒေါ်စမ်းတို့ အလည်လာခဲ့ဦးနော်"

"အင်း ...ဒေါ်စမ်းတို့က ဒီမှာပဲ နေသားကျနေပြီ မိန်းကလေးရယ်၊ မိန်းကလေးသာ ကျုပ်တို့ကို သတိရရင် တစ်ခေါက်လောက် အလည်လာခဲ့ပါဦး"

"စိတ်ချပါ၊ ကျွန်မဘဝကို သိပြီး နေသားတကျရှိနေ



www.burmeseclassic.com

www.burmeseclassic.com



ရောက်အောင်ပြန်လာခဲ့ပါမယ်''

သူမတို့ အလွမ်းသယ်နေတာကို သူ မျက်မှောင်ကြုတ်ကြည့်၏။

''ခင်ဗျားတို့မြို့သူတွေ ဒီလိုတောကို နောက်တစ်ခါပြန်လာဖို့ဆိုတာ မဖြစ်နိုင်ပါဘူး၊ ကဲ အချိန်ရှိတုန်း သွားစို့''

သူ့ကို ဘာမှစကားမချေပနိုင်ဘဲ ဒေါ်စမ်းတို့ကို နှုတ်ဆက်လိုက်၏။

''ဒေါ်စမ်း၊ ဦးကြီးအိုက် ကျွန်မ သွားပြီနော်''

''အေးကွယ် ...အေး ...အေး''

တကယ်တမ်း ခွဲရတော့ မျက်ရည်ကိုယ်စီ။ သူက ဂျစ်ကားပေါ်မှာ အသင့်စောင့်နေ၏။ ဒေါ်စမ်းတို့ကို နှုတ်ဆက်ပြီး သူမကားပေါ်ရောက်တာနှင့် ခပ်ကြမ်းကြမ်း မောင်းထွက်လေသည်။

''အမေ့''

ရုတ်တရက် သူမကိုယ်လေး ယိုင်ခနဲဖြစ်သွားရ၏။

''ဖြည်းဖြည်းမောင်းပါရှင်''

''မြို့ကို အချိန်မီရောက်ဖို့လိုတယ်''

သူမကို မကြည့်ဘဲ ကားမောင်းရင်း သူပြောသည်။ သူမ သက်ပြင်းလေးကြိတ်ချကာ ဘာမှမပြောတော့။ ရင်ထဲမှာ ဒေါ်စမ်းတို့နှင့် ခွဲခွာလာရတဲ့အတွက် မကောင်းပေ။ အေးချမ်းသော တောသိမ်[illegible]





လေးကို မြင်ယောင်ကာ လွမ်းသလိုလို။

လမ်းမှာတစ်ထောက်နားပြီး ပြင်ဦးလွင်ကို နေ့လယ်မှ ရောက်သည်။ သူက ကားကို စားသောက်ဆိုင်ရှေ့ရပ်၏။

''ကဲ ...ကျုပ်တို့ ထမင်းအရင်စားစို့၊ ပြီးမှ ကျန်တဲ့ကိစ္စ[illegible]စဉ်တာပေါ့''

မနက်က ဒေါ်စမ်း ကျွေးလိုက်တာကလွဲ၍ တစ်လမ်းလုံး သူမတို့ ဘာမှမစားတာကြောင့် ဆာလှပြီ။

သူက ဆိုင်ထဲဝင်ကာ တရုတ်အစားအစာတွေ မှာသည်။ လူတွေက သူမတို့စုံတွဲကို ထူးဆန်းသလို ကြည့်၏။ သည်တော့မှ ကိုယ့်ကိုယ်ကို သတိထားမိ၏။

အို ...ဟုတ်ပါရဲ့။

သူက အစိမ်းရောင်ဂျာကင်၊ မုတ်ဆိတ်ပါးမြိုင်းမွေးတွေ နှင့် [illegible]ရိုင်းဆန်သလို သူမကလည်း ဒေါ်စမ်း၏ အဝတ်အစား [illegible]ကြီးတွေနှင့်။

ကဲ ...သူမတို့ကို ဘာကြောင့် ကြည့်ကြတယ်ဆိုတာ [illegible]ဖြပေါ်နေ၏။ သူမရှက်သလိုဖြစ်ကာ ခေါင်းလေး မသိမသာ [illegible]သည်။

သူကတော့ ပူနွေးစွာရောက်ရှိလာသော အစားအစာများ [illegible] စားပါးတရစား၏။



www.burmeseclassic.com

www.burmeseclassic.com



''စားလေ၊ မင်းလည်း ဗိုက်ဆာပြီမဟုတ်လား''

နည်းနည်းချင်းစားနေသော သူမကို တိုက်တွန်းသည်။

သူကတော့ လူတွေကို အာရုံစိုက်ပုံမရ။ ဒါကြောင့်လည်း တောထဲသွားနေတာပဲ။

''ဒါနဲ့ ကျွန်မတို့ ရန်ကုန်ကို ဒီဂျစ်ကားနဲ့ ဆင်းမှာလား''

သူ ခေါင်းခါယမ်း၏။ သူမကိုကြည့်ကာ ...

''ကားကို မန္တလေးမှာ ထားခဲ့မယ်၊ ရန်ကုန်ကို ကျုပ်တို့ လေယာဉ်နဲ့ဆင်းတာပေါ့''

''ဒီပုံစံတွေနဲ့လား''

သူမအပြောကို မကြားချင်ယောင်ဆောင်ကာ သူ ထမင်းဆက်စားနေ၏။ တကယ်ဆို သူမလက်ကဲ ငွေဟူ၍ ချူးတစ်ပြားတောင်မရှိပါ။

စားသောက်ပြီး ထွက်လာတော့ သူက သူမကို ဈေးရှေ့ ရပ်ပေး၏။

''ရော့ ...ဒီမှာပိုက်ဆံ၊ မင်းအတွက် လိုအပ်မယ်ထင်တာတွေ ဒီဈေးထဲမှာရှိမယ်၊ ကျုပ် မင်းကို ဒီလက်ဖက်ရည်ဆိုင်က စောင့်နေမယ်၊ အေးအေးဆေးဆေးဝယ်ပါ''

သူမလက်ထဲ ပိုက်ဆံတစ်ထပ်ထည့်ကာ သူပြောသည်။ ယခုကြတော့လည်း သူက အလိုက်တသိရှိလှ၏။ သူပေးတဲ့ပိုက်ဆံ





ကို သူမ မငြင်းဘဲ ယူလိုက်ရသည်။

''ရှင့်ရဲ့ပိုက်ဆံကို ကျွန်မ ရန်ကုန်ရောက်ရင် ပြန်ပေးပါ့မယ်''

သူ မျက်မှောင်တစ်ချက်ကြုတ်ကာ သူမကိုကြည့်၏။

''နေပါဦး အမိကို လိုက်ပို့ပေးတာ ကျုပ် ငွေလိုချင်တယ်မှတ်နေသလား''

သည်တော့မှ သူမ စကားမှားသွားတာကို သတိရ၏။

''ကျွန်မ တောင်းပန်ပါတယ်''

''မလိုပါဘူး၊ ကဲ သွားတော့ ကျုပ်စောင့်နေမယ်''

သူမ လှည့်ထွက်ခဲ့၏။

သည်လူနဲ့ စကားပြောရတာ တစ်ချက်တစ်ချက် အဆင်မပြေ။ သို့သော် သူက သူမရဲ့ကျေးဇူးရှင်၊ ဘာပဲဖြစ်ဖြစ် သည်းခံသင့်၏။

ဈေးထဲမှာ သူမအတွက် လိုအပ်သော အဝတ်အစားသုံးလေးစုံနှင့် အလှပြင်ပစ္စည်းတချို့ ဝယ်သည်။ လုံချည်တွေကို ချက်ချင်းချုပ်စေကာ အင်္ကျီက ရယ်ဒီမိတ်တွေ။

ထို့နောက် အိတ်တစ်လုံးဝယ်ကာ အဝတ်အစားနှင့် အလှပြင်ပစ္စည်းတွေထည့်ပြီး ထွက်လာခဲ့၏။ သူစောင့်နေသော လက်ဖက်ရည်ဆိုင်ရှေ့အရောက် ကားကိုမြင်ပေမယ့် သူ့ကိုမမြင်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သွားပါလိမ့်။

သူမ ကားနားရပ်နေစဉ် …

"မင်း …ဝယ်လို့ပြီးပြီလား"

"ဟင်"

အသံနှင့်အတူ ရောက်ရှိလာသော သူ့ကို အံ့သြစွာကြည့်မိ၏။

ကြည့်စမ်း …

သူက ဆံပင်ကို တိုတိုညှပ်ကာ မျက်နှာမှာ ဘာအမွေးအမျှင်မှမရှိတော့။ အဝတ်အစားကတော့ မနက်ကဝတ်လာတဲ့ အတိုင်း ခပ်ပွဟောင်းဟောင်း ဂျင်းဘောင်းဘီနက်ပြာနှင့် ဂျာကင်ပင်။

သို့သော် သူ့ပုံစံမှာ လွန်စွာသပ်ရပ်သွားကာ မျက်နှာချောချောမှာ တည်ကြည်ခန့်ညားနေသည်။

"ဘာဖြစ်လို့လဲ"

သူမကြည့်တော့ သူပြန်မေး၏။

"ဟို …ရှင်"

"ဪ …ဒါတွေလား၊ မြို့ပေါ်တက်ရမှာဆိုတော့ ဒါတွေရှိလို့ မဖြစ်ဘူးလေ၊ ကဲ ပြီးရင်သွားစို့"

"ဟို ကျေးဇူးပြုပြီး ကျွန်မကို အလှပြင်ဆိုင်ရှေ့မှာ ခဏ ရပ်ပေးပါ၊ အဝတ်အစားလေး လဲလိုက်ချင်လို့"





"အင်း …ဖြစ်ပါတယ်"

ဒေါ်စမ်း အဝတ်အစားများနှင့် သူမကို သူကိုယ်တိုင် ကြည့်ရဟန်မတူ။ အနီးဆုံးအလှပြင်ဆိုင်မှာ ကားရပ်ပေးသည်။

"မြန်မြန်နော်"

"ဟုတ်ကဲ့"

သူမ အဝတ်အစားအိတ်ဆွဲကာ ဆိုင်ထဲဝင်ခဲ့၏။ ထို့နောက် ဆံပင်နည်းနည်းပြင်ပြီး မိတ်ကပ်ပါးပါးလူးကာ အဝတ်အစားလဲပြီး ပြန်ထွက်ခဲ့သည်။

ကြည်ပြာရောင်လုံချည်ကို အရောင်နှစ်ထပ်အပြာနုဖြင့် တွဲဝတ်ထားသော သူမပုံစံလေးက ယခုမှ အချိုးကျကာ သပ်ရပ်ကျော့ရှင်းနေ၏။

"အို"

အလှပြင်ဆိုင်ထဲက ပြန်ထွက်လာသော သူမကို သူခပ်စူးစူးကြည့်သည်။ ထို့ကြောင့် သူမ ဖျတ်ခနဲ မျက်လွှာချမိရ၏။

"ကျွန်မ မကြာပါဘူးနော်"

သူခေါင်းညိတ်ပြီး ကားစက်နှိုးသည်။

"ကျုပ်တို့ မန္တလေးဆင်းမယ်"

သူမ ဘာမှမပြောဘဲ ငြိမ်နေလိုက်၏။ အားလုံး သူသဘောပဲ။ သူမအသက်ကိုတောင် သူက ပိုင်ဆိုင်ထားတာပဲမဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



သူက ကားမောင်းကျွမ်းကျင်၏။ ကြည့်ရတာ ဒီလမ်းတွေ သူသွားနေကျထင်ပါရဲ့။ ဗျူးပွိုင့်မှာ ခဏနားကာ လက်ဖက်ရည် သောက်ကြ၏။

ထို့နောက် ကားဆက်ထွက်ခဲ့သည်။ မန္တလေးရောက်တော့ မိုးစုန်းစုန်းချုပ်ပြီ။

သူက တည်းခိုခန်းရှေ့ရပ်သည်။

"အခန်းရှိသေးလား"

"နှစ်ယောက်ခန်းပဲရှိတယ် ဆရာ"

"အို"

သူမ မျက်လွှာချမိစဉ် သူက တည်ငြိမ်သောလေသံဖြင့်

"ဒါဆို အဲဒီအခန်းကို ယူမယ်"

ဆိုကာကြောင့် ဖျတ်ခနဲ သူ့ကိုကြည့်မိရ၏။ သူ့မျက်နှာက တော့ တည်တည်ငြိမ်ငြိမ်။

အခန်းထဲရောက်တော့ တစ်ယောက်အိပ်ခုတင်နှစ်လုံးတွေ့မှ သက်ပြင်းချနိုင်သည်။

"မတတ်နိုင်ဘူး၊ ဒီအခန်းပဲရှိတော့ ယူလိုက်ရတယ်၊ ဒါပေမယ့် မင်းစိတ်ချပါ၊ ကျုပ် အခန်းပြင်ထွက်အိပ်မယ်"

"အို …ရပါတယ်၊ ဒီမှာ ခုတင်နှစ်လုံးရှိတာပဲ"

ဘာကြောင့်မှန်းမသိ သူမစိတ်က သူ့ကို အလိုလိုယုံကြည်





နေ၏။

"ကဲ …ခဏနား၊ ရေချိုးပြီး ကျုပ်တို့ ညစာထွက်စား ကြတာပေါ့"

သူပြောပြီး အခန်းထဲမှ ထွက်သွား၏။ သူမအခန်းတံခါး ပိတ်ကာ ရေချိုးလိုက်သည်။ တစ်နေ့လုံး ပင်ပန်းသမျှ ရေချိုးလိုက်မှ လန်းဆန်းသွားရတော့သည်။

ထို့နောက် ဝယ်လာသော အလှပြင်ပစ္စည်းလေးများဖြင့် မျက်နှာကို အနည်းငယ်ပြင်မိသည်။ ညဘက်မို့ စတော်ဘယ်ရီ ရောင်လုံချည်ကို အကေနှစ်ထပ် စတော်ဘယ်ရီရောင်ဖြင့် တွဲဝတ် ကာ ဆံပင်ကို ညင်သာစွာ ဖွဖွဖြီး၍ ပုံသွင်း၏။

သူပြန်လာတော့ သူမက အားလုံးအဆင်သင့်၊ တံခါးဖွင့် ပေးလာသော သူမကို သူတစ်ချက် စူးခနဲကြည့်သည်။

"မင်းတောင် အသင့်ဖြစ်ပြီပဲ၊ ကျုပ် ရေချိုးလိုက်ဦးမယ်"

"ကျွန်မ အပြင်ထွက်ပေးရမလား"

သူ ပခုံးတွန့်ကာ 'ရတယ်'ဟု ဖြေသည်။

သူရေချိုးနေစဉ် သူမ တီဗွီကြည့်နေလိုက်၏။ သူ အဝတ် အစားကို ရေချိုးခန်းထဲ ယူလဲပုံပင်။

"ကဲ …ပြီးပြီ၊ သွားစို့"

သူမကြည့်လိုက်တော့ သူက သက္ကလပ်ပါး မီးခိုးရောင်



www.burmeseclassic.com

www.burmeseclassic.com



ဘောင်းဘီရှည်ကို အပြူရောင် စပို့ရှပ်နှင့် တွဲဝတ်ကာ သပ်ရပ်ခန့် ညားချောမောလို့။ သူမ ခပ်ငေးငေးကြည့်ဖြစ်သွား၏။

ကြည့်စမ်း …ဟိုတုန်းက မုတ်ဆိတ်ပါးမြိုင်းမွေးတွေနှင့် တောထဲကလူနဲ့ တခြားဖြစ်သွားပါလား။

''ဘာကြည့်တာလဲ''

''ရှင်က ဒီလိုကြတော့လည်း ကြောက်စရာမကောင်းတော့ ဘူးနော်''

သူ မျက်မှောင်တွန့်သွားကာ …

''ဘာလဲ အမိက အရင်က ကျုပ်ကို ကြောက်စရာ ကောင်းတယ်လို့ ပြောတာလား''

''အို …မဟုတ်ပါဘူး၊ ဒါပေမယ့် ခုလိုနေတာ ရှင်နဲ့ပို လိုက်တယ်''

ပြောမိပြီးမှ သူမ ရှက်သလိုဖြစ်သွား၏။ သူ ပခုံးတွန့် ကာ …

''ကျုပ်နေတာ တောထဲမှာ၊ မြို့ပေါ်မှာလို နေနေလို့မရဘူး၊ တကယ်တော့ အပေါ်ယံဟန်ဆောင်မှုတွေကို ကျုပ်က မကြိုက်ဘူး''

သူ့အယူအဆက တစ်မျိုးဆိုတာ သူမသိထားပြီမို့ ဘာမှ ဆက်မပြောတော့ပေ။ သူက ကားမောင်း၍ စားသောက်ဆိုင်ခေါ် လာ၏။





မန္တလေးရှိ စားသောက်ဆိုင်တိုင်းမှာ အသားကင်၊ မာလာ ဟင်းနှင့် တခြားစားစရာတွေပါ ရှိသည်။

သူက အသားကင်မှာပေး၏။ ထမင်းမစားခင် အသားကင် စားကြသည်။ နောက်မှ ထမင်းဖြူနှင့် တခြားစားစရာများ။

''ကျုပ်တို့တောထဲက ခေါ်စမ်းရဲ့ အသားကင်က ပိုကောင်း တယ်''

''ဟုတ်တယ်နော်၊ ကျွန်မဖြင့် ခေါ်စမ်းတို့ကို သတိရ လိုက်တာ''

သူ ဖျတ်ခနဲကြည့်ကာ …

''နောက်တော့ မေ့သွားမှာပါ''

''အို…ဘာလို့မေ့ရမှာလဲ၊ စိတ်ချ ကျွန်မ သူတို့ကို ဘယ် တော့မှ မမေ့ဘူးရှင်''

သူမယုံသလိုပြုံးတိုင်း သူမ ခံပြင်းမိ၏။

''ဒါကတော့ မင်းမိသားစုကို မတွေ့သေးလို့ပါ၊ ပြီးတော့ မင်းချစ်သူ''

''အို …ကျွန်မဘဝမှာ ဒီလူတွေမှ ရှိရဲ့လားမသိဘူး၊ ရှင် ထင်ကြေးနဲ့ မပြောစေချင်ဘူး''

''ဘာလို့ မရှိရမှာလဲ၊ လူတစ်ယောက်မှာ အနည်းဆုံး မိသားစုဆိုတာ ရှိတာပေါ့၊ အထူးသဖြင့် မင်းလိုလှတဲ့ မိန်းမလေး



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် ပိုင်ဆိုင်တဲ့လူတောင် ရှိနေလောက်တယ်''

သူ ထိုသို့ပြောတော့ သူမမျက်နှာ နီရဲသွား၏။

''ရှင်မသိဘူးလား၊ ကျွန်မမှာ ပိုင်ဆိုင်တဲ့လူ၊ ချစ်ခင်တဲ့ မိသားစုရှိနေရင် မဟူရာကွေ့လိုနေရာမှာ ကျွန်မတစ်ယောက်တည်း ဘာကြောင့်ရှိနေရတာလဲ၊ တကယ်တော့ ရှင်ထင်သလိုမဟုတ်ဘဲ ကျွန်မဟာ တစ်ကောင်ကြွက်များ ဖြစ်နေမလား''

''ဘာကြောင့် မင်း ဒီလိုအားငယ်တဲ့အတွေး ဝင်ရတာလဲ၊ ဘာပဲဖြစ်ဖြစ် မကြာခင် အဖြေက ပေါ်လာတော့မှာပါလေ၊ ကဲ စားပြီးရင် ကျုံးတစ်ပတ် လေညှင်းခံကြတာပေါ့''

စားသောက်ပြီးတာနှင့် လှပသော မန္တလေး၏ ညချမ်းသည် မီးအလင်းရောင်တို့ဖြင့် ထိန်ဖြာကာ ကျုံးကို ပတ်၍ လေညှင်းခံကြသည်။

''သိပ်လှတဲ့ညပဲနော်''

ကျုံးဘေးမှာ ကားကို ခဏရပ်၏။ ကားပေါ်မှဆင်းကာ လေညှင်းခံကြသည်။ သူမပြောတော့ သူခေါင်းညိတ်၏။

''ဟုတ်တယ်၊ ကျုပ်တို့တောထဲက ညတွေနဲ့ တခြားစီ မဟုတ်လား''

''အို ...တောထဲကညတွေလည်း တိတ်ဆိတ်အေးချမ်းပြီး လှတာပါပဲရှင်''





သူက မယုံဟန်ဖြင့် ကြည့်သည်။ သူမကတော့ အမှန် ပြောခြင်းပါ။ သည်မှာတော့ ကားသံ၊ ဆိုင်ကယ်သံတွေဖြင့် ဆူညံ လို့။

''ရန်ကုန်ရောက်ရင် တောထဲက အကြောင်းတွေ မင်း မေ့သွားမှာပါလေ''

''ဒါပေမယ့် လောလောဆယ် မမေ့နိုင်တာက ကျွန်မ ဘဝအတွက် အဲဒီအကြောင်းတွေပဲ၊ လက်ရှိ ကျွန်မသိတာ တောထဲ ကအိမ်၊ ဒေါ်စမ်း၊ ဦးအိုက်နဲ့ ရှင်''

''မင်း အတိတ်ကိုသတိရရင် ကျုပ်တို့ကို မေ့သွားမှာပါ''

''ဒါဆို အတိတ်ကို ကျွန်မ သတိမရချင်တော့ဘူး ဆိုရင် ကော''

သူ ပခုံးတွန့်သည်။

''ကျုပ်ကတော့ မင်းရဲ့အတိတ်ကို သတိရစေချင်တယ်၊ ဒါမှ မင်းဘာကြောင့် မဟူရာကွေ့မှာ ရောက်နေတယ်ဆိုတာသိ မှာပါ''

''ဟင်း ...ဒါလည်း ဟုတ်ပါတယ်၊ ကျွန်မ ဘာတွေ ဖြစ်ခဲ့တယ်ဆိုတာ သိပ်သိချင်တာပဲ၊ အဲဒီလိုနေရာကို ကျွန်မ ဘာ ကြောင့် တစ်ယောက်တည်းရောက်ပြီး သတိလစ်နေတာလဲ၊ အို... ခေါင်းတွေမူးလိုက်တာ''



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ...ဒီအကြောင်းတွေ သိပ်တွေးမနေပါနဲ့၊ မင်း အနားယူဖို့ပြန်စို့"

အခန်းထဲရောက်တော့ သူက ခေါင်းအုံးနှင့်စောင်ကို ယူ၏။

"ရှင် ဘာလုပ်မလို့လဲ"

"ကျုပ် ဧည့်ခန်းမှာသွားအိပ်မယ်"

"အို ...မဟုတ်တာ၊ ဒီမှာပဲ အိပ်ပါ"

"မင်းက ကျုပ်ကိုယုံလို့လား"

ထိုအမေးကြောင့် ဖျတ်ခနဲ သူ့ကို ကြည့်မိသည်။

"ကျွန်မမှာ ရှင့်အိမ်မှာနေခဲ့တာလေ၊ ရှင်ပိုင်တဲ့နေရာမှာတောင် ကျွန်မ စိတ်ချလက်ချ နေနိုင်ခဲ့သေးတာပဲ၊ ဘာကြောင့် ခုမှ စိတ်မချရမှာလဲ"

သူ လှစ်ခနဲပြုံးလိုက်သလိုပါပဲ။ နောက်တော့ ...

"မင်း စိတ်ချပါ၊ ကျုပ်က မိန်းမတွေဆို မြွေတစ်ကောင်လို ကြောက်တဲ့သူ"

ပြောပြီး အိပ်ရာပေါ်လှဲချကာ မျက်ဝန်းအစုံတို့ မှိတ်သွားလေ၏။ မကြာခင် သူ့ထံမှ အသက်ခပ်ပြင်းပြင်းရှူသံ ပေါ်လာသည်။ သူ အိပ်သွားပြီပဲ။





သူဘယ်လိုစီစဉ်လိုက်တယ်မသိ၊ နောက်တစ်နေ့မှာပင် သူမတို့ လေယာဉ်ဖြင့် ရန်ကုန်သို့ ထွက်ခဲ့သည်။

လေယာဉ်ပေါ်မှ သူမ ခေါင်းမူးနေတာကြောင့် ဘာစကားမှမပြောဖြစ်။ ချုံချဉ်ငုံထားလိုက်၏။ သူ့ထံမှ မကြာခဏ သက်ပြင်းချသံကိုတော့ ကြားနေရသည်။

သူဘာကြောင့် သက်ပြင်းချနေတာပါလိမ့်။ ရန်ကုန်ရောက်တာနှင့် ကားငှားပြီး ကဒ်ပြားပေါ်ရှိ လိပ်စာအတိုင်း လာခဲ့ကြသည်။

သူမ လက်ဖဝါးချင်းပွတ်နေတာ မြင်၍ ...

"မင်း စိတ်သိပ်လှုပ်ရှားနေလား"

"အင်း ...နည်းနည်းပါးပါးပါ"

တကယ်တော့ သူမမိသားစုဟာ ဘယ်လိုလဲဆိုတာ သိချင်စိတ်စောနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို သူတို့လက်ထဲအပ်ပြီးရင် ကျုပ် ချက်ချင်းပြန်မယ်"

"အို …မဟုတ်တာပဲ၊ ကျွန်မက နေခဲ့ရမှာလား"

"ကျွတ် …မင်းက မင်းမိသားစုနဲ့ တွေ့နေမှတော့ နေခဲ့ရမှာပေါ့ကွ"

ထိုစကားကြောင့် သူမရင်ထဲ အားငယ်သွားသလိုပါပဲ။ ဒါပေမယ့် သူပြောတာလည်း မှန်တာမို့ ငြိမ်သွားရသည်။

"ဆရာတို့ပြောတဲ့ လိပ်စာအတိုင်းဆို ဒီခြံပဲ"

ကားသမားက အုတ်တံတိုင်းကြီးများ ကာရံထားသော ခန့်ညားလှပသည့် ခြံကြီးရှေ့ ရပ်ကာပြော၏။

"ကျေးဇူးပဲဗျာ"

သူပြောရင်း ကားခထုတ်ပေးသည်။ သူမမှာ ခန့်ညားသော အုတ်တံတိုင်းကြီးနှင့် လှပဝင့်ထည်သော အဖြူရောင်တိုက်ကြီးကို ကြည့်ကာ အံ့ဩမိသည်။

ဒါ သူမအိမ်တဲ့လား။

သည်ခြံကြီးနဲ့ တိုက်ကြီးအတွင်းမှာ သူမတို့မိသားစု ရှိသတဲ့လား။

သူတို့ …သူမပျောက်နေတာ မသိဘူးလား၊ မရှာကြဘူး





လား။

သူက ခြံထဲ တစ်ချက်အကဲခတ်ကြည့်သည်။ ပြီးမှ သူမဘက်လှည့်ကာ …

"ကဲ …မင်းအိမ်တော့ ရောက်ပြီအမိ"

ပြောရင်း သူ လူခေါ်ဘဲလ်နှိပ်လိုက်၏။ မကြာခင် နိုင်ခန့်သော ခြံတံခါးကြီး ပွင့်လာကာ ခြံစောင့်ဖြစ်ဟန်တူသော အဝတ်အစား ခပ်နွမ်းနွမ်းဖြင့် လူကြီးတစ်ယောက် ထွက်လာ၏။

"ဘာကိစ္စရှိလို့လဲ"

"ကျုပ်တို့ ဒီအိမ်ရှင်နဲ့ တွေ့ချင်လို့"

"ဘယ်သူလို့ ပြောလိုက်ရမလဲ"

ထိုအမေးကြောင့် သူက သူမဘက် ဖျတ်ခနဲ လှည့်ကြည့်ကာ …

"ခင်ဗျား သူ့ကို မသိဘူးလား"

ထိုလူကြီးက သူမကိုကြည့်ကာ ခေါင်းခါယမ်း၏။

"မသိဘူး၊ ဒီမိန်းကလေးက ဘယ်သူလဲ"

"ဟင်"

သူမကိုယ်တိုင် အံ့ဩသွားရသည်။ သည်အိမ်က သူမကို ခြံစောင့်ကြီး မသိဘူးတဲ့။

"သေချာကြည့်စမ်းပါဦးဗျာ၊ သူ ဒီအိမ်က မြစိမ်းညြ



www.burmeseclassic.com

www.burmeseclassic.com



လေ''

''ဟာ ...မဟုတ်တာပဲ၊ မဖြစ်နိုင်ဘူး''

သူ့စကားကို ခြံစောင့်ကြီးက ခါးသီးစွာငြင်းတော့ သူမ မျက်နှာပျက်သွားရ၏။ သူကိုယ်တိုင် မျက်နှာအနည်းငယ် ပျက် ပေမယ့် ချက်ချင်းပင်။

''ကဲပါလေ ကျုပ်တို့ကိုသာ တံခါးဖွင့်ပေးပါ၊ ကျုပ်တို့ ဒီအိမ်က မိသားစုနဲ့ တွေ့မယ်''

''ခဏနေပါဦး၊ ကျုပ် အကြောင်းကြား''

''ကျွတ် ...မလိုပါဘူးဗျာ၊ ဒီမိန်းကလေးက ဒီအိမ်ရဲ့ မိသားစုပါ၊ ကဲ ...ဖယ်ဗျာ''

ထိုနောက် သူမနှင့်အတူ ခြံထဲဝင်ခဲ့၏။ ခြံကြီးအထဲရောက် မှ ခမ်းနားမှုပို၍ ကြီးကျယ်တာ မြင်ရသလို အဖြူရောင်နှစ်ထပ်ခွဲ တိုက်ကြီးကလည်း ကြီးကျယ်ခမ်းနားလှပါဘိ။

''ဒီအိမ်ကိုမြင်တော့ မင်းစိတ်ထဲ ဘယ်လိုထင်လဲ''

''ဟို သိပ်ကြီးကျယ်ခမ်းနားတာပဲလို့''

''ဟာ ...ကျွတ် ကျုပ်မေးတာ ဒါမဟုတ်ဘူးကွ၊ မင်း စိတ်ထဲ ရင်းရင်းနှီးနှီး မရှိဘူးလား မေးတာ''

''ဟင့်အင်း''

သူမ ခေါင်းခါယမ်းတော့ သူ မျက်မှောင်တွန့်သွားသည်။





ခြံစောင့်ကြီးက သူမတို့ထက်အရင် အိမ်ထဲဝင်၍ သတင်းသွားပို့ ၏။

''ခင်ဗျားတို့ ခဏထိုင်ပါဦး''

''ဟုတ်ကဲ့''

ကြီးမားသော ဆင်ဝင်အောက်မှ ဝင်လိုက်လျှင် ကျယ်ဝန်း သားနားခန့်ညားသော ဧည့်ခန်းကျယ်ကြီးကို တွေ့ရ၏။

သူမတို့က အဖြူရောင်ဆိုဖာဆက်တီတွင် ဝင်ထိုင်လိုက် သည်။

မကြာခင် လှေကားပေါ်မှ ခြေသံကြားရ၏။ ကြည့်လိုက် တော့ အသက်ငါးဆယ်အရွယ် ခန့်ညားသော အမျိုးသားကြီး တစ်ယောက်။

ထိုလူကြီး ဘေးမှာ အသက်သုံးဆယ်ငါးနှစ်ဝန်းကျင် ခေတ်မီ လှပသော အမျိုးသမီးတစ်ယောက်။

နှစ်ယောက်လုံးက သူမတို့ကို တွေ့ရခိုက် မျက်နှာဖျတ်ခနဲ ပျက်သွားလေ၏။

''ဧည့်သည်ဆိုတာ မင်းတို့လား''

အမျိုးသားကြီးက သူမတို့ကိုကြည့်ကာ မေးသည်။ သူ နေရာမှ ထရပ်ကာ ...

''ဟုတ်ပါတယ်၊ ဦးလေးတို့က ဒီအိမ်ရှင်တွေလား''



www.burmeseclassic.com

www.burmeseclassic.com



''အေး ...ဟုတ်တယ်၊ ဘာကိစ္စရှိလို့လဲ''

''ဒါဆို သူ့ကို မသိဘူးလား''

သူက ပွင့်လင်းစွာပင် သူမဘက် လက်ညှိုးထိုးကာ မေးသည်။ အမျိုးသားကြီးနှင့် အမျိုးသမီးနှစ်ယောက်လုံးက သူမကို ကြည့်ပြီး ခေါင်းခါယမ်း၏။

''ဟင့်အင်း''

''ဘာဗျ ...ခင်ဗျားကို့ သူ့ကိုမသိဘူး ဟုတ်လား၊ သူ ဒီအိမ်က မြစိမ်းကြည်လေ''

''မောင်ရင့် ဘာတွေပြောနေတာလဲ၊ ဒီအိမ့်က မြစိမ်းကြည် က ဆုံးသွားခဲ့ပြီကွယ့်''

''ဗျာ''

''ရှင်''

အမျိုးသားကြီး၏ အဖြေကြောင့် သူနဲ့ သူမတို့ အံ့သြသွားရသည်။ သူမလည်း နေရာမှ ဆက်ခနဲ မတ်တပ်ရပ်မိ၏။

''မဟုတ်ဘူး ...မြစိမ်းကြည်ဟာ မသေဘူး၊ ဒီမှာရှင့် ကျွန်မရဲ့ကဒ်''

သူမအိတ်ထဲမှ ကဒ်ကို ထုတ်ပြလိုက်သည်။

အမျိုးသားကြီးက ထုတ်ယူကြည့်သည်။ ထို့နောက် သူမကို ခပ်စူးစူးကြည့်၏။





''အင်း ...မင်းဟာ မြစိမ်းကြည်နဲ့တော့ အတော်တူပါတယ်၊ ပြောစမ်းပါဦး၊ ဒီကဒ်ကို မင်းဘယ်ကရလာတာလဲ''

''ကျုပ် သူ့ကို မဟူရာကွေ့က ကယ်ခဲ့တာ၊ ဒီကဒ်ကို လည်း မဟူရာကွေ့ကပဲရတယ်၊ ဒါဆို မြစိမ်းကြည်ဆိုတာ ခင်ဗျား တို့ လက်ခံပြီလား''

သူမေးတော့ သူတို့ ခေါင်းခါယမ်းကြသည်။

''ကဒ်လေးတစ်ခုကိုပြပြီး ကျုပ်တို့နဲ့ ဘာမှမတော်စပ်တဲ့ မိန်းကလေးတစ်ယောက်ကို ဘာကြောင့် လက်ခံရမှာလဲကွ''

''ခင် ...ခင်ဗျားကို့ နေပါဦး၊ မြစိမ်းကြည်ဟာ ခင်ဗျား တို့နဲ့ ဘာတော်လဲ''

ထိုအဖြေကို သူမကလည်း သိချင်နေမိ၏။ ထိုလူကြီးက သူမကို ခပ်စူးစူးကြည့်ကာ ...

''ဒါကို ကျုပ်မမေးဘဲ ဒီမိန်းကလေးကိုမေးရင် ကောင်းမယ်၊ သူဟာ မြစိမ်းကြည်အစစ်ဆိုရင် ဖြေနိုင်မှာပေါ့လေ''

ထိုစကားကြောင့် သူမ မျက်နှာပျက်သွား၏။ သူက ...

''မင်း သူတို့ကိုသိလား''

ဟု မေးသည်။

''သေချာစဉ်းစားနော်၊ သူတို့ ဘယ်သူတွေလဲဆိုတာ''

သူသတိပေးတော့ ထိုလူကြီးက ခပ်မဲ့မဲ့မေးသည်။ ...



www.burmeseclassic.com

www.burmeseclassic.com



သည် အတိတ်ကို သတိရနိုးဟန် ကြိုးစားကြည့်၏။ သို့သော် သူမခေါင်းတွေသာ မူးလာ၏။ သူမရှေ့ ရပ်နေတဲ့လူတွေဟာ ဘယ်သူလဲဆိုတာ နည်းနည်းလေးမှ မသိ။

"ဟင့်အင်း"

သူမ၏အဖြေကြောင့် သူ မျက်နှာ လုံးဝပျက်ကျသွားပေမယ့် တစ်ဖက်လူကတော့ အောင်နိုင်စွာ ပြုံးလေ၏။

"ကဲ ...ဒီမိန်းကလေးကိုယ်တိုင်က ကျုပ်တို့ကို မသိပါဘူးလို့ ဝန်ခံနေပြီ မောင်ရင်၊ မြစိမ်းကြည်နဲ့ ရုပ်တူတာကို အကြောင်းပြုပြီး မောင်ရင်က ကျုပ်တို့ကို လာလှည့်စားလို့ မရဘူးလေ"

"ဘာဗျ"

တစ်ဖက်မှ အမျိုးသားကြီး၏ စကားကြောင့် သူ့မျက်နှာ ခံပြင်းကာ နီရဲသွားသည်။

ကြည့်စမ်း ...သူကပဲ မြစိမ်းကြည်အတုကို ခေါ်လာကာ အပိုင်ကြံချင်သလိုလို။

"ဟုတ်တယ်လေ၊ ပျောက်ဆုံးနေတဲ့ မြစိမ်းကြည်ရဲ့ကဒ်ကို အသုံးချပြီး မင်းတို့နှစ်ယောက် ကျုပ်တို့ကို လှည့်စားဖို့ ရောက်လာတာမဟုတ်လား"

"ဟုတ်တယ် ကိုကို၊ ဒါပဲဖြစ်မယ်"

တစ်ချိန်လုံး ငြိမ်နေသော အမျိုးသမီးက နီရဲစွာဆိုးထား





သော နှုတ်ခမ်းကို မဲ့ရွဲ့ကာ ဝင်ပြော၏။

"ရှင် ...ရှင်တို့ စော်ကားလှချည်လား၊ ကျွန်မတို့ အဲဒီလိုလူတွေမဟုတ်ဘူး"

သူမ မခံရပ်နိုင်သလို မျက်နှာလေးနီရဲစွာဖြင့် ဝင်ပြော၏။ သူက အံကြိတ်ကာ ...

"ဒီမှာ ခင်ဗျားတို့ သိထားရမှာက သူ့ကို မဟူရာကျွန်းမှာ ကျုပ်ကယ်လာကတည်းက ခေါင်းမှာ ဒဏ်ရာနဲ့မို့ အတိတ်မေ့နေတာဗျ၊ ဒါကြောင့် ခင်ဗျားတို့ကို မသိတာ"

ထိုအခါ အမျိုးသားကြီးနှင့် အမျိုးသမီး နှစ်ယောက်လုံး မျက်နှာဖျတ်ခနဲ ပျက်သွားသည်။ သို့သော် ချက်ချင်းဟန်ဆောင်ကာ ...

"မင်းတို့စကားတွေကို ကျုပ်တို့ယုံမယ် မှတ်သလား၊ နှစ်ယောက်လုံး လိမ်ညာမှုနဲ့ အရေးမယူခင် အိမ်ထဲက ချက်ချင်းထွက်သွားပါ"

"ဟင်"

မမျှော်လင့်ဘဲ မောင်းထုတ်ခြင်း ခံလိုက်ရတာကြောင့် သူမတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်မိ၏။

"တောက် ...ခင်ဗျား ကျုပ်တို့ကို မောင်းထုတ်စရာမလိုဘူး၊ ကျုပ် ဒီလာတာ ဘာရည်ရွယ်ချက်မှ မရှိဘူး၊ သူမက



www.burmeseclassic.com

www.burmeseclassic.com



မြစိမ်းကြည်ဆိုရင် ခင်ဗျားတို့လက်ထဲ ကျုပ်အပ်ပြီး ပြန်ရုံပဲ''

''ကျုပ်ပြောပြီးပြီ၊ ဒီအိမ်က မြစိမ်းကြည်ဆိုတာ ဆုံးခဲ့ပါပြီလို့''

''အေးလေ ...ဒါဆို ကျုပ်တို့ပြန်ရတာပေါ့၊ ကဲ သွားမယ် အမိ''

သူမက အမျိုးသားကြီးနှင့် အမျိုးသမီးကြီးမျက်နှာကို ခပ်စူးစူးတစ်ချက်ကြည့်ပြီး ခြေလှမ်းကျဲကြီးများဖြင့် ထွက်ခွာသွားသော သူ့နောက်သို့ အပြေးလိုက်သွားမိ၏။

ဘာပဲဖြစ်ဖြစ် သူမကြောင့် သူ အပြောခံရတဲ့အတွက် စိတ်မကောင်းပါ။

တကယ်တော့ သူမကိုယ်တိုင်က မြစိမ်းကြည် ဟုတ်ရဲ့လားဆိုတာ သံသယဝင်နေမိ၏။

သူမ ဘယ်သူလဲ ...

မြစိမ်းကြည်ဟာ ဘယ်သူလဲ ...

မဟူရာကျွေ့မှာ သူမနဲ့အတူ မြစိမ်းကြည်ကဒ်ဟာ ဘာကြောင့်ရှိနေရတာလဲ။

သေချာတာကတော့ သူမသည် ယခုပြောလောလောဆယ်မှာ မှီခိုရာကင်းမဲ့နေပြီ။

××××





''ကျွန်မ တောင်းပန်ပါတယ်''

ရှေ့မှ ခြေလှမ်းကျဲကြီးများနှင့် သွားနေသော သူ့ထံ မီအောင်လိုက်ကာ ထိုစကားကို ကမန်းကတန်းလေး ပြောမိ၏။

သူ ဖျတ်ခနဲ ခြေလှမ်းတန့်ကာ သူမကိုကြည့်သည်။ သူ့မျက်မှောင်က ခပ်တွန့်တွန့်။

''မင်းက ဘာအတွက် တောင်းပန်တာလဲ''

''ဟို ...ကျွန်မအတွက်နဲ့ ရှင့်ကို ဟိုအိမ်ကလူတွေ အပြောခံရတာ''

''နေပါဦး၊ အဲဒီလူတွေကို မင်း တကယ်ပဲ မသိဘူးလား''

''ဟင့်အင်း''

သူမအဖြေကြောင့် သူ သက်ပြင်းချသည်။ သူမကိုလည်း ခပ်စူးစူးကြည့်၏။

''မင်းက ဘာမှမသိတော့ သူတို့ပြောတာပဲ မှန်နေသလို၊



www.burmeseclassic.com

www.burmeseclassic.com



အစကတည်းက တကယ်လို့ အဆင်မပြေဆိုရင် တွေးမိလို့ မင်းကို ကျုပ်ကိုယ်တိုင် လိုက်ပို့ခဲ့တာ''

''ဒါပေမယ့် ကဒ်ထဲမှာ ကျွန်မဟာ မြစိမ်းကြည် မဟုတ်လား''

သည်လောက်ခိုင်မာတဲ့ အထောက်အထားပါတာတောင် သူတို့ဘက်က ငြင်းလွှတ်ခြင်းကို မကျေနပ်နိုင်ပေ။

သူက သူမထံမှကဒ်ပြားကို သေချာယူကြည့်သည်။

''မင်းနဲ့တော့ အတော်ဆင်တာပဲ''

''ဩော် ...ရှင်ကပါ ကျွန်မကို မြစိမ်းကြည် မဟုတ်ဘူးလို့ ယူဆတာလား''

မခံချင်စိတ်လေးဖြင့် သူမ မေးမိ၏။ သူ ခေါင်းခါယမ်းကာ ...

''ဒီသဘောမဟုတ်ပေမယ့် ဓာတ်ပုံထဲက မြစိမ်းကြည် ဟာ ဆံပင်တိုတယ်၊ မင်းက ဆံပင်ရှည်တယ်၊ ပြီးတော့ ...''

သူက ဆက်မပြောဘဲ စကားရပ်၏။ သူမ မျက်မှောင်လေး တွန့်သည်။

''ပြီးတော့ ဘာဖြစ်လဲ၊ ဆက်ပြောလေ''

သူက သူမကို ဖျတ်ခနဲကြည့်သည်။

''ပြီးတော့ ...ဓာတ်ပုံထဲကထက် အပြင်မှာ မင်းက





ပိုလှနေတယ်''

''အို''

ထို့နောက် ပြောပြီး သူထွက်သွားသည်။ သူ့နှုတ်ဖျားမှ ထိုစကားကြားရတာ သူမအတွက် ထူးဆန်းနေသလိုလို။

သူ့ကျောပြင်ကြီးကို မဝံ့မရဲကြည့်ပြီး သူ့နောက်မှ လိုက်လာခဲ့မိ၏။ သို့သော် တစ်စုံတစ်ခုကို တွေးမိကာ သူမ ခြေလှမ်းတန့်သွားရသည်။

ယခုဆို သူမ ရန်ကုန်ရောက်ပြီ။

သူမဟာ မြစိမ်းကြည် ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ သူနဲ့ လမ်းခွဲသင့်ပြီ။

ယခုလို သူ့နောက် တစ်ကောက်ကောက်လိုက်နေတာ မဖြစ်သင့်ဘူး။ သူကလည်း သူမကို ထပ်မံ၍ လက်ခံချင်တော့မှာ မဟုတ်။

ခပ်လှမ်းလှမ်းရောက်တော့ သူ ဖျတ်ခနဲ လှည့်ကြည့် သည်။ သူမ ရပ်ကျန်ခဲ့တာမြင်တော့ ပြန်ကွေ့လာ၏။

''ဘာလုပ်နေတာလဲ''

အနားရောက်တော့ အလိုမကျသံနှင့် သူမကို မေးသည်။ သူမ မျက်လွှာလေးချကာ ...

''ကျွန်မ နေခဲ့တာ''



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

ရုတ်တရက် သူ့အသံက ကျယ်လောင်သွား၏။ သူမကို လည်း ခပ်စူးစူးကြည့်သည်။

"အဲဒါ ဘာအဓိပ္ပာယ်လဲ"

ထိုအမေးကြောင့် သူ့ကို ဖျတ်ခနဲ မျက်လွှာပင့်ကြည့်သည်။

"ဘာအဓိပ္ပာယ်မှ မဟုတ်ဘူး၊ ရှင်က ကျွန်မကို တာဝန် အရ ရန်ကုန်ပြန်ပို့ခဲ့ပြီ၊ ဒီတော့ ကျွန်မ ရှင့်နောက် ဆက်မလိုက်သင့် တော့ဘူးလေ"

"ဩော် ...ကျုပ်နဲ့လမ်းခွဲမယ်ဆိုတဲ့ အဓိပ္ပာယ်ပေါ့၊ ကောင်းပြီ ဒါဆို ဒီရန်ကုန်မှာ မင်းအသိ၊ မင်းဆွေမျိုးတွေ ဘယ် နှစ်ယောက်ရှိလဲ"

ခါးထောက်ကာ မျက်နှာတင်းတင်းဖြင့် သူမေး၏။ သူမ ခေါင်းခါယမ်းလိုက်သည်။

"ဟင့်အင်း ...တစ်ယောက်မှ မရှိဘူး"

"ကောင်းတာပေါ့၊ ဒီလောက် လူတွေရှုပ်ထွေးစည်ကား တဲ့ မြို့ကြီးမှာ အသိမိတ်ဆွေတစ်ယောက်မှ မရှိဘဲ မင်းနေခဲ့မယ် ဆိုတာ"

"ဟင်"

သူ စကားခနဲ့တာ မှန်ပေမယ့် တကယ်တမ်း သူမဘာ၀





က သွားစရာမရှိ။ ထို့ကြောင့် သူ့ကို ဝမ်းနည်းစွာကြည့်မိသည်။

"အေးလေ ...မင်းလည်း ကိုယ့်ဘာသာစဉ်းစားတတ်တဲ့ မိန်းကလေးပဲ၊ မင်းဘာလုပ်ပါလို့ ကျုပ် လမ်းညွှန်စရာမလိုပါဘူး၊ မင်းကြိုက်တဲ့လမ်း လျှောက်ပါ"

ပြောပြီး သူ ချာခနဲ လှည့်ထွက်သွားသည်။ သူမသည် တစ်ခဏမျှ ငိုင်နေပြီးမှ သူ့နောက် ခပ်သွက်သွက် ပြေးလိုက်မိ၏။

"ဒီမှာ ...ဒီမှာ ကျေးဇူးပြုပြီး ရှင် ကျွန်မကို ခေါ်သွား ပါ၊ တကယ်တော့ ကျွန်မအသက်ကို ရှင်ပိုင်တာပဲ မဟုတ်လား"

သူ 'ကျွတ်'ခနဲ စုပ်သပ်၏။

"ဘာလဲဟင် ...ရှင် ကျွန်မကို လက်မခံချင်တော့ဘူး လား"

ညိုးငယ်စွာ သူမ မေးတော့ သူ သက်ပြင်းချသည်။ ထို့နောက် အငှားကားတစ်စီး တား၏။

"ဟင် ...ရှင် ကျွန်မကို ထားသွားတော့မှာလား"

မျက်နှာလေးပျက်စွာ မေးတော့ သူ ဆတ်ခနဲ ကြည့်သည်။

"ဘာတွေမေးနေတာလဲ၊ ကားပေါ်တက်၊ ကျုပ်တို့ တည်းခို ခန်းတစ်ခု ရှာရမယ်"

"အို ...ကျေးဇူးပဲ"

သူမမျက်နှာလေး ပြုံးသွားကာ ဖျတ်ခနဲ ကားပေါ်တက်



www.burmeseclassic.com

www.burmeseclassic.com



ထိုင်လိုက်၏။ သူမ ကျွန်ရစ်မှာစိုးတဲ့ ပုံစံလေးနဲ့တက်တာမို့ သူ လှစ်ခနဲ ပြုံးမိသလားမသိ။

"ကျုပ်တို့ကို သင့်တော်မယ့် တည်းခိုခန်းပို့ပေးပါ"

ကားဆရာ ခေါင်းညိတ်သည်။ ထို့နောက် သူတို့ကို သပ်ရပ် သန့်ရှင်းကာ အဆင့်မြင့်သော တည်းခိုခန်းသို့ ပို့ပေး၏။

"ဆရာတို့ နှစ်ယောက်ခန်းလား"

"ဟုတ်တယ်"

"ဒါဆို ဆရာတို့က လင်မယားပေါ့"

"အို"

သူမမျက်နှာလေး နီသွားသလောက် သူခပ်တည်တည် အခန်းထဲရောက်တော့ ...

"တစ်ယောက်တစ်ခန်းစီတည်းရင် မင်းကို တစ်မျိုးမြင် မှာစိုးလို့ နှစ်ယောက်ခန်းယူလိုက်တာ"

သူမ မမေးဘဲ ရှင်းပြသည်။ သူမ ခေါင်းညိတ်ကာ...

"ရှင်ကောင်းသလို စီစဉ်ပါ၊ ကျွန်မ ဘာမှပြောစရာမရှိ ပါဘူး"

ထိုအပြောကြောင့် သူ ဖျတ်ခနဲကြည့်၏။ သူက စီးကရက် တစ်လိပ် ထုတ်သောက်သည်။

"မင်းစိတ်ထဲမှာ ဘယ်လိုထင်လဲ"





"ရှင်"

"ကျုပ်မေးတာ ဟိုအိမ်ကလူတွေကိုပါ"

သည်တော့မှ သူမ သက်ပြင်းလေးချနိုင်၏။

"သူတို့က ကျွန်မကို မြစိမ်းကြည်အဖြစ် လက်မခံကြဘူး၊ မြစိမ်းကြည်က ဆုံးခဲ့ပြီတဲ့၊ ဒါဟာ တကယ်ဆိုရင် ကျွန်မဘာထင် စရာရှိလဲ၊ ကိုယ့်လမ်းကိုယ်လျှောက်ရုံပေါ့"

"ဒါဆို မင်းဘာလုပ်မလဲ"

သူမကိုကြည့်ကာ မေးသည်။ သူမ ခဏစဉ်းစားပြီးမှ သူ့ကို ဖြေမိ၏။

"တကယ်လို့ ရှင်သာ လက်ခံမယ်ဆိုရင် ကျွန်မ ဒေါ်စမ်း တို့ဆီ ပြန်လိုက်ချင်တယ်"

"သေချာစဉ်းစားပါဦး၊ မင်း ရေရှည်တောထဲမှာ ပျော် မယ်ထင်လို့လား"

"အို ...လောဘဒေါသတွေနဲ့ မြို့ပေါ်က လူတွေနဲ့စာရင် တောထဲကအိမ်လေးဟာ ကျွန်မအတွက် ငြိမ်းချမ်းပါတယ်၊ ဒါပေ မယ့် ရှင် လက်မခံနိုင်ဘူးဆိုရင် ကျွန်မ ဘာတတ်နိုင်မှာလဲ"

"ကျုပ်က အမိကို လက်မခံပါဘူးလို့ မပြောသေးပါလား၊ တကယ်တော့ ဘာမှမသိတဲ့မင်းကို ဒီလိုမြို့ကြီးမှာ တစ်ယောက် တည်း ထားခဲ့ဖို့ ကျုပ် စိတ်မချပါဘူး အမိ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီ ...ဒီလိုဆို ရှင် ကျွန်မကို လက်ခံမယ်ပေါ့နော်"

သူက မရယ်မပြုံးဖြင့် 'အင်း' ဟု ခေါင်းညိတ်တော့ သူမ ဝမ်းသာသွားရ၏။ ထို့ကြောင့် သူ့ခြေရင်းမှာ ပြေးထိုင်မိသည်။

"ဘာလုပ်မလို့လဲ"

"ရှင့်ကို ကန်တော့မလို့၊ ရှင်က ကျွန်မအသက်ကို ကယ်ခဲ့ရုံမကဘူး ကျွန်မဘဝကိုပါ ကယ်ပေးတဲ့ ကျေးဇူးရှင်လေ"

သူက သူမပခုံးလေးကို ဆွဲထူ၏။

"ထပါ၊ ကျုပ်အတွက် ဒါတွေမလိုပါဘူး၊ ကြောင်လေးခွေးလေးတောင် ဒုက္ခရောက်ရင် ကယ်ရသေးတာပဲ၊ မင်းက လူဆိုတော့ ကျုပ်အဖို့ ပိုကယ်သင့်တာပေါ့"

"ဟင်"

ကဲ ...သူ့ကို လူ့ခွစာဟု ဆိုရမလား၊ လူတစ်ဖက်သားကျေးဇူးတင်စိတ်ပင် ပျောက်အောင်ပြောတတ်သူ။

"ကဲ ...အမိ ရေချိုး၊ ခဏနေရင် ကျုပ်တို့ မနက်စာထွက်စားကြတာပေါ့"

သူပြောပြီး အခန်းပြင်ဘက်ထွက်သွားသည်။ သူမ စိတ်ဆိုးရခက်နှင့် ကျန်ခဲ့ကာ နောက်ဆုံးတော့ သူပြောသလို ရေချိုးခန်းဝင်လိုက်ရ၏။

ပိတောက်ခြောက်ရောင် ဝတ်စုံလေးက သူမအတွက်





နောက်ဆုံးပင်။ ဝင်းစိုသော အသားအရေနှင့် ထိုဝတ်စုံမှာ လိုက်ဖက်လွန်းနေ၏။

သူ အခန်းထဲဝင်လာတော့ သူမက နက်မှောင်သော ဆံပင်လေးများ ဖြန့်ချလျက် အဆင်သင့်။ သူ ဖျတ်ခနဲ သူမကိုကြည့်သည်။

"ဗိုက်ဆာနေပြီလား"

"အင်း"

ဟန်မဆောင်ဘဲ သူမဖြေတော့ သူပြုံး၏။

"ခဏစောင့်၊ ကျုပ် မြန်မြန်ရေချိုးလိုက်မယ်၊ ရော့ အပျင်းပြေဖတ်ဖို့ ဂျာနယ်တွေ"

ဂျာနယ်တစ်ထပ်ကို သူမထံပေးပြီး သူ ရေချိုးခန်းသို့ ဝင်သွားသည်။ ဆယ့်ငါးမိနစ်အတွင်း သူပြီးလေသည်။

နက်ပြာရောင် ဂျင်းဘောင်းဘီနှင့် အပြာနုရောင် စပို့ရှပ်တို့ဖြင့် သူက ခန့်ညားလို့။

"ကဲ ...သွားစို့၊ ဒါနဲ့ မင်း တရုတ်စာလား၊ မြန်မာစာလား"

"ရှင်ကြိုက်တာပဲ"

"ဒါဆို မြန်မာထမင်းဆိုင်ကောင်းကောင်း သွားစားမယ်"

သူမတို့နှစ်ဦး သဘောတူကာ အငှားကားဖြင့် ထွက်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ကားဆရာက သပ်ရပ်ရှင်းသန့်ကာ အဆင့်မြင့်သော ထမင်းဆိုင်သို့ လိုက်ပို့ပေးလေသည်။

××××





ငါးမြင်းဗိုက်သားဆီပြန်၊ ငါးရံ့အူဟင်း၊ ဝက်သားပုန်းရည်ကြီးချက်၊ ငါးပိချက်နှင့် တို့စရာ အစုံအလင်၊ အချဉ်ရည်ဟင်းက ပူပူနွေးနွေးဖြင့် ပုသိမ်ပေါ်ဆန်းမွှေးဖြူဖြူက ကော့ပျံနေသည်။

နှစ်ယောက်သား ဆာနေတာမို့ မြိန်ယှက်စွာစားသည်။ သူက ထမင်းအတော်စားနိုင်၏။ ထို့ကြောင့်လည်း သူ့ခန္ဓာကိုယ်က သန်မာကျစ်လစ်တောင့်တင်းနေ၏။

တကယ်တော့ ခြံထဲမှာ တောအလုပ်လုပ်နေရသူမို့ ဒီလောက် ထမင်းစားတာမဆန်း။ သူမက နှစ်ပန်းကန်လျော့လျော့သာ စားနိုင်သည်။

"ဟင် …တော်ပြီလား"

"အင်း…ကျွန်မ ဒီလိုပဲ စားနိုင်တယ်"

"ဒါကြောင့် မင်းပိန်တာ"

"အို …ဒီခန္ဓာကိုယ်ကများ ပိန်တယ်တဲ့၊ ရှင် တကြီး



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတွေ ကြည့်ပါဦး၊ ကျွန်မကိုယ် တစ်ဝက်လောက်ပဲရှိမယ်"

တကယ်ပဲ ရန်ကုန်မြို့ထဲ သူမတွေ့သမျှ မိန်းကလေးတွေ ပိန်ပိန်ပါးပါး။

"သူတို့ကြည့်ရတာ မစားနိုင်မသောက်နိုင်လို့ ဖြစ်မှာပေါ့ကွ"

ထိုစကားကြောင့် သူမ ပြုံးမိသွား၏။

"အဟင်း…ရှင်ကလည်း ပြောတော့မယ်"

"အမှန်ပြောတာကွ၊ စားနိုင်သောက်နိုင်ရင် လူတိုင်းဝမှာပဲ"

"အို …သူတို့က တမင်ဝိတ်ချတာရှင့်"

သူ ပခုံးတွန့်သည်။

"သူတို့ကြည့်ရတာ လေတိုက်ရင် လဲတော့မယ့်အတိုင်းပဲ၊ မင်းလောက်မှကောင်းတာ"

"အို …ဒါဆို ကျွန်မက ဝတယ်ပေါ့"

သူ ခေါင်းခါယမ်းသည်။

"မဝပါဘူး၊ အနေတော်ပါပဲ၊ အသားအရေ ဒီလောက်တော့ရှိဦးမှာပေါ့ဗျ"

"အို"





သူက စကားပြောပွင့်လင်းတာမို့ သူမမျက်နှာလေး နီသွားရသည်။ သူက ဘာမှမဖြစ်သလို အချိုပွဲဆက်စားနေ၏။

ထမင်းစားပြီး သူမတို့ထွက်လာတော့ သူက ပေါင်ချိန်စက်ဆီ ခေါ်လာ၏။

"ကဲ …တက်ချိန်ကြည့်"

သူပြောတဲ့အတိုင်း သူမ တက်ချိန်ကြည့်လိုက်သည်။

"တစ်ရာ့နှစ်ဆယ်"

"ဟင် …ဒီလောက်ကြီးတောင်"

သူမမျက်နှာလေးမဲ့ကာ ပြောတော့ သူ ခေါင်းခါယမ်း၏။

"မင်းအရပ်နဲ့ဆို ဒါအတော်ပဲကွ၊ ဘယ်များမလဲ"

"ဟုတ်တယ် အစ်မရဲ့၊ အစ်မခန္ဓာကိုယ်လေးနဲ့ အတော်ပါပဲ၊ ရော့ …ကဒ်ပြားလေး"

ဗေဒင်ကဒ်ပြားလေး သူမ ယူဖတ်ကြည့်လိုက်တော့ …

"ချစ်တဲ့သူနဲ့ ပေါင်းရပါစေ"တဲ့။

"အို"

သူမမျက်နှာလေး မသိမသာ နီရဲသွားတော့ သူက …

"ဘာတဲ့လဲ အမိ"

"အို …ဟင့်အင်း ဘာမှမဟုတ်ပါဘူး"

ပြောလျက် ကဒ်ပြားလေးကို အိတ်ထဲ အမြန်ထည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရလေ၏။

“အမိ”

“ဟင်”

“လမ်းဖြည်းဖြည်းလျှောက်စမ်း”

“ဘာဖြစ်လို့လဲ”

သူမ နားမလည်သလို မေးလိုက်၏။ သူက နောက်သို့ မသိမသာကြည့်ပြီး ပြန်လှည့်လာသည်။

“ကျုပ်တို့နောက်ကို လူလိုက်နေတယ်”

“အို”

“ကျုပ် သတိထားမိတာကြာပြီ၊ ထမင်းဆိုင်က ထွက်လာကတည်းကပဲ၊ မင်း ခပ်ဖြည်းဖြည်း မသိမသာလှည့်ကြည့်”

သူပြောတဲ့အတိုင်း လှည့်ကြည့်မိတော့ ဦးထုပ်ခပ်ငိုက်ငိုက်ဆောင်းကာ မျက်မှန်တပ်ထားသော လူနှစ်ဦး။

သူမတို့နှင့် ခပ်လှမ်းလှမ်းမှာ ရပ်ကာ ဆေးလိပ်သောက်ချင်ယောင်ဆောင်နေကြ၏။

“အဲဒီလူတွေလား”

“ဟုတ်တယ်၊ ကဲ ...ဟန်မပျက် ဆက်လျှောက်”

သူမတို့သွားရာ ထိုလူတွေ ခပ်လှမ်းလှမ်းမှ ပါလာ၏။ လူတွေရော၍ ရှုပ်ထွေးသွားချိန် သူက သူမလက်ကို ဖျတ်ခနဲဆွဲ





ကာ စတိုးဆိုင်ကြီးတစ်ခုထဲ ဝင်ခဲ့သည်။

“တွေ့လား ဟိုလူတွေ ကျုပ်တို့ကို မမြင်ဘဲ ကျော်တက်သွားပြီ”

“ဟုတ်တယ်နော်”

“ကဲ ...ကျုပ်တို့ ကားငှားပြီးပြန်စို့”

သူ ဆိုင်မှထွက်၍ ကားငှားလိုက်သည်။ ဟိုလူနှစ်ယောက်ကို မတွေ့တော့ပေ။ သူမရင်ထဲ သူတို့ဘာကြောင့် ဒီလိုနောက်ယောင်ခံလိုက်တယ်ဆိုတာ သိချင်မိ၏။

“ကျွန်မတို့နောက်ကို သူတို့ ဘာကြောင့် လိုက်လာတာလဲဟင်”

တည်းခိုခန်းရောက်တော့ သူမမေးမိသည်။ သူ ခေါင်းခါယမ်းကာ ...

“ကျုပ်လည်း မသိဘူး၊ ဒါပေမယ့် တစ်ခုစဉ်းစားမိတာက မင်းနဲ့များ ပတ်သက်နေမလား”

“ရှင်”

“ကျုပ် နောက်တော့ နောက်ယောင်ခံလိုက်စရာမရှိဘူး၊ မင်းနောက်ပဲ လိုက်စရာရှိတယ်”

“အို ...ကျွန်မမှ သူတို့ကို မသိဘဲ”

“အေး ...သူတို့က မင်းကိုသိနေတာ ဖြစ်မှာပေါ့ကွ



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်တာရှင်"

သူမ ခေါင်းခါယမ်းရင်းပြောတော့ သူ သက်ပြင်းချ၏။

"ဘာပဲဖြစ်ဖြစ် တို့မှာ အန္တရာယ်တော့ ရှိနေပြီ၊ မပြန်ခင် သတိနဲ့နေမှဖြစ်မယ်၊ အထူးသဖြင့် မင်းပေါ့"

"အို ...ကျွန်မက ရှင်နဲ့အတူ အမြဲရှိနေတာပဲ"

"ကျုပ်မပါဘဲ မင်းတစ်ယောက်တည်း ဘယ်မှမသွားနဲ့"

"စိတ်ချပါ"

သည်တစ်မြို့လုံး သူမရဲ့ အသိမိတ်ဆွေဟူ၍ တစ်ယောက်တလေမျှ မရှိတာမို့ သူ့ကိုသာ အားကိုးမိရ၏။

သူ ပြတင်းပေါက် ဖွင့်ကြည့်သည်။

"ဟာ ...ဟိုလူတွေ ကျုပ်တို့ တည်းခိုခန်းရှေ့ ရောက်နေပါလား"

"ဟင် ...ဘယ်မှာလဲ"

မေးရင်း သူ့နားသွားကပ်ကာ အပြင်သို့ ကြည့်မိ၏။

"အို ...ဟုတ်ပါရဲ့၊ သူတို့ပဲ"

စောစောက နောက်ယောင်ခံလိုက်တဲ့ လူနှစ်ယောက်။ သူမရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။

"သေချာတယ်၊ သူတို့ ကျုပ်တို့နောက် လိုက်နေတာပဲ"

"ကျွန်မတို့ ဘာလုပ်ကြမလဲ"





"အခြေအနေစောင့်ကြည့်ရမှာပဲ၊ သူတို့ဘာကြောင့် ကျုပ်တို့နောက် လိုက်နေတယ်ဆိုတာ စုံစမ်းမှပဲ"

"အို ...ရှင် အန္တရာယ်များပါတယ်၊ ကျွန်မတို့ ဒီက အမြန်ဆုံးပြန်ကြပါစို့"

သူမ တိုက်တွန်းမိသည်။ အန္တရာယ်ရှိသောနေရာမှာ သူမတို့ ကြာကြာမနေချင်ပေ။

"ပြန်လို့မဖြစ်သေးဘူး၊ ကျုပ်ခြံနဲ့ ပတ်သက်တဲ့ စိုက်ပျိုးရေးပစ္စည်းလေးတွေ ဒီရက်ပိုင်း အပြီးသက်လိုက်ဝယ်ရမယ် အမိ"

"ဩော် ...အမိလည်း ရောက်တုန်းရောက်ခိုက် ဒီမှာ ဝယ်စရာရှိတာဝယ်ပါ"

သူပြောရင်း တစ်ထောင်တန် ပိုက်ဆံတစ်ထပ် ထုတ်ပေး၏။ သူမ ယူရမှာ လက်တွန့်သွားကာ ...

"အို ...ကျွန်မ ရှင့်ဆီက အရင်ယူထားတဲ့ ငွေတွေလည်း ပြန်မပေးနိုင်သေးဘူး"

"ဒါတွေ ပြောမနေစမ်းပါနဲ့၊ နောက်မှ ကျုပ်ရဲ့အကြွေးတွေ မင်းပေါင်းဆပ်၊ ကဲ ရော့"

ငွေတွေ လက်ထဲလာထည့်ပေးတာမို့ သူမ ယူလိုက်ရ၏။ တကယ်တော့ သူမအနေဖြင့် မိန်းမသုံး ပစ္စည်းလေးတွေ ဝယ်စရာ ရှိတာ အမှန်။ ထို့ကြောင့် နောက်မှပြန်ဆပ်ဖို့ တွေးကာ ယူလိုက်

www.burmeseclassic.com

www.burmeseclassic.com



ခြင်းပါ။

"မင်း ဒီမှာ ခဏနေခဲ့ဦး၊ ကျုပ် အပြင်ခဏသွားဦးမယ်"

"အို ...ကျွန်မလည်း လိုက်မယ်"

"မဖြစ်ဘူး၊ ကျုပ်ကိစ္စရှိလို့"

သူမ မျက်နှာလေး ညှိုးလျက် ဘာမှဆက်မပြောတော့မိ။ အေးလေ သူ့မှာလည်း ကိုယ်ရေးကိုယ်တာ ရှိမှာပဲဟု တွေးလိုက်၏။

သူမ မျက်နှာမကောင်းတာကို သူ သတိပြုမိသွားပုံ။

"ဘာလဲ ကျုပ်ကို စိတ်ဆိုးသွားတာလား"

"အို ...မဟုတ်ပါဘူး၊ ရှင်က ကျွန်မ အသက်သခင် ကျေးဇူးရှင်ပါ၊ စိတ်မဆိုးရဲပါဘူး"

"ကျွတ် ...မှင်း ဒီလိုမပြောစမ်းပါနဲ့၊ ကျုပ် မင်းကို မခေါ်ချင်တာက ဟိုအိမ်ကိုပြန်ပြီး မင်းအကြောင်း စုံစမ်းမလို့"

"ရှင်"

"ဟုတ်တယ်၊ အဲဒီပတ်ဝန်းကျင်နားမှာ မင်းအကြောင်း စုံစမ်းမယ်၊ ဟိုလူတွေ နောက်ယောင်ခံလိုက်တဲ့ကိစ္စဟာ မင်းနဲ့ သက်ဆိုင်တာပဲဖြစ်မယ်၊ ဒါကြောင့် မင်းကိုမခေါ်တာ"

သည်တော့မှ သူမအတွက်ပါလားဟုသိကာ ကျေနပ်သွားရ၏။

"ရှင် သတိထားသွားနော်"





"စိတ်ချပါ"

"ဪ ...မင်းလည်း အပြင်မထွက်နဲ့"

"ကျွန်မအတွက် စိတ်ချပါ"

"ကဲ ...ဒါဆို သွားပြီ၊ အခန်းတံခါးကို သေချာအောင် ပိတ်ဦး"

"ဟုတ်ကဲ့"

သူထွက်သွားတော့ သူမ အခန်းတံခါးကို လုံအောင်ပိတ်လိုက်၏။ ပြတင်းပေါက်မှ ကြည့်တော့ ဟိုလူနှစ်ယောက်လည်း မရှိ၊ ဘယ်ရောက်သွားပါလိမ့်။ သူ့နောက်များ လိုက်သွားသလား။

တစ်ယောက်တည်း ကျန်ခဲ့ကာ သူ့အတွက်သာ စိုးရိမ်ပူပန်နေမိတော့၏။

××××



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ပြန်လာပြီ"

အပြင်ဘက်မှ တံခါးခေါက်သံကြောင့် သူမဖွင့်ပေးလိုက်တော့ အနည်းငယ် ပင်ပန်းလာဟန်ဖြင့် သူ။

"အခြေအနေ ဘာထူးသေးလဲ"

"ဟင့်အင်း ...ဘာမှမထူးပါဘူး၊ ရှင်ကော"

သူ ခုံတွင်ဝင်ထိုင်ပြီး သူမကို ကြည့်သည်။

"ကျုပ် စုံစမ်းရသလောက်တော့ မြစိမ်းကြည်ဟာ တကယ်သေသွားပြီတဲ့"

"ဟင်...ဒါဆို ကျွန်မက"

"အင်း ...မင်းဟာ မြစိမ်းကြည် မဟုတ်ဘဲ တခြားတစ်ယောက်ဖြစ်နေမလား"

သူမကိုယ်တိုင်လည်း ကိုယ့်ဘာသာ မသေချာတဲ့ဘဝကို



www.burmeseclassic.com

www.burmeseclassic.com



အားငယ်ဝမ်းနည်းသွားရ၏။

"ဘာပဲဖြစ်ဖြစ်လေ၊ မင်း အတိတ်ကို သတိမရမချင်း ကျုပ်ဆီမှာ နေနိုင်ပါတယ်"

"ကျေးဇူးတင်ပါတယ်"

"ကဲ ...ကျုပ် ခဏနားလိုက်ဦးမယ်၊ ပြီးမှ ညနေစာ ထွက်စားကြတာပေါ့"

သူ ခုတင်ပေါ်တက်ကာ အနားယူချိန်မှာ သူမက မသေချာ မရေရာသော ဘဝအကြောင်းကို တွေးနေမိ၏။

ဒါဆို သူမဟာ ဘယ်သူလဲ။

သူမဘဝက လုံးဝပျောက်ဆုံးနေပြီ။

သူသာ ကယ်မထားလျှင် သူမဘဝက ဘယ်လောက် အဖြစ်ဆိုးမလဲ။

ထို့ကြောင့် မျက်ဝန်းများ မှေးမှိတ်ထားသော ကျေးဇူးရှင်ကိုသာ ခပ်ငေးငေးကြည့်မိ၏။

သူမဘဝမှာ သူနဲ့တွေ့တာ ကံကောင်းလို့ပဲ။

ညနေခင်း ရေမိုးချိုးပြီးတာနှင့် သူမတို့ ညစာထွက်စားကြသည်။ သည်တစ်ခါ တရုတ်ဆိုင်။

"မင်းစားချင်တာ ရှိလည်းပြောပေါ့"





"အို ...ဒီလောက်ဆို ကျွန်မက ပြည့်စုံပါပြီ"

ပူနွေးသော အစားအသောက်များကို နှစ်ယောက်သား နှစ်ခြိုက်စွာ စားကြ၏။

"ဒီကပြန်ရင် မင်းဘယ်သွားချင်သေးလဲ"

"လမ်းမှာ စတိုးဆိုင်ကြီးတွေ့ရင် ဝင်ကြည့်ချင်တယ်"

"ဟုတ်သားပဲ ...မင်းကို မနက်ဖြန် လိုက်ပို့ပေးမယ်"

"ဘယ်ကိုလဲ"

"ဈေးကိုလေ၊ မင်းဝယ်ချင်တာ ဝယ်ရအောင်ပေါ့"

သူ့ဘက်ကတော့ သူမအပေါ် အလိုက်သိမှုတွေ များလှ၏။ ခက်တာက သူမဘက်မှ သူ့ကို ဘာတစ်ခုမျှ မပေးဆပ်နိုင်ပေ။ အေးလေ ကျေးဇူးဆပ်ခွင့်ရခဲ့ရင် သူ့အပေါ် အကောင်းဆုံးပြန်ဆပ်မည်ဟု ဆုံးဖြတ်ထားလိုက်သည်။

အပြန် သူတို့လမ်းလျှောက်ပြန်လာကြသည်။ ထို့နောက် မီးရောင်စုံတို့ ထွန်းထားသော မီနီမားကက်ကြီး အတွင်းသို့ ဝင်ကြည့်၏။

သည်မှာလည်း မိန်းကလေးအသုံးအဆောင်တွေ အစုံအလင်ရ၏။ သူမက လိုချင်တာလေးတွေ ဝယ်ယူမိ၏။

"အို ...သူဘယ်ရောက်သွားပါလိမ့်"



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းတွေဝယ်ပြီး သူ့ကိုကြည့်တော့ မတွေ့။ လူတွေစည်ကားရှုပ်ထွေးတာမို့ လူချင်းကွဲသွားပုံပင်။

သူ့ကိုမတွေ့ရတာကြောင့် သူမရင်ထဲ စိုးရိမ်ကာ လိုက်ရှာမိ၏။

ဒုက္ခပဲ ...။

မီနီမားကက်က နှစ်ထပ်သုံးထပ်မို့ သူမ တက်လိုက်ဆင်းလိုက်နှင့် နောက်ဆုံး သူ့ကိုမတွေ့၍ တည်းခိုခန်းပြန်ဖို့ ထွက်ခဲ့သည်။

သူမ လမ်းဖြတ်အကူး တစ်ဖက်မှ ကားတစ်စီးက အရှိန်ပြင်းစွာအလာ မျက်လုံးတွေ ပြာခနဲဖြစ်သွားခိုက် ...

"ဟိတ်"

"အမေ့"

သူမကို တစ်စုံတစ်ယောက်က လျင်မြန်စွာ ဆွဲယူဖယ်ရှားလိုက်လေ၏။ သူမလဲကျသွားတော့ ပစ္စည်းတွေလည်း ပြန့်ကျဲကုန်သည်။

"တောက် ...ဒါ တမင်လုပ်ကြံတာ"

"ဟင် ...ဦးခွန်စိုင်း"

ယခုမှ သူမကို ကယ်လိုက်တဲ့လူဟာ သူပဲဖြစ်နေတာကြောင့် အံ့သြဝမ်းသာသွားရ၏။





"ဟုတ်တယ်၊ မင်းပျောက်သွားလို့ ကျုပ် အမြန်ထွက်ပြီး လိုက်ကြည့်တာ၊ ကံကောင်းလို့"

သူမမှာ စောစောကအဖြစ်ကြောင့် ရင်တုန်နေဆဲ သူသာ အချိန်မီရောက်မလာလျှင် သူမ ခုချိန်ဆို ဘဝတစ်ပါးပြောင်းပြီ။

"ဟိုမှာ ...ခုနက ကား"

သူမကြည့်လိုက်တော့ စောစောက အရှိန်ပြင်းစွာ မောင်းလာသောကားက ခပ်လှမ်းလှမ်းတွင် တုံ့ခနဲရပ်လျက် မျက်မှန်နက်တပ်ထားသော လူတစ်ယောက် ထွက်ကြည့်၏။

သူမတို့ကြည့်နေမှန်းသိတော့ ချက်ချင်း ကားကို ဝေါခနဲမောင်းထွက်သွားလေသည်။ သူ အချိန်မီ ပြေးလိုက်သွားပေမယ့် မမီတော့။

"မင်း ...ဘာဖြစ်သွားသေးလဲ"

အနားရောက်လာသော သူက သူမနား ဒူးထောက်ထိုင်ကာ မေး၏။ သူမမှာ ရင်ဘတ်လေးဖိကာ ခေါင်းခါယမ်းလိုက်သည်။

"ကျွန်မ...ကျွန်မ ကြောက်တယ်"

"ဟုတ်တာပေါ့၊ စောစောက အဖြစ်အပျက်ဟာ မင်းအတွက် ထိတ်လန့်စရာပဲ၊ သေချာပြီ သူတို့ မင်းကို ရန်မူနေတာ"

တကယ်ပဲ ဖြစ်နေတာမို့ သူမ ကြောက်လန့်အားငယ်မိရ



www.burmeseclassic.com

www.burmeseclassic.com



၏။ သည်လူတွေ ဘာကြောင့် သူမကို ရန်ရှာတာလဲ။

"ကျွန်မ …ကျွန်မကို သူတို့ ဘာကြောင့် ဒီလိုလုပ်တာလဲဟင်၊ တကယ်ဆို ကျွန်မက ကိုယ့်ဘဝကိုယ်မသိတဲ့ မိန်းမတစ်ယောက်ပါ"

မျက်ရည်ရစ်ဝိုင်းစွာ ကြည့်ပြီး သူ့ကိုမေးမိ၏။ သူ သက်ပြင်းချကာ …

"မင်းဟာ …သူတို့နဲ့ တစ်စုံတစ်ရာ ပတ်သက်နေတာ ဖြစ်လိမ့်မယ်၊ ကိုယ်တို့ ရဲတိုင်လိုက်ရအောင်"

"အို …ဘယ်လိုတိုင်မှာလဲ၊ ကျွန်မကိုမေးရင် ကျွန်မဘဝကို ကျွန်မမသိဘဲ"

"ဟင်း …ဒါလည်း ဟုတ်တာပဲ၊ ဘာပဲဖြစ်ဖြစ် ကိုယ်ရှိနေသ၍ မင်းဘာမှ အားမငယ်ပါနဲ့လေ၊ ကဲ …ထ"

ပစ္စည်းများကို သူပဲ ပြန်ကောက်ပေးသည်။ ထို့နောက် သူမကို လက်ကမ်းပေး၏။

သူမလက်ကို ကြင်နာစွာဆွဲထူပေးသော သူ့လက်တွေက နွေးထွေးလှသည်။ စောစောက အားငယ်ကြောက်လန့်မှုတွေပင် သူမရင်ထဲက ပျောက်သွားသလိုလို။

"ဦးခွန်စိုင်း"

"ဟင်"





"ကျွန်မတို့ကို ဟိုကိုအမြန်ဆုံး ပြန်ကြပါစို့နော်"

သူက သူမမျက်နှာကို ပထမဆုံးအကြိမ် ကြင်နာစွာ ကြည့်လာ၏။ ထို့နောက် ခေါင်းညိတ်ပြလေသည်။

"မင်းဆန္ဒအတိုင်း ဖြစ်ရမှာပေါ့ကွယ်"

"အို …ကျွန်မ ဝမ်းသာလိုက်တာ၊ ဒီနေရာကဝေးရင် ကျွန်မဘဝ အေးချမ်းမှာပါရှင်"

"မင်း တကယ်ပဲ ခံယူသလား"

"ဟုတ်တယ် ဦးခွန်စိုင်း၊ တောထဲမှာ ကျွန်မကို မုန်းမယ့်သူ၊ ရန်ပြုမယ့်သူ မရှိဘူးလေ၊ ဘယ့်လောက်အေးချမ်းလဲ"

"ကောင်းပြီလေ …ဒါဆို မနက်ဖြန် ဝယ်စရာရှိတာတွေဝယ်ပြီး အမြန်ဆုံးပြန်ကြတာပေါ့"

တည်းခိုခန်းရောက်တော့ သူမတို့ ချက်ချင်းအိပ်မပျော်။ မျက်လုံးတွေကိုယ်စီဖြင့် ငြိမ်သက်နေကြသည်။

သူမကို ကားနဲ့ဝင်တိုက်တာ ဘယ်သူတွေလဲ။

ဘာကြောင့်လဲ။

ကိုယ့်ဘဝ၊ ကိုယ့်အမည်ပင် မသိတဲ့ မိန်းမတစ်ယောက်ကို သူတို့ဘာကြောင့် ရန်ရှာချင်ရတာလဲ။

ဘာပဲဖြစ်ဖြစ် သူမ ဒီနယ်မြေက အမြန်ဆုံး ထွက်ပြေးချင်မိတော့၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့ထံမှ မကြာခဏ သက်ပြင်းချသံ ကြားရသည်။ သူ

အသာငဲ့စောင်းကြည့်ကာ ...

"ရှင် အိပ်မပျော်ဘူးလားဟင်"

"အင်း ...မင်းကော"

"ကျွန်မ ကိုယ့်ဘဝအကြောင်း ကိုယ်တွေးမိတယ်၊ ကျွ

ကို နှောင့်ယှက်နေတာ ဘယ်သူတွေလဲ၊ တကယ်ဆို ကျွန်မ

သူတို့ မက်လောက်စရာ ဘာမှမရှိဘဲ"

သူ အိပ်ရာမှထကာ သူမကို ခပ်ငေးငေးကြည့်၏။

"မင်းဟာ မြစိမ်းကြည်များ ဖြစ်နေမလား"

"ရှင် ... ရှင် သူတို့ပြောတော့ မြစိမ်းကြည်ဟာ သေ

ခဲ့ပြီဆို"

"ဒါက သူတို့ပြောတာပဲ၊ တကယ်ဆို မင်းသာ မြ

ကြည် မဟုတ်ဘူးဆိုရင် သူတို့ မင်းကို ဘာကြောင့် ရန်ရှာမှာ

"မြစိမ်းကြည် ဟုတ်ခဲ့လည်း သူတို့ ကျွန်မကို ဘာ

စရာရှိလဲရှင်၊ ကျွန်မ ဘာမှမသိဘဲ"

"ဒါက မင်းအတွေးကို၊ သူတို့ဘက်က မင်းနဲ့ပတ်

မှု ရှိလို့နေမှာပေါ့၊ ကဲပါလေ ဘာမှမတွေးဘဲ အိပ်ပျော်အော

ပါ၊ နောက်နေ့ဆို ပြန်တော့မှာပဲ"

သူက နှစ်သိမ့်၏။





သူမ အိပ်ရာထဲပြန်ဝင်ကာ စိတ်ကို လျှော့ချလိုက်ပြီး

အိပ်ပျော်ဖို့ ကြိုးစားလေသည်။

မကြာခင်ဘဲ နှစ်ခြိုက်စွာ အိပ်ပျော်သွားရ၏။ အိပ်မက်

ထဲမှာ သူမက ဒေါ်စမ်းတို့ဆီ ပြန်နေသည်။

xxxx



www.burmeseclassic.com

www.burmeseclassic.com



"မင်းအတွက် လိုအပ်တဲ့ အဝတ်အစားတွေ ဝယ်လေ မြစိမ်းကြည်"

မနက်ဖြန် ပြန်တော့မည်မို့ ဒီမနက် ဗိုလ်ချုပ်ဈေးလာကာ သူမအတွက် လိုအပ်သော အသုံးအဆောင်တွေ ဝယ်စေ၏။

"အို ...ဒီမှာဝယ်ပြီးပြီလေ"

အင်္ကျီအပ်ချိန် မရတာမို့ သူမ ရယ်ဒီမိတ် သုံးလေးထည်နှင့် လုံချည်သုံးလေးထည် ဝယ်၏။ ထို့နောက် တခြားအမျိုးသမီးအသုံးအဆောင်များ။

"ဟာ ...မင်းဝယ်တာ နည်းလိုက်တာ၊ ကဲ ...ကဲ ကျုပ်ကိုယ်တိုင် ရွေးပေးမယ်"

ပြောပြောဆိုဆို သူက တစ်ဆိုင်ဝင်တစ်ဆိုင်ထွက်ကာ သူ့စိတ်ကြိုက် ရယ်ဒီမိတ်အင်္ကျီ လေးငါးထည် ထပ်ဝယ်၏။ ပြီးတော့ အင်္ကျီများနှင့် လိုက်ဖက်မည့် လုံချည်ငါးထည်။



www.burmeseclassic.com

www.burmeseclassic.com



"အို ...အများကြီးပဲ"

"ကျွတ် ...တောထဲရောက်ရင် မင်းအပြင်ထွက်လို့ ရမှာမဟုတ်ဘူး၊ ကျုပ်က ခြံအလုပ်တွေနဲ့ အားမှာမဟုတ်ဘူး"

လုံချည်တွေကို စက်ဆိုင်မှာ တစ်ခါတည်း ချုပ်စေသည်။ စိတ်မရှည်ဘူးထင်ရသော သူက ယခုကြတော့ စိတ်ရှည်နေတာ အံ့သြစရာ။

"ဒီလောက်ဆိုရပြီ၊ သွားစို့"

သူမက လုံချည်တွေရတာနှင့် နောက်ထပ်ဘာမှမဝယ်ဘဲ ပြန်ဖို့ပြောာ၏။

သူက သူမကို ဖျတ်ခနဲကြည့်ကာ ...

"ပစ္စည်းတွေစုံပြီလား"

"ဟုတ်ကဲ့"

"ဟို ...ဟို ပစ္စည်းတွေကော"

"ဟင် ...ဘာပစ္စည်းတွေလဲ"

သူ မျက်နှာအနည်းငယ်ရဲကာ ...

"ကျွတ် ...မင်းအတွက် အတွင်းခံတွေလေ၊ မဝယ်ရသေးဘူး မဟုတ်လား"

"အို"

"ဟိုမှာ ဆိုင် တွေ့လား၊ သွားဝယ်၊ ကျုပ် ဟိုနားက





စောင့်နေမယ်"

ဆိုင်ကိုညွှန်ပြပြီး သူ မျက်နှာရဲရဲဖြင့် ထွက်သွားလေ၏။ သူမ သူ့ကျောပြင်ကိုကြည့်ကာ ပြုံးရမလိုလို၊ ရှက်ရမလိုလို။

ကြည့်စမ်း ...ဒီလိုကြတော့လည်း သူက မိန်းကလေးတစ်ယောက်အတွက် အလိုက်သိနေပြန်ပါလားကွယ်။

သူမ ဆိုင်ထဲဝင်ကာ ပစ္စည်းရွေးနေစဉ် ...

"ဟယ် ...မြစိမ်းကြည်"

"ဟင်"

သူမနဲ့ ရွယ်တူမိန်းကလေးတစ်ယောက်က တအံ့တသြကြည့်၍ နှုတ်ဆက်လာ၏။ မိန်းကလေးမှာ ရုပ်ရည်မဆိုး၊ စိန်ရွှေများနှင့် အဆင့်အတန်းရှိရှိထဲက ဖြစ်သည်။

သူမကိုနှုတ်ဆက်ပြီးမှ တစ်စုံတစ်ရာကို သတိရကာ မျက်နှာမျက်စွာဖြင့် ခေါင်းခါယမ်း၏။

"အို ...မင်း ...မင်း မြစိမ်းကြည်မဟုတ်ဘူး၊ မြစိမ်းကြည်က သေလို့ လွန်ခဲ့တဲ့လကပဲ သူတို့ဆွမ်းကျွေးကြတာပဲ"

"ရှင် ...ရှင် ဘယ်သူလဲဟင်"

မြစိမ်းကြည်အကြောင်း မေးနေသော ထိုမိန်းမကို သူမ စိတ်ဝင်စားစွာ ပြန်မေးမိ၏။ မိန်းကလေးက မျက်နှာညှိုးကာ အသာခေါင်းခါယမ်းသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် မင်းဟာ တို့သူငယ်ချင်း မြစိမ်းကြည်နဲ့ သိပ်တူတာပဲ၊ မြစိမ်းကြည်သာ သေတယ်လို့ တို့မသိရရင် မင်း… မင်းကို မြစိမ်းကြည်လို့ပဲ တို့ထင်မိမှာ"

ဝမ်းနည်းဟန်လေးဖြင့် မိန်းကလေးက ပြော၏။ သူမအတွက် ထိုစကားတွေက စိတ်ဝင်စားဖွယ်။

"ဒါဆို ရှင်က မြစိမ်းကြည် သူငယ်ချင်းပေါ့နော်"

"ဪ …မင်းက မြစိမ်းကြည်မဟုတ်တော့ တို့ကို ဘယ်သိမလဲ၊ ဟုတ်တယ်၊ တို့က မင်းနဲ့သိပ်တူတဲ့ မြစိမ်းကြည် သူငယ်ချင်း ယမင်းတဲ့"

"ကဲ …တို့သွားမယ်နော်"

ယမင်းက နှုတ်ဆက်ပြီး ထွက်သွားသည်။ သူမမှာ ယမင်း ကျောပြင်လေးကို ကြည့်ကာ စိတ်မကောင်းသလို ငေးကြည့်မိ၏။

ဟင်း …

ယမင်းတဲ့။

မြစိမ်းကြည်သူငယ်ချင်း …

တိုက်တိုက်ဆိုင်ဆိုင် မြစိမ်းကြည် သူငယ်ချင်းနဲ့မှ သူမ လာတွေ့ရပါသတဲ့လား။

သူမ ဘာမှသိပ်မရွေးတော့ဘဲ သုံးလေးထည်ဝယ်ကာ ဆိုင်ထဲမှ ထွက်ခဲ့သည်။





"ဝယ်ခဲ့ပြီလား"

"အင်း"

"မျက်နှာလည်း မကောင်းပါလား"

သူမမျက်နှာကို အကဲခတ်မိဟန် သူမေးသည်။ သူမ သက်ပြင်းချကာ …

"ခုနက ဆိုင်ထဲမှာ မြစိမ်းကြည်သူငယ်ချင်းနဲ့ တွေ့ခဲ့တယ်"

"ဘာ"

"ဟုတ်တယ်၊ သူက ကျွန်မကို မြစိမ်းကြည်နဲ့ သိပ်တူတယ်တဲ့ ဦးခွန်စိုင်း"

"ဟင် …အခု သူ …သူ ဘယ်မှာလဲ"

သူက ပျာပျာသလဲမေး၏။ သူမက သူ့ကို နားမလည်သလို ကြည့်သည်။

"ဘာဖြစ်လို့လဲ"

"ဟာ …မြစိမ်းကြည် သူငယ်ချင်းဆိုရင် သူနဲ့လိုက် တွေ့ပြီး မြစိမ်းကြည်အကြောင်း မေးရမှာပေါ့ကွ"

"အို …သူက ခုနကတည်းက ထွက်သွားပြီရှင့်"

"ဟင် …ဘယ်မှာလဲ၊ ကိုယ့်ကိုပြစမ်း"

သို့သော် ယမင်းကို အရိပ်အယောင်မျှ ရှာမတွေ့တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



သူ စိတ်ပျက်စွာ ခေါင်းခါယမ်းမိ၏။

"မင်း ...သိပ်အတာပဲ"

"ရှင်"

"ဟုတ်တယ်လေ၊ ဒီလောက်တိုက်တိုက်ဆိုင်ဆိုင် မြစိမ်းကြည် သူငယ်ချင်းနဲ့ တွေ့နေတာကို"

"အို ...ဒါပေမယ့် သူက ကျွန်မကို မြစိမ်းကြည်နဲ့တူတာလို့ပဲ ပြောတယ်၊ တကယ်တော့ မြစိမ်းကြည်က သေသွားပြီတဲ့"

"ဟင်"

"ဟုတ်တယ်၊ ကျွန်မကိုတောင် ကျွန်မက မြစိမ်းကြည် မဟုတ်လို့ သူ့ကိုမသိတာတဲ့"

"ဟာ ...ခက်ပါလား၊ မင်းက သူ့ကို ဘယ်သိမလဲကွ၊ မင်းက အတိတ်မေ့နေတာပဲ"

သူ ဒေါသတကြီး အော်လေ၏။ သည်တော့မှ သူမလည်း ကိုယ့်အဖြစ်ကို သတိရ၏။

"အို ...ဟုတ်သားပဲ"

"ဟင်း ...ခုမှတော့ ဘာတတ်နိုင်မှာလဲ၊ ကဲ ...ကဲ မင်းဝယ်ပြီးရင် ပြန်ကြစို့"

သူတို့ အတွေးကိုယ်စီဖြင့် ပြန်လာခဲ့ကြ၏။ အခန်းရောက်





တော့ ...

"အို"

သူမတို့အဝတ်အစားတွေ ကျဲပြန့်ကာ တစ်စုံတစ်ယောက် ဝင်ရောက်မွှေနှောက်သွားပုံ။

သူ ကောင်တာသွားမေး၏။

"ဒီမှာ ကျွန်တော်တို့အခန်း ဘယ်သူဝင်လဲဗျ"

"ဟာ ...ဘယ်သူမှ မဝင်ပါဘူး၊ ဘာဖြစ်လို့လဲဗျ"

သူ တစ်ချက်စဉ်းစားပြီးမှ ခေါင်းခါယမ်း၏။

"ဘာမှမဖြစ်ပါဘူး၊ ဩော် မနက်ဖြန် ကျွန်တော်တို့ အခန်းအပ်မယ်"

"ဟုတ်ကဲ့"

သူမက အဝတ်အစားများကို စနစ်တကျ ပြန်သိမ်းဆည်းသည်။ သူဝင်လာတော့ ...

"ဘာတဲ့လဲ"

"သူတို့ကတော့ မသိဘူးပြောတာပဲ၊ ကျုပ်လည်း ကိစ္စရှည်နေမှာစိုးလို့ ဘာမှမပြောခဲ့ပါဘူး"

"ဘာတွေပျောက်သေးလဲ"

"ဟင့်အင်း ...ကျွန်မတို့မှာ အဖိုးတန်ပစ္စည်း ဘာမှမရှိဘဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းရဲ့ကဒ်ကော"

"ကျွန်မ လက်ပွေ့အိတ်ထဲမှာ"

"အင်း…သူတို့ ဒါကိုလာရှာတာဖြစ်မယ်"

"ဟုတ်ပါ့မလား"

သူမ မယုံသလိုမေးတော့ သူ မျက်မှောင်တွန့်၏။

"ဒါမှမဟုတ်ရင် ကျုပ်တို့မှာ ဘာရယ်ကနာပစ္စည်းများ ပါလို့လဲ၊ ကဲ ပစ္စည်းတွေသိမ်း၊ မနက်ဖြန်ပြန်မယ်"

"အားလုံးအသင့်ပါပဲရှင်၊ ကျွန်မအတွက်ကတော့ ဒီက မြန်မြန်ပြန်လေ ကောင်းလေပဲရှင့်"

ပြန်ရတော့မည်ဆို၍ သူမ ဝမ်းသာနေသည်။ သူမ ပြန်ပါလာတာကို ဒေါ်စမ်းတို့သာသိလျှင် ဘယ်လောက်ဝမ်းသာကြမလဲ။

ထို့ကြောင့် ဒေါ်စမ်းတို့အတွက် အမှတ်တရလက်ဆောင်လေးတွေ ဝယ်လာသည်။

သူက အဝတ်အစားတွေ စစ်ဆေးသည်။ ထို့နောက် ဝယ်လာသော ပစ္စည်းများ စနစ်တကျထုပ်သိမ်း၏။

"ကျွန်မ ပြန်လိုက်လာတာတွေ့ရင် ဒေါ်စမ်းတို့ ဝမ်းသာကြမှာပဲနော်"

"အင်း … သူတို့က မင်းကို သံယောဇဉ်ရှိကြပါတယ်"

"ရှင်ကကော"ဟု သူမ မေးလိုက်ချင်ပေမယ့် မသင့်





တော်၍ အောင့်ထားလိုက်၏။

သူ့မျက်နှာက တစ်စုံတစ်ခုကို လေးနက်စွာ စဉ်းစားနေပုံ။

"ကျွန်မလိုက်လာလို့ ရှင် အနှောင့်အယှက် ဖြစ်သလား ဟင်"

"ကျုပ် အနှောင့်အယှက်ဖြစ်တယ်ဆိုရင် မင်းက မလိုက်ဘူးလား"

"အို …ဒါတော့ …"

သူမမျက်နှာလေးပျက်ကာ ဝမ်းနည်းသွားရ၏။ သူ သက်ပြင်းချကာ …

"အလကားပြောတာပါ၊ ကျုပ် မင်းကြောင့် အနှောင့်အယှက် မဖြစ်ပါဘူး၊ ဒါပေမယ့် မင်းအကြောင်း ကျုပ်စဉ်းစားမိတာ အမှန်ပဲ"

"ရှင်"

"ဟုတ်တယ်၊ မင်းကို သူတို့ ဘာကြောင့် လိုက်နှောင့်ယှက်တယ်ဆိုတာ ကျုပ် စဉ်းစားမရဘူး၊ အေးလေ ဘာပဲဖြစ်ဖြစ် မနက်ဖြန်ပြန်ရင် သူတို့လက်က ကျုပ်တို့လွတ်ပါပြီ၊ ကဲ စောစော ကရမှာ အိပ်ရာဝင်စို့"

မီးအုပ်ဆောင်းလေးမှလွဲ၍ တစ်ခန်းလုံး အမှောင်ကျသွား၏။ သို့သော် သူမတို့နှစ်ယောက် အတွေးကိုယ်စီဖြင့် တော်တော်



www.burmeseclassic.com

www.burmeseclassic.com



နှင့် မအိပ်နိုင်ကြ။

မြစိမ်းကြည် …

သူမ …

လူတစ်စု … ထိုအရာတွေအားလုံး ဘယ်လိုဆက်စပ်နေတာလဲ။ သိချင်စိတ်ကိုယ်စီနှင့် မဟုတ်လား။

××××



BURMESE CLASSIC .com



"အားလုံး လူစုံပြီနော်"

ကားသမား၏ မေးသံအဆုံး ခရီးသည်တွေ တစ်ယောက်ကိုတစ်ယောက် ကြည့်ကြသည်။ နေရာပြည့်၊ ခုံပြည့်။ ဒါဆိုလူစုံပြီပေါ့။

ထို့နောက် ရှိခန်းမှတ်သံနှင့်အတူ မနက်ခင်း ပေလီဝေလင်းမှာ သူမတို့စီးလာသော ကားစထွက်လေ၏။

သူမတို့နှစ်ယောက် ခုံအတူတူ ကပ်ထိုင်ရတာမို့ သူ့ထံမှကိုယ်သင်းနံ့ဖျော့ဖျော့ကို ရသည်။

"ဟင်း …ခုမှ စိတ်ထဲပေါ့သွားတော့တယ်"

ရှန်ကုန်မြို့ပြင်ရောက်တာနှင့် သူမ သက်ပြင်းလေးမှုကာပြောသည်။ သူ ဖျတ်ခနဲလှည့်ကြည့်၏။

"မင်း တော်တော်စိတ်ပင်ပန်းသွားပြီလား"

"အဟင်း …ဟုတ်တယ်၊ ရှင်ကော"



www.burmeseclassic.com

www.burmeseclassic.com



သူ လှစ်ခနဲပြုံးကာ ခေါင်းခါယမ်း၏။

"ကျုပ်က တောထဲနေလာသူပဲ ဒီလောက်တော့ ရပါတယ်ဗျာ"

သူနှင့် အနီးကပ် ဆက်ဆံရမှ ဒီလူဟာ သဘောမဆိုးပါလားဟု သိရသည်။ ရုပ်ရည်ကလည်း ယောကျ်ားပီသသလို စိတ်သဘောထားလည်း ပြည့်ဝတဲ့သူပဲ။

"ကျွန်မတော့ ရှင့်ကို တကယ်ကျေးဇူးတင်တယ် သိလား"

"ပြောပြန်ပြီလား ဒီစကား၊ မင်းကျေးဇူးတင်တာတွေများလို့ ကျုပ်ကိုယ်ကြီး နေရာက ထနိုင်တော့မှာမဟုတ်ဘူး"

"အဟင်း ...ရှင်က ရယ်စရာလည်း ပြောတတ်သားပဲ"

လီယိုအိတ်စပက်ကားကြီးက အရှိန်ဖြင့် မောင်းနေ၏။ ပဲခူးရောက်တော့ ခဏနားကာ လက်ဖက်ရည်သောက်ကြသည်။

"ဒီမှာ အမိ"

"ဟင်"

"ကျုပ် တစ်ခုသတိထားမိတယ်"

"ဘာ ...ဘာလဲ ဦးခွန်စိုင်း"

သူမ စိုးရိမ်စွာမေးတော့ သူ ခေါင်းခါယမ်းသည်။

"အလကား ဘာမှမဟုတ်တော့ပါဘူး၊ ကဲ ...စားစရာပြီးရင် ကားပေါ်တက်စို့"



BURMESE CLASSIC .com



"အို ...ကျွန်မ သန့်စင်ခန်းသွားဦးမယ်"

"ဟာ ...ကျွတ်"

"ဘာဖြစ်လို့လဲ"

သူ စိတ်ရှုပ်သွားပုံကြောင့် သူမမေးလိုက်၏။ သူ ချက်ချင်း ခေါင်းယမ်းကာ ...

"ဘာမှမဟုတ်ဘူး၊ ကဲ ...မင်းသွားလေ ကျုပ် ဒီက စောင့်နေမယ်"

"အင်း"

သူမ အိတ်ယူကာ ထွက်ခဲ့၏။ သူ့ကြည့်ရတာ တစ်ခုခု ထူးခြားနေသလို။ ဘာပါလိမ့်။

သို့သော် သန့်စင်ပြီး ပြန်၍ထွက်လာတော့ ...

"ဟိတ်"

"အို ...လုပ်ကြပါဦး၊ ကျွန်မအိတ်"

သူမလက်ထဲမှ အိတ်ကို လူတစ်ယောက်က ဖျတ်ခနဲ ဆွဲလုယူကာ ထွက်ပြေးသွားသည်။

"ဟိတ်ကောင် ...ကဲကွာ"

"ခွပ်"

"အား"

"အို ...ဦးခွန်စိုင်း"



www.burmeseclassic.com

www.burmeseclassic.com



ထိုလူပြေးရာရှေ့မှာ ဦးခွန်စိုင်း ရောက်နေကာ တိုက်ခိုက်လေ၏။ ထိုလူက ပြန်၍တိုက်ခိုက်ပေမယ့် ဦးခွန်စိုင်းလောက် ကိုယ်ခံပညာမကောင်း။ လူတွေလည်း ဝိုင်းလာတာမို့ နောက်ဆုံး ထိုလူအိတ်ကိုချကာ ထွက်ပြေးသွားလေ၏။

သူနောက်မှလိုက်ဖို့ ပြင်ပေမယ့် ...

"လိုက်မနေပါနဲ့တော့ ဦးခွန်စိုင်း၊ ကျွန်မအိတ်လည်း ပြန်ရပြီပဲ၊ ကားထွက်တော့မယ်"

သူမတားလိုက်မိ၏။ သူ သက်ပြင်းချ၍ ကားဆီလိုက်ခဲ့သည်။ သူမတို့အဖြစ်ကို မြင်လိုက်သော လူတချို့က...

"အိတ်ပြန်ရလား"

"ဟုတ်ကဲ့"

"ဒီလူတော်တော်ရဲတာပဲ၊ ကျွန်တော်တို့ကားနဲ့ ပါလာတဲ့လူပဲဗျ"

တစ်ယောက်တစ်ခွန်း ပြောကြ၏။

"အစထဲက ကျုပ်ပြောမလို့၊ မင်းလန့်သွားမှာစိုးလို့ ကျုပ်မပြောတာ"

"ဘာကိုလဲဟင်"

"အဲဒီလူ ကျုပ်တို့ကားနဲ့ပါလာပြီး ကျုပ်တို့ကို အကဲခတ်နေတာပေါ့"



BURMESE CLASSIC .com



"ဟင် ...ဒါ ...ဒါဆို ရန်ကုန်ကပါလာတာပေါ့"

သူမ မျက်စိမျက်နှာပျက်စွာ မေး၏။ သူ ခေါင်းညိတ်ကာ...

"ဟုတ်တယ်"

ဟု ဖြေသည်။ သူမရင်ထဲ ထိတ်လန့်သွားသည်။

"ဒါပေမယ့် မင်း ဘာမှမစိုးရိမ်ပါနဲ့၊ အခု ဒီလူထွက်ပြေးသွားပြီ"

"သူ နောက်တစ်ကြိမ်"

"မလာနိုင်တော့ပါဘူး၊ မင်း စိတ်အေးအေးနေပါ"

သည်တော့မှ သူမ မျက်စိမှိတ်ကာ အနားယူမိ၏။ ရန်ကုန်က အိပ်မက်ဆိုးက ဒီအထိ လိုက်လာတာလား။ ဘယ်လို အန္တရာယ်ဆိုးတွေပါလိမ့်။

ကားက တောင်ငူတွင်ရပ်ကာ ထမင်းစားကြသည်။ ဆိုင်ကကောင်း၍သန့်၏။ အားလုံးခရီးသည်တွေ စားကြခြင်း။

"မင်း ...ဘာဟင်းနဲ့စားမလဲ"

"ကျွန်မတော့ စားချင်စိတ်တောင်မရှိဘူး"

"ဒီလိုမစားလို့ ဘယ်ဖြစ်မလဲ၊ ခရီးက ဆက်ရဦးမှာ၊ နည်းနည်းဖြစ်ဖြစ် စားပါ"

ထို့နောက် သူက အချဉ်ပါသောဟင်းတွေ မှာ၏။ ငါးကျွေး



www.burmeseclassic.com

www.burmeseclassic.com



ကို မန်းကျည်းသီးမှည့်ဖြင့် အုပ်ချက်ကာ ငါးခူကြွပ်ကြွပ်ကြော်၊ ကြက်သားချဉ်စပ်၊ အရွက်ကြော်နှင့် သီးစုံချဉ်ရည်က ပူပူနွေးနွေး။

မစားချင်ပါဘူးဆိုသော သူမပင် အတော်ထမင်းဝင်သွားရ၏။ သို့သော် လန့်စိတ်က မပြေသေးတာမို့ ဟိုလူများပါလေမလားဟု မျက်လုံးဖြင့် ကြည့်မိသည်။

"သူနေခဲ့ပါပြီ"

သူမအဖြစ်ကို ရိပ်မိကာ ဦးခွန်စိုင်း ပြောသည်။ သူကတော့ ထမင်းစားမပျက်ပါ။ ထို့နောက် သူမအတွက် ချိုချဉ်နှင့် အချဉ်ထုပ်တွေဝယ်၍ ကားပေါ်ပြန်တက်လာ၏။

"အဲဒီစုံတွဲက လိုက်တယ်နော်"

"ဟုတ်တယ်၊ နှစ်ယောက်လုံး ချောတယ်၊ အမျိုးသားကလည်း သူ့အမျိုးသမီးကို ကြင်နာပုံပဲ၊ ဂရုတစိုက်နဲ့"

"အို"

ချာတိတ်မလေးတချို့၏ သူမတို့ကိုကြည့်ပြီး ဝေဖန်သံကြောင့် မျက်နှာလေးနီသွားရသည်။ သူလည်း ကြားမှာပါ။

အလို ...

သူကလည်း မျက်နှာနီတီတီ။

ဖြစ်မှဖြစ်ရလေ ...ယောကျ်ားတန်မယ့် သူက ရှက်နေရတယ်လို့။





"ကျုပ်တို့ကို သူများတွေ တစ်မျိုးထင်ကုန်ပြီ"

ကားပေါ်ရောက်တော့ လေသံတိုးတိုးဖြင့် သူပြောသည်။

"အဲဒီအတွက် ကျွန်မက တောင်းပန်ရမှာလား"

သူမ ခပ်ရွဲ့ရွဲ့မေးမိ၏။ သူ ပခုံးတစ်ချက်တွန့်ကာ ...

"မလိုပါဘူး ...ကျုပ်တို့က သူတို့ပြောသလိုမှ မဟုတ်တဲ့"

"သြော်"

သည်လောက်စိတ်ခတ်ရှိတာပဲ ကျေးဇူးတင်ရဦးမည့်အဖြစ်။

"ကျွန်မတို့ မန္တလေးမှာ ညအိပ်ဦးမှာလား"

"ခရီးပင်ပန်းလာတာပဲ တစ်ညအိပ်ရမှာပေါ့"

"ကျွန်မကတော့ ဖြစ်နိုင်ရင် တစ်ညတောင် မအိပ်ချင်ဘူး၊ အမြန်ဆုံး ဒေါ်စမ်းတို့ဆီ ရောက်ချင်တယ်"

"ကောင်းပြီလေ ...အခြေအနေအရပေါ့"

မိတ္ထီလာမှာ လက်ဖက်ရည်သောက်ပြီးနောက် ကားက တောက်လျှောက်ခရီးဆက်တော့၏။

ညနေလေးနာရီမှာ မန္တလေးသို့ ရောက်သည်။ ကားစီးလာရ၍ လူပင်ပန်းတာမှန်ပေမယ့် နားမနေချင်တော့။

"ကျုပ်တို့ ညစာစားပြီးမှ တက်ကြတာပေါ့"

"ရှင့်သဘောပဲ"



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သူ ကားသွားယူ၏။ သူမကိုပါ ခေါ်သွားသည်။

သူကားထားသောအိမ်က တစ်ထပ်ပျဉ်ထောင်အိမ် ခြံကျယ်လေး။ အိမ်ထဲမှ အဘွားကြီးတစ်ယောက် ထွက်လာကာ ရှမ်းလိုနှုတ်ဆက်ကြသည်။

သူက ပါလာသော လက်ဆောင်တွေပေး၏။ အဘွားကြီးက သူမကိုကြည့်ကာ ...

"နင် မိန်းမခိုးလာတာလား ကောင်လေး"

ဟု မြန်မာလိုမေးလိုက်တာကြောင့် သူ မျက်နှာနီခနဲ ဖြစ်သွားသည်။

သူက ရှမ်းလိုပြန်ဖြေတော့ အဘွားကြီးပြုံး၏။

"ကဲ ...မင်း ဒီမှာခဏနားပြီး ရေချိုးလိုက်လေ၊ ဒါကျုပ် မိတ်ဆွေအိမ်ပဲ"

အဘွားကြီးက ...

"လာပါ ...သမီး အေးအေးဆေးဆေးနားပါ"

ဟု ပြုံး၍ခေါ်၏။

သူမ ပြန်ပြုံးပြလိုက်ကာ ...

"ကျေးဇူးပဲ အဘွား"

ဟု ပြောလိုက်သည်။ ခဏနားပြီး သူမ ရေချိုးလိုက်၏။





သူက ကားကိုစစ်ဆေးနေသည်။ သူမပြီးတာနှင့် သူရေချိုး၏။ အားလုံးပြီးတော့ အဘွားကြီးကို နှုတ်ဆက်ပြီး ပစ္စည်းတွေ ကားနောက်ပေါ်တင်ကာ ထွက်ခဲ့ကြလေသည်။

"မင်း မနေချင်ဘူးဆိုလို့ ပြန်တာ၊ ထမင်းတော့ စားဦးမှ"

သူက ရှမ်းထမင်းဆိုင် ခေါ်လာ၏။ ထို့နောက် ရှမ်းအစားအစာတွေ မှာသည်။

"မင်း စားတတ်မှာပါနော်"

"ရပါတယ်"

ဒေါ်စမ်းနှင့် နေခဲ့၍ ရှမ်းအစားအစာကို သူမစားတတ်ပြီ။ ထို့ကြောင့် နှစ်ခြိုက်စွာပဲ စားဖြစ်၏။

စားပြီးတာနှင့် မြို့ထဲက ဆိုင်မှာ လိုအပ်တာတွေဝယ်သည်။ ကော်ဖီမစ်ထုပ်နှင့် နို့ဆီတွေ၊ သကြား၊ မုန့်ဖုး၊ ထို့နောက် တခြားစားစရာတွေ။

"ဒါတွေ ဒေါ်စမ်းတို့ဖို့လား"

"မဟုတ်ဘူး၊ ခင်ဗျားဖို့၊ တောထဲမှာ ဒါတွေမရနိုင်ဘူးလေ"

"အို"

သည်လို သူက ဂရုစိုက်တော့ သူမ ကျေနပ်သွားလို့။



www.burmeseclassic.com

www.burmeseclassic.com



အားနာသလိုလို။ တွေ့စက လှူခွစာဟု ထင်ခဲ့ပေမယ့် တကယ်တမ်းမှာ သူဟာ အကြင်နာတရား ကြီးသူပါလား။

"ကျေးဇူးတင်ပါတယ်ရှင်ရယ်"

ဟု စိတ်ထဲမှ အခါခါ ရေရွတ်မိလေတော့၏။

××××





"ဟယ် ...ကလေး ...ကလေး ပြန်ပါလာတယ်"

ကားပေါ်မှ ဆင်းလာသော သူမကို တွေ့လိုက်ရခိုက် ဒေါ်စမ်းက ဝမ်းသာအားရ မေးသည်။ ဦးအိုက်ကိုယ်တိုင် အံ့သြကာ ...

"ဟင် ...မိန်းကလေးက ဘယ်လိုပြန်ပါလာရတာလဲ"

"ကဲ ...ဦးအိုက် ပစ္စည်းတွေသိမ်းလိုက်ဦး၊ ဒီအကြောင်းတွေ ကျွန်တော် နောက်မှရှင်းပြမယ်"

"အို ...ဟုတ်တာပေါ့၊ ဟောဒီကိုအိုက်ကလေ ဘာမှမလိုက်ကန်းဆိုးမသိဘူး လူလေးတို့ ပင်ပန်းလာမှာပေါ့၊ အနားယူပါစေဦး၊ ကျွန်မလည်း သူတို့အတွက် စားဖို့သောက်ဖို့ ပြင်လိုက်ဦးမယ်"

ဒေါ်စမ်းက သူ၏ဝသော ခန္ဓာကိုယ်နှင့် မလိုက်ဖက် အောင်ဖျပ်သွက်သွက်မီးဖိုထဲဝင်ရန်ပြင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မလည်း ကူလုပ်ပေးမယ် ဒေါ်စမ်း"

"အို ...မိန်းကလေး ခရီးပန်းလာတာ အနားယူစမ်းပါကွယ်၊ ဒေါ်စမ်းဘာသာ လုပ်ပါ့မယ်"

"ဟုတ်သားပဲ မြစိမ်းကြည်၊ မင်းခရီးပန်းလာတာ အနားယူလိုက်ပါ"

သူက ဝင်ပြောသည်။ သူမခေါင်းညိတ်ပြီး အခန်းထဲဝင်ခဲ့လိုက်၏။ တကယ်လည်း တောက်လျှောက်မနားဘဲ ခရီးဆက်လာတာကြောင့် သူမအနေဖြင့် ပင်ပန်းနွမ်းနယ်နေပြီ။

ကြည့်စမ်း ...သူမနေသွားသော အခန်းလေးဟာ အရင်က အတိုင်း အိပ်ရာခင်းဖြူသန့်စွာနှင့်၊ ဒီရောက်မှ သူမ စိတ်ချလက်ချဖြစ်ကာ သက်ပြင်းလေးချ၍ အနားယူနိုင်တော့၏။

ဟောဒီဝန်းကျင်မှာတော့ သူမအတွက် ဘယ်လိုအန္တရာယ်အနှောင့်အယှက်မျိုးမှ မရှိနိုင်ဟု သူမယုံကြည်သည်။

နနယ်သော သူမအဖို့ ခရီးပန်းလာသော အရှိန်ကြောင့်မှေးခနဲ အိပ်ပျော်သွားရ၏။ သူမ ဘယ်လောက်ထိ အိပ်ပျော်သွားတယ်မသိ အပြင်ဘက်မှ စကားသံတိုးတိုးများကြားမှ အိပ်ရာကနိုးလာသည်။

"ဟင်"

ကြည့်စမ်း ...သူမအချိန်အတော်ကြာ အိပ်ပျော်သွားတာ





ပဲ။

သူမ အိပ်ရာမှ ဆတ်ခနဲထလိုက်၏။

"ဟော ...မိန်းကလေးနိုးပြီလား"

"ဟုတ်ကဲ့ ...ကျွန်မ အိပ်ပျော်သွားတယ် ဒေါ်စမ်း"

ဒေါ်စမ်း ပြုံး၍ခေါင်းညိတ်သည်။

"ဒါပေါ့ကွယ် စောစောကမှ အိပ်ရာနိုးတယ်၊ ရေချိုးပြီးကိုအိုက်နဲ့ စကားပြောနေတာ"

ဒါဆို သူမအကြောင်းတွေပဲဟု သိလိုက်၏။ ဒေါ်စမ်းလည်း နားထောင်ပြီးပုံပင်။

"ကျွန်မအကြောင်းတွေ ဒေါ်စမ်းလည်း သိပြီးရောပေါ့"

"အင်း ...ကြားရတာ စိတ်မကောင်းစရာပဲ၊ ဘာပဲဖြစ်ဖြစ် အားမငယ်ပါနဲ့ကွယ်၊ ဒေါ်စမ်းတို့ရှိနေတာပဲ၊ မိန်းကလေး ခုလိုပြန်လိုက်လာတာကို ဒေါ်စမ်းတို့က ဝမ်းသာနေတာ"

"ဒေါ်စမ်းရယ် ...ကျွန်မလည်း ခုလို ဒေါ်စမ်းတို့နဲ့ ပြန်ဆုံတာကို ဝမ်းသာနေပါတယ်"

သူမအပေါ် သံယောဇဉ်ရှိသော ဒီလူတွေနှင့် တွေ့ရတာက ကံကောင်းခြင်းပါပဲ။

"ကဲ ...မိန်းကလေး ရေချိုးလိုက်၊ ဒေါ်စမ်း ထမင်းပြင်လိုက်မယ်၊ လူလေးက ထမင်းစားဖို့ မိန်းကလေးကို စောင့်နေ



www.burmeseclassic.com

www.burmeseclassic.com



တာ''

''အို …အားနာစရာ၊ ကျွန်မ အမြန်ရေချိုးလိုက်မယ်''

''အေး …အေး''

အားနာစိတ်ဖြင့် သူမ ရေအမြန်ချိုးလိုက်၏။ ရေချိုးပြီး သနပ်ခါးလေးရေကျဲလူးကာ အပြာရောင်ဝတ်စုံလေး ဝတ်လိုက်၏။ ဆံပင်များကို သေသပ်စွာဖြီးပြီး အပြာရောင်ဖဲဆံကုပ်လေးဖြင့် အရင်းမှ ကုပ်ကာ ထွက်ခဲ့သည်။

''လာဟေ့ …မိန်းကလေး ထမင်းပွဲ အသင့်ပဲ''

သူကိုယ်တိုင် ထမင်းပွဲရောက်နေပြီ။ သူမဝင်လာတာမြင်တော့ ဖျတ်ခနဲ လှမ်းကြည့်သည်။

''ခရီးပန်းသွားလား''

''အဟင်း …နည်းနည်းပါ''

''အင်း …မင်းမပြောနဲ့၊ ကျုပ်တောင် မင်းနိုးလို့ အိပ်ပျော်သွားတာ၊ အိပ်ရာကထတော့ ဗိုက်အတော်ဆာတာပဲ''

''ကျွန်မကိုစောင့်ရလို့ အားနာလိုက်တာ''

''ရပါတယ်''

သူမက သူနှင့် မျက်နှာချင်းဆိုင်ခုံတွင် ဝင်ထိုင်လိုက်၏။

''ဟင် …ဦးအိုက်နဲ့ ဒေါ်စမ်းကော မစားသေးဘူးလား''

''အို …ဒေါ်စမ်းတို့က စားပြီးသား၊ ကလေးတို့သာ





အေးအေးဆေးဆေး စားကြ''

ထို့ကြောင့် ထမင်းပွဲမှာ သူမတို့နှစ်ယောက်တည်း။ ဟင်းတွေကတော့ စုံပါ၏။

''မနေ့က ကိုအိုက် တောပစ်ရလို့ ငှက်သားဟင်းနဲ့ ချေသားဟင်းချက်ထားတာကွယ့်၊ ဒါက ခြံထဲက မုန့်ညှင်းရွက် ကြော်၊ ပဲပုပ်ထောင်း၊ ကဇော်သီးချဉ်ရည်ဟင်းနဲ့ ဆတ်သားခြောက် ငြုပ်သီးကြော်ကွယ့်''

ထမင်းပူပူနှင့် ဟင်းများက စားချင်စဖွယ်မို့ ဗိုက်ဆာနေသော သူမတို့နှစ်ယောက် နှစ်ခြိုက်စွာ စားမိကြလေ၏။

''စားကောင်းရဲ့လား''

သူမေးသည်။ သူမပြုံး၍ ခေါင်းညိတ်ကာ …

''ဒေါ်စမ်းလက်ရာက မြို့ပေါ်က ဆိုင်ဟင်းတွေနဲ့ တခြားစီပဲ''

''ဒေါ်စမ်းကြားရင် မင်းကို နေ့တိုင်း ဟင်းကောင်းတွေ ချက်ကျွေးလိမ့်မယ်ဗျ''

သူမတို့နှစ်ယောက် လွတ်လပ်စွာ စားနိုင်ရန် ဒေါ်စမ်းက အပြင်ထွက်၍ လုပ်စရာရှိတာတွေ လုပ်လေ၏။

ဦးအိုက်ကလည်း သူဝယ်လာသော ခြံပစ္စည်းများကို စနစ်တကျ ထားသိုနေသည်။



www.burmeseclassic.com

~~" "ကျွန်မတို့ ဒီရောက်မှ စိတ်ထဲလွတ်လပ်သွားတယ်"

"ဘာမှမပူပါနဲ့၊ ဒီမှာ မင်းအတွက် အန္တရာယ်မရှိနိုင်ပါဘူး"

သူအားပေးတာကိုပဲ ကျေးဇူးတင်မိရ၏။ တကယ်တော့ သူတို့ကမှ သူမရဲ့မိသားစုဝင်တွေလိုပါပဲ။

ထမင်းစားပြီးတော့ မြို့ပေါ်က ဝယ်လာသည့် မုန့်နှင့် သစ်သီးကို အချိုပွဲတည်၏။

"မနက်ဖြန် ကျွန်တော် ခြံထဲသွားမယ် ဦးအိုက်"

"ဦးအိုက် လိုက်ခဲ့ရမလား"

"လိုက်ခဲ့ရမယ်၊ ဟိုမှာ ခြံအလုပ်တွေ ဦးစီးရမယ်၊ ဒေါ်စမ်းတို့ နေရဲတယ်မဟုတ်လား"

"အို ...နေရဲပါတယ်ကွယ်၊ အရင်လည်း နေနေကြဟာ"

"အေးဗျာ ...ဒီမှာတော့ သူ့အတွက် အန္တရာယ်မရှိပါဘူး"

သူတို့ပြောနေတာတွေ သူမငြိမ်သက်စွာ နားထောင်နေရာမှ ဖျတ်ခနဲ သူ့ကိုကြည့်မိသည်။

"ကျွန်မလိုက်ခဲ့မယ်ဆိုရင်ကော"

"ဟာ ...မဖြစ်ဘူး၊ ခြံသွားရမယ့်လမ်းက နည်းနည်းကြမ်းတယ်"





"အို ...ကျွန်မ လိုက်နိုင်ပါတယ်"

သူမ ဇွတ်ပြောမိ၏။ သူ ခေါင်းခါယမ်းသည်။

"နောက်မှပဲလိုက်ပါ၊ ဒီတစ်ခေါက် ကျွန်တော်တို့ ခြံကိစ္စနဲ့ အလုပ်ရှုပ်မှာ"

သူမခေါ်ချင်တာမို့ သူမ ဆက်မပြောတော့ပေ။ သူမ မျက်နှာမကောင်းသွားတာကို သူအကဲခတ်မိပုံ။

"စိတ်ဆိုးသွားလား"

"အို ...မဟုတ်ပါဘူး"

"နောက်တစ်ခေါက် ခေါ်ပါ့မယ်ဗျာ၊ ဟုတ်လား"

သူမပြုံး၍ ခေါင်းညိတ်ပြလိုက်၏။ သူ ဒီလောက်လိုက်လျောတာပဲ တော်သေးတယ်ဟု တွေးမိရသည်။

ထမင်းစားပြီး သူတို့ မနက်ဖြန်သွားဖို့ ပြင်ဆင်ပေး၏။ စားစရာအခြောက်အခြမ်းတွေ လုပ်ပေး၏။

"ခရီးက ဆက်တိုက်ဆိုတော့ ရှင်ပင်ပန်းမှာပေါ့"

"ရပါတယ်ဗျာ၊ ကျုပ်အတွက် ခံနိုင်ရည်ရှိပါတယ်"

ကြံ့ခိုင်သော သူ့စိတ်ဓာတ်ကို သိထားပြီမို့ ကြိတ်၍လေးစားမိရသည်သာ။

"ဒီမှာ မြစိမ်းကြည်"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ကျူပ်မရှိတုန်း ခြံအပြင် သိပ်မထွက်နဲ့ပေါ့၊ တော်ကြာ အမိရေနစ်ရင် ကယ်မယ့်သူမရှိဘဲ ဖြစ်နေမယ်"

"အို"

သူပြောပြီး ထွက်သွားပေမယ့် သူမမျက်နှာလေးရဲ့ကာ ကျန်ခဲ့သည်။ ထိုစဉ်က သူ့ရင်ခွင်ထဲ ရောက်ခဲ့သောအဖြစ်ကို သူမ ဘယ်လိုမေ့နိုင်မှာလဲ။

××××





နောက်တစ်နေ့ မနက်စောစောမှာ သူနှင့် ဦးအိုက်တို့ ထွက်သွားကြသည်။ မြင်းကိုယ်စီနှင့်။ သူမက သူတို့ပျောက်ကွယ်သွားတဲ့အထိ ငေးကြည့်ကျန်ခဲ့ပြီးမှ အိမ်ထဲဝင်ခဲ့၏။

"သူတို့ ဘယ်တော့ပြန်လာမှာလဲဟင် ဒေါ်စမ်း"

"သုံးလေးရက်ကြာမယ်ထင်တယ်ကွယ်"

"ဟင် ...အကြာကြီးပဲ"

သူမပြောတော့ ဒေါ်စမ်း ပြုံးသည်။

"ဘာလဲ ကလေးမက လွမ်းနေလို့လား"

"အို ...ဒေါ်စမ်းကလဲ"

မျက်နှာလေးနီကာ သူမအခန်းထဲ ပြေးဝင်ခဲ့၏။ တကယ်တော့ သူ့ကိုမတွေ့ရတာ သူမရင်ထဲ လစ်ဟာခြောက်သွေ့နေသလို ပါပဲ။

အိမ်မှာကျန်ခဲ့သော သူမက ဒေါ်စမ်းနှင့် အိမ်အလုပ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ကူလုပ်ပေးရင်း သူ့ကို သတိရစိတ်ဖြေသည်။

သူမရှိပေမယ့် ဒါ သူ့အိမ်ပါလားဟု အသိဖြင့် သူမရင်ထဲ နွေးထွေးစေတာ အမှန်။ ဒေါ်စမ်းက နေ့လယ်ဘက်အားလျှင် ဆွယ်တာထိုးသည်။ သူမဘေးမှ ကြည့်ကာ …

"ကျွန်မကိုလည်း သင်ပေးပါလား ဒေါ်စမ်း"

"အို …ရတာပေါ့ကွယ်"

စေတနာပါစွာနှင့် ဒေါ်စမ်းက သူမကို သင်ပေး၏။ အံ့ဩ စရာကောင်းစွာ သူမက ထိုအရာကို အရင်ကတည်းက တတ်ထား သလို အချိန်တိုတိုအတွင်းမှာ ကျွမ်းကျင်စွာ တတ်သွားရခြင်းပင်။

"ကလေးမက အတတ်မြန်လိုက်တာကွယ်"

"မဟုတ်ဘူး ဒေါ်စမ်း၊ ဒီလိုမျိုး ကျွန်မ အရင်ကတည်း က တတ်ထားသလိုပဲ"

"အင်း …ဒါကြောင့် ပိုတတ်ကျွမ်းလွယ်တာဖြစ်မယ်"

သူမက ယောက်ျားဝတ် အသားရောင် ခေါင်းစွပ်ဆွယ် တာတစ်ထည် ထိုး၏။

"အမယ် ယောက်ျားဝတ်ပါလား၊ ဘယ်သူ့ပေးဖို့လဲ ကွယ်"

"အဟင်း …ဒေါ်စမ်း သိလျက်နဲ့၊ ဦးခွန်စိုင်းဖို့ပေါ့ ရာသီဥတုက အေးတော့ တောထဲမှာ သူဝတ်ရအောင်လို့ပါ"

"ကောင်းတာပေါ့ကွယ်၊ တကယ်တော့ လူလေးမှာ အိမ်ရှ





မကောင်းတစ်ယောက်ရှိဖို့ လိုပြီ"

"အို"

သူမမျက်နှာလေး နီရဲကာ မသိမသာ ခေါင်းငုံ့သွားရသည်။ ဒေါ်စမ်းကတော့ ဆက်၍စကားကောင်းနေ၏။

"သူများတွေ လူလေးအရွယ်ဆို ကိုယ့်မိသားစုနဲ့ ကိုယ့် သားသမီးတွေနဲ့"

"ဒေါ်စမ်းတို့လူက မိန်းမမုန်းနေတာမဟုတ်လား"

ထိုအမေးကြောင့် ဒေါ်စမ်း ပြုံးသည်။

"အရင်ကတော့ ဟုတ်ပါလိမ့်မယ် မိန်းကလေး၊ ခုတော့ လူလေးစိတ်တွေ ပြောင်းပြီထင်တယ်"

"ဟင် …ဒေါ်စမ်းက ဘာကြောင့် ဒီလိုထင်ရတာလဲ"

"တခြားမကြည့်နဲ့လေ၊ မိန်းကလေးကို သူ ရန်ကုန်မှာ ထားခဲ့ရင် ရလျက်သားနဲ့ ပြန်ခေါ်လာတာ"

"အဲဒါနဲ့ ဘာဆိုင်လဲ ဒေါ်စမ်းရဲ့"

"ဆိုင်ပြီကောကွယ် …မိန်းမတွေကို မမုန်းတော့လို့သာ မိန်းကလေးကို သူပြန်ခေါ်လာတာပေါ့၊ အထူးသဖြင့် မိန်းကလေး ကို"

"ဟင် …ဒေါ်စမ်းနော်၊ လျှောက်မပြောနဲ့"

မျက်နှာလေးနီနီဖြင့် နှုတ်ခမ်းလေး အနည်းငယ်စူယောင်



www.burmeseclassic.com

www.burmeseclassic.com



ပြုံလျက် တားမိ၏။ ဒေါ်စမ်းကတော့ ပွင့်ပွင့်လင်းလင်းပင်။

"မိန်းကလေးကကော လူလေးကို စိတ်မဝင်စားဘူး လား"

"အို …ဒေါ်စမ်းနော်၊ ဦးခွန်စိုင်းက ကျွန်မကျေးဇူးရှင်၊ သူ့ကို လေးစားတာပဲရှိတယ်"

"ဒါအစပဲကွယ့်"

"ဟင် …ဘာကိုလဲ"

"လေးစားတယ်၊ ကြည်ညိုတယ်၊ အဲဒီကစပြီး စိတ်ဝင်စားမှ ဖြစ်လာတာ မိန်းကလေးရဲ့"

"ကြည့်စမ်း …ဒေါ်စမ်း မကောင်းဘူး"

သူမရှက်စိတ်ဖြင့် ဒေါ်စမ်းအနီးမှ ထွက်ပြေးခဲ့တော့၏။ ရှေ့ဆက်ပြောနေလျှင် ဒေါ်စမ်း ဘယ်လောက်ထိ ပွင့်လင်းစွာ ပြောနေမည်မသိ။

သည်နေ့တော့ ရာသီဥတုသာယာ၍ သူမတစ်ယောက်တည်း ခြံထဲဆင်းလျှောက်မိ၏။ တစ်ခြံလုံးစိမ်းလန်းကာ ရောင်စုံပန်းလေးတွေပွင့်လို့။

ခြံထိပ်ထွက်ကာ သူပြန်လာမည့်လမ်းကို မျှော်ကြည့်မိ၏။

သူ …

ဘယ်အချိန်ပြန်လာမှာလဲ။

သူမရှိမှ သူ့ကိုဘာကြောင့် အပြင်းအထန် သတိရနေတာ





လဲ။

သူမလိုပဲ သူကောသတိမရဘူးလား။ တွေးပြီး ရှက်ပြုံးလေးတစ်ယောက်တည်း ကြိတ်ပြုံးမိသည်။

"ဟင်"

ရုတ်တရက် သူမအပြုံးတို့ ပျောက်ကွယ်သွားကာ အိမ်ထဲပေါ်မြန်မြန်ပြန်ဝင်ခဲ့၏။

လူတစ်ယောက် …

တိတိကျကျဆိုရလျှင် ဦးထုပ်ခပ်ငိုက်ငိုက် ဆောင်းလျက် မျက်မှန်နက်တပ်ထားသည့် လူတစ်ယောက်ကို တွေ့လိုက်ရခြင်း။

ဒါ …ဒါ ဟိုလူ၊ ရန်ကုန်ကလူ။

ထိုပုံစံသွင်ကို မှတ်မိခိုက် သူမရင်ထဲ ဒိန်းခနဲဖြစ်သွား သည်။

ကြည့်စမ်း …

သူ …သူတို့ ဒီအထိလိုက်လာတာ ဘာသဘောလဲ။

မျက်နှာလေးပျက်ကာ ဝင်လာသော သူမကို ဒေါ်စမ်းက …

"ဘာဖြစ်လို့လဲ ကလေး"

"ရှင် …ဟို …ဘာ …ဘာမှမဖြစ်ပါဘူး ဒေါ်စမ်း"

သူမပြောလိုက်လျှင် ဒေါ်စမ်း စိုးရိမ်သွားမည်ဆို၍ ငြင်းလိုက်သည်။ ဒေါ်စမ်းက သူမကို တစ်ချက် အကဲခတ်ပြီး …

"အေး …အေး ဒေါ်စမ်းက ကလေးမျက်နှာ မကောင်း



www.burmeseclassic.com

www.burmeseclassic.com



လို့မေးတာ၊ ကဲ ...ဟင်းသွားချက်လိုက်ဦးမယ်"

"ဟုတ်ကဲ့"

ဒေါ်စမ်း ထွက်သွားတော့ သူမ အပြင်ဘက်ချောင်းကြည့်မိ၏။ စောစောကလူသည် ခြံရှေ့မှ ပြန်ဖြတ်သည်။

သူမက အိမ်ထဲမှ ထွက်ကာ ထိုလူဘယ်သွားလဲဟု ကြည့်ဖို့ပြင်စဉ် ...

"ဝိုး"

"ဒုတ်"

"အို ...အမေ့"

ကြည့်စမ်း ...

ကံကောင်း၍ သူမက ကြွေကျနေသော စကားပွင့်လေးငုံ့ကောက်နိုက် ဓားမြှောင်တစ်ချောင်း သစ်ပင်မှာ သွားစိုက်၏။

"ဒေါ်စမ်း"

သူမအသံကုန်အော်တော့ ဒေါ်စမ်း စိတ်ထဲက ပြေးထွက်လာသည်။

"ဟို ...ဟိုမှာ"

ဓားစိုက်နေသော သစ်ပင်ကို တုန်ယင်စွာပြမိ၏။

"ဟင် ...ဒါ ဘယ်ကလေးလဲ"

"မသိဘူး၊ စာ ...စာပါတယ်"





ဒေါ်စမ်းက ဓားကို သွားဆွဲနှုတ်ကာ စာယူဖတ်ကြသည်။

မြစိမ်းကြည် ...

"မင်းဒီနေရာက ချက်ချင်းထွက်သွားပါ"

အမိန့်ဆန်ဆန် စာ၏အဆုံး လက်မှတ်ထိုးမထားပါ။ ဒေါ်စမ်းနှင့်သူမ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိ၏။

မြစိမ်းကြည်တဲ့။

ဒါ ...သူမကိုပြောတာ။

သူမကို မြစိမ်းကြည်လို့ ဘယ်သူ အသိအမှတ်ပြုလိုက်တာလဲ။

"ဘယ်လိုဖြစ်တာလဲ မိန်းကလေး၊ ဒေါ်စမ်းကို ပြောစမ်းပါဦး"

"ဟုတ်ပါတယ် ဒေါ်စမ်း၊ ပြီးတော့ အဲဒီလူကလေ ဟိုရန်ကုန်က"

"ဟော့ ...ဒါ ...ဒါဆို ဟိုလူလေးပြောတဲ့ လူဆိုးတွေ"

"ဟုတ်တယ် ဒေါ်စမ်း၊ သူတို့ပဲ"

"အို ...ဒုက္ခပဲ"

ဒေါ်စမ်းကိုယ်တိုင် ယခုမှ စိုးရိမ်သွားပုံ။ သို့သော် ချက်ချင်းပင် ...

"မိန်းကလေး ဘာမှမကြောက်နဲ့၊ ဒေါ်စမ်းတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



လုံးရှိတယ်"

"ကျွန်မ ...မ ...မကြောက်ပါဘူး ဒေါ်စမ်း"

သို့သော် သူမအသံက အနည်းငယ် ထိတ်လန့်နေဟန်။ နှစ်ယောက်သား တံခါးကို သေချာပိတ်ကာ အိမ်ထဲဝင်ခဲ့၏။

သူတို့ ယခုချိန်ထိ ဘာကြောင့် သူမကို လိုက်ပြီးနှောင့်ယှက်တာလဲ။

သူမဟာ မြစိမ်းကြည်မဟုတ်ဘူးဆိုလျှင် ဘာနှောင့်ယှက်စရာရှိလဲ။

လူမှားနေတာလား။

အတွေးများဖြင့် သူမမှာ သက်ပြင်းတစ်ရှိုက်ရှိုက် ဖြစ်နေ၏။ ဒေါ်စမ်းကတော့ ငှက်ကြီးတောင်ဓားကို အသင့်ဆောင်ထားသည်။

မိုးသည် တစ်ဖြည်းဖြည်းချုပ်ကာ ပတ်ဝန်းကျင် မည်းမှောင်လာ၏။ သူမတို့ ညစာကို အမြန်စားလိုက်ကြသည်။

ထို့နောက် ဧည့်ခန်းမှာ နှစ်ယောက်သား ဓားဖြင့် ကိုင်စောင့်နေကြ၏။

ထိုစဉ် ...

"ဒေါက် ...ဒေါက်"

တံခါးခေါက်သံပြင်းပြင်းကြောင့် သူမတို့ တစ်ယောက်





မျက်နှာ တစ်ယောက် ကြည့်မိသည်။

ဒေါ်စမ်းက ဓားကို တင်းတင်းဆုပ်ကိုင်ပြီး မတ်တပ် ရပ်၏။ ထို့နောက် တံခါးနောက်တိုးကပ်သွားကာ ...

"ဘယ်သူလဲ"

ဟု အသံခပ်မာမာဖြင့် မေးလေ၏။

"ကျုပ်ပါ မစမ်းရဲ့၊ တံခါးဖွင့်စမ်းပါ"

"ဟင် ...ကိုအိုက်"

ဦးအိုက်အသံကြားတာနှင့် သူမ နေရာမှ ဆတ်ခနဲ မတ်တပ်ရပ်မိသည်။ ဒေါ်စမ်းက တံခါးကို ဝုန်းခနဲ ဖွင့်ပေးလေ၏။

"ဟင် ...ရှင်တစ်ယောက်တည်းလား ကိုအိုက်၊ လူလေးကော"

"မင်းတို့ကို စိတ်မချလို့ ငါ့ကို ပြန်လွှတ်လိုက်တာ"

"ကဲ ... ကဲ ဒါဆို အိမ်ထဲမြန်မြန်ဝင်"

"ဟ ...ဘာဖြစ်တာလဲ"

ဒေါ်စမ်းက ဦးအိုက်အိမ်ထဲ ရောက်တာနှင့် တံခါးအမြန်ပိတ်လိုက်လေ၏။

ဦးခွန်စိုင်းပါမလာတာကြောင့် သူမ ရင်မောသွားရသည်။ သူတစ်ယောက်တည်း စိတ်မချနိုင်။ ဘာကြောင့်လဲ။

"မင်းတို့ ဘာဖြစ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲရောက်တာနှင့် ဒေါ်စမ်းကိုကြည့်ကာ မေးသည်။ ဒေါ်စမ်းက ယခုမှ သက်ပြင်းချနိုင်ဟန်ဖြင့် ...

"ဒီမှာ ...ဟို ...ဟိုလူတွေ ရောက်နေတယ်ရှင့်"

"ဘာ ...ဘယ်သူတွေလဲ"

"အို ...တော်ကလဲ နားဝေးလိုက်တာ၊ လူလေးပြောတဲ့ ရန်ကုန်က လူဆိုးတွေလေ"

"ဘာ ...သူတို့ရောက်နေတယ် ဟုတ်လား"

ယခုမှ ဦးအိုက်ကလည်း အံ့သြစွာမေးလေ၏။ ဒေါ်စမ်း ခေါင်းညိတ်ပြီး ဓားနှင့်စာကို ထုတ်ပြသည်။

ဦးအိုက်က ဖတ်ပြီး ...

"ဟင် ...ဒါ ခြိမ်းခြောက်စာပါလား မစမ်း"

"ဟုတ်တယ်၊ မိန်းကလေးကို ခြိမ်းခြောက်တာ၊ အဖြစ်အပျက်က ဒီလိုရှင့်"

ဒေါ်စမ်းက အဖြစ်အပျက် စုံကို ပြောပြလိုက်၏။ ဦးအိုက် နားထောင်ပြီး သက်ပြင်းချသည်။

"ဒီကောင်တွေ အတော်ရဲတင်းတာပဲ၊ အင်း ...လူလေး ကျုပ်ကို ပြန်လွှတ်လိုက်တာအမှန်ပဲ"

"သူ ဟိုမှာကျန်ခဲ့တာ တစ်ယောက်တည်းလားဟင် ဦးအိုက်"





"ဟုတ်တယ် မိန်းကလေး ခြံစောင့်က ရွာပြန်သွားလို့"

"အို ;.. ကျွန်မ သူ့အတွက် စိတ်မချလိုက်တာ"

ထိုစကားကြောင့် ဦးအိုက်နှင့် ဒေါ်စမ်း တစ်ယောက် မျက်နှာ တစ်ယောက်ကြည့်မိသည်။

ထို့နောက် ပြိုင်တူ ...

"ဘာမှမစိုးရိမ်ပါနဲ့ မိန်းကလေး၊ လူလေးက သူ့ကိုယ်သူ ကာကွယ်တတ်ပါတယ်"

ဆိုတာကြောင့် သူမ ပင့်သက်လေးရှိုက်ကာ ငြိမ်သက် သွားရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"တောက် …ဒီကောင်တွေ တော်တော်ရဲတင်းပါလား"

နောက်တစ်နေ့မနက် သူပြန်လာတော့ ထိုအကြောင်းတွေ ပြောပြမိ၏။ သူမ သက်ပြင်းချကာ …

"ဟုတ်တယ် ဦးခွန်စိုင်း၊ ကျွန်မတို့ ဘယ်လိုလုပ်ကြမလဲ"

အားငယ်သံလေးဖြင့် သူမ မေးမိသည်။ သူ ဖျတ်ခနဲ ကြည့်ကာ …

"ဘာမှလုပ်စရာမလိုပါဘူး မြစိမ်းကြည်၊ ဒါ ကျုပ်တို့ နေရာပဲ သူတို့ ဒီထက်အတင့်ရဲလာရင် ကျုပ်ကို ရင်ဆိုင်ကြတာပေါ့"

"သူတို့က ကျွန်မကို ဘာကြောင့် မြစိမ်းကြည်လို့ ထင်နေရတာလဲဟင်"

"ဘာကြောင့်လဲဆိုတော့ မင်းက မြစိမ်းကြည်ဖြစ်လို့နေမှာပေါ့ကွ"



www.burmeseclassic.com

www.burmeseclassic.com



"အို …ဟိုအိမ်ကလူကြီးပြောတော့ ကျွန်မက မြစိမ်းကြည်မဟုတ်ဘူးဆို၊ မြစိမ်းကြည်အစစ်က သေသွားပြီလို့ သူကိုယ်တိုင်ပြောတာ၊ ရှင်ကြားတယ်မဟုတ်လား"

သူက စဉ်းစားဟန်ဖြင့် တစ်ခဏငြိမ်သက်နေပြီးမှ လေးနက်စွာပြောသည်။

"ဒါပေမယ့် သူတို့ဘက်က မင်းကို မြစိမ်းကြည်လို့ ယူဆထားလို့ပေါ့၊ နေပါဦး …ကျုပ်စဉ်းစားတာက သူတို့ မင်းကို ဘာကြောင့် အလွတ်မပေးတာလဲ၊ တကယ်ဆို မင်းကလည်း ဘယ်သူနဲ့မှ မပတ်သက်ပဲ"

"ဟုတ်တယ်၊ ကျွန်မလည်း အဲဒါကို စဉ်းစားနေတာ ဦးခွန်စိုင်း"

"အင်း …တစ်ခုတော့ရှိတယ်၊ အရင်တုန်းက မင်း သူတို့နဲ့များ ပတ်သက်ခဲ့သလား"

"အို မဖြစ်နိုင်တာ"

သည်လိုလူမျိုးတွေနှင့် သူမ ဘယ်လိုမှ မပတ်သက်ဖူးဟု ယူဆကာ ခါးသီးစွာ ငြင်းလိုက်မိ၏။

"ကျုပ်လည်း အဲဒီလိုဖြစ်ပါစေ ဆုတောင်းပါတယ်၊ ဒီရက်ပိုင်း ကျုပ်တို့ သတိထားစောင့်ကြည့်တာပေါ့"

တကယ်ပဲ ထိုရက်ပိုင်းတွေမှာ ဦးအိုက်နှင့် သူက ညဘက်





အလှည့်ကျ စောင့်လေ၏။ နေ့ခင်းပိုင်းတွေ သတိထားမိပြန်တော့လည်း လူသူဟူ၍ တစ်ဦးတစ်ယောက်မျှမတွေ့။

"ဒီလူတွေ ပြန်သွားပြီနေမှာပါ"

ဦးအိုက်က ပြောသည်။ သူမကတော့ ဘာပြဿနာမှ ဖြစ်မလာပါစေနဲ့ဟု ကြိတ်ကာ ဆုတောင်းမိရ၏။

တစ်ပတ်ကြာတော့ သူခြံသွားဖို့ ပြင်သည်။

"ဦးအိုက်နေခဲ့"

"ကျွန်မလိုက်ခဲ့မယ်"

သည်တစ်ခါ သူမ ဖွင့်ပြောဖို့ ဆုံးဖြတ်၏။ သူမရှိဘဲ ဒီမှာမနေရဲပေ။

"ဦးအိုက် နေခဲ့မှာပဲ"

"အို …ရှင်ပဲ နောက်တစ်ခါ ကျွန်မကို ခေါ်မယ်ဆို"

ကလေးတစ်ယောက်လိုအပြောကြောင့် လှစ်ခနဲပြုံး၏။ ဒေါ်စမ်းက

"ခေါ်သွားလိုက်ပါ လူလေးရယ်၊ လူလေးမရှိရင် မိန်းကလေး ဒီမှာကြောက်နေတာနဲ့ အိပ်ပျော်မှာမဟုတ်ဘူး"

သိသာစွာပင် သူမက ဒီရက်ပိုင်း အိပ်မပျော်ဘဲ မျက်ကွင်းလေးပင် ချောင်နေ၏။

"ကဲ …ဒါဆို ဦးအိုက်တို့ ဒေါ်စမ်းတို့လည်း လိုက်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



ဗျာ"

"အို …ဘယ်ဖြစ်မလဲ၊ ဒီမှာ လူရှိမှပေါ့၊ တော်ကြာ သူတို့ကြောက်လို့ ရှောင်တယ်ထင်မယ်"

ရဲရင့်သတ္တိရှိသော ဦးအိုက်က လက်မခံ။ ဦးအိုက် မလိုက်တော့ ဒေါ်စမ်းကလည်း မလိုက်။

"မင်း …ဟိုမှာ အနေအစားဆင်းရဲမှာနော်"

"အို …ကျွန်မ ခံနိုင်ပါတယ်"

"ကဲ …ဒါဆိုလိုက်ကွာ"

"ဟာ …ဝမ်းသာလိုက်တာ"

တကယ်ပဲ သူမ ကလေးတစ်ယောက်လို ဝမ်းသာသွား၏။

အဝတ်အစား အနည်းငယ်ထည့်ပြီး သူနှင့်အတူ လိုက်ခဲ့တော့၏။

"ဦးအိုက်တို့က အခြေအနေကြည့်ပြီး နောက်နှစ်ရက်လောက်ဆို လိုက်ခဲ့ဗျာ"

"အေး …အေး"

ရင်ခုန်စရာတော့ ကောင်း၏။

မြင်းညိုကြီးပေါ်မှာ သူမတို့နှစ်ယောက်။ သူ့ရင်ခွင်ထဲတွင် သူမ၏ကိုယ်လုံးလေး ရောက်နေသည်။





သို့သော် အေးမြသော လေနုအေးနှင့် လှပသောရှုခင်းများကြောင့် စိတ်ထဲ သာယာကြည်နူးမိတာ အမှန်။

မြင်းတစ်ချက်ပြေးတိုင်း သူ့ကိုယ်နှင့် သူမကိုယ် နီးကပ်စွာ ထိတွေ့သွားလို့။

"ရှုခင်းတွေက လှတယ်နော်"

"ဘာလဲ မင်းက သဘောကျနေပြီလား"

"အင်း …ပန်းလေးတွေကလည်း လှလိုက်တာ၊ ဟယ် ဟိုအပင်မှာ သစ်ခွတွေ"

"တောထဲမှာ အများကြီးပဲ၊ မင်းလိုချင်ရင် အပြန်ကျ ကျူပ်ခူးပေးလိုက်မယ်"

"ကျေးဇူးပဲ"

မကြာခင်အချိန်အတွင်းမှာ သူမတို့ခြံ ရောက်လာသည်။

"အို …လိမ္မော်တွေ၊ သစ်တော်တွေ အများကြီးပဲ"

တစ်ခါမှ မတွေ့ဘူးသော သူမအဖို့ ထိုအပင်များကို ကြည့်ကာ ဆွေ့ဆွေ့ခုန်ပျော်မိတော့၏။ ကလေးတစ်ယောက်လို ပျော်နေသော သူမကိုကြည့်ကာ သူပြုံးသည်။

"ဟိုဘက်မှာတွေလည်း ရှိတယ်ကွ"

"ဟုတ်လား၊ သွားကြည့်မယ်"

"နေပါဦး၊ ခရီးမပန်းဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း …မြင်းကြီးကမောတာပါ"

သူမရယ်ပြောတော့ သူပါရယ်သည်။ ခြံထဲက အိမ်လေးမှာ တစ်ထပ်ပျဉ်ထောင်အိမ် သပ်သပ်ရပ်ရပ်လေး။ လုပချစ်စရာကောင်း၏။

"ဒီအိမ်လေးမှာ အိပ်ခန်းတစ်ခန်းပဲရှိတယ်၊ ညကြရင် မင်း အဲဒီအခန်းထဲအိပ်ပေါ့၊ ကိုယ် အပြင်မှာအိပ်မယ်"

တည်းခိုခန်းမှာတုန်းက နှစ်ယောက်တစ်ခန်း ယူသည့်တိုင် စိတ်ချရသော သူ့ကြောင့် ယခုလည်း တိတ်ဆိတ်နေလိုက်၏။

"ဒီအထိတော့ သူတို့ လိုက်မလာနိုင်ပါဘူးနော် ဦးခွန်စိုင်း"

သူ ခေါင်းခါယမ်းသည်။

"စိတ်ချပါ၊ သူတို့ ဒီနေရာကို ဘယ်လိုမှ မသိကြပါဘူး၊ ကဲ ခဏနားဦး၊ ကျုပ် ခြံထဲသွားလိုက်ဦးမယ်"

သူမက အိမ်လေးထဲကျန်ကာ အနှံ့လိုက်ကြည့်မိ၏။ ခြံစောင့်သူတွေစားဖို့ ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်တို့ကို တွေ့ရသည်။

ဒေါ်စမ်းက သူမတို့စားဖို့ဆိုကာ အကြော်အလှော်တွေ ထည့်ပေးလိုက်၏။ သူမက မီးမွှေးကာ ထမင်းချက်ဖို့ပြင်သည်။

"ဟိတ် …ဘာတွေလုပ်နေတာလဲ"





"ထမင်းချက်မယ်လေ၊ ဟင်းတွေတော့ ဒေါ်စမ်း ထည့်ပေးတာရှိတယ်"

"ဖယ်ပါ၊ ကျုပ်ချက်လိုက်ပါ့မယ်"

"အို …မဟုတ်တာ၊ ကျွန်မ ချက်ပါ့မယ်၊ ဦးခွန်စိုင်း လုပ်စရာရှိတာ သွားလုပ်ပါ"

"အင်း"

သူပြန်ထွက်သွားသည်။

သူမ ထမင်းချက်နေစဉ် အိမ်လေးကို ရှင်းလိုက်၏။ ကြမ်းတွေလည်း တိုက်လိုက်သည်။

ယခုတော့ တောက်ပြောင်ကာ သန့်ရှင်းလို့ သူမသဘောကျစွာ ပြုံးလိုက်၏။ ထမင်းကျက်ချိန်မှာ သူ့ကိုတွေ့ရသည်။

"ဟယ် …ငါးတွေ"

ကြီးမားသော ငါးနှစ်ကောင်ကိုင်ကာ သူပြန်ရောက်လာသည်။

"ဟုတ်တယ် …နောက်ကစမ်းချောင်းက ဖမ်းလာတာ၊ ရေချိုးရင်းနဲ့၊ ကဲ မင်းလည်းရေချိုးလိုက်လေ၊ ကျုပ် ငါးကင်ထားလိုက်မယ်"

"အို …ဘယ်သွားချိုးရမှာလဲ"

"ဒီနောက်မှာ စမ်းချောင်းရှိတယ်၊ ရေကြည်နေတာ



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှင်းထားတာကြောင့် လူလည်း နွမ်းကာ ရေချိုးဖို့ ဆုံးဖြတ်လိုက်၏။

ထို့ကြောင့် သူညွှန်သော လမ်းအတိုင်းလာခဲ့သည်။

တကယ်ပဲ ချောင်းလေးက သူတို့ခြံနှင့် မဝေးပါ။ ရေက ကြည်လင်ကာ ကျောက်တုံးလေးတွေပင် မြင်နေရ၏။ ငါးတွေက လည်း ကူးခပ်လို့။

"အဟင်း ...ဟင်း သိပ်သာယာတာပဲ"

ရေထဲဆင်းကာ ကူးရင်း တစ်ယောက်တည်း ပြုံးရွှင်စွာ ပျော်မိ၏။ ရေအေးအေးချိုးလိုက်ရတာမို့ တစ်ကိုယ်လုံး လန်းဆန်း သွားရသည်။

သူမပြန်လာတော့ ...

"ဟယ် ငါးကင်နံ့မွှေးနေတာပဲ"

မီးဖိုပေါ်မှ ငါးကင်တွေက ကျက်နေပြီ။

"အတော်ပဲ၊ မင်းပြန်လာတာ ကျုပ် ထမင်းပွဲပြင်လိုက် မယ်"

"အို ...ကျွန်မလုပ်မှာပေါ့"

အဝတ်အစား ဖာစ်ခါတည်းလဲလာတာမို့ သူမ ဘာမှလုပ် စရာမလို။ တောထဲမို့ ကြည်လင်ဝင်းပသော မျက်နှာလေးကို မပြုပြင်ဘဲ ဒီအတိုင်းထားမိသည်။





ထိုနေ့က သူမတို့ ညစာကို ငါးကင်နှင့်ချဉ်စပ်။ ဒေါ်စမ်း ထည့်ပေးလိုက်သော စားစရာများဖြင့် မြိန်ယှက်စွာ စားလေ၏။

"ကျုပ်အလုပ်က တောလိုက်တယ်၊ ခြံစိုက်တယ်၊ မင်း အတွက်တော့ မျက်စိထဲ ရိုင်းနေမှာပေါ့"

"အို ...မဟုတ်တာ၊ ဒါ ရိုးသားစွာလုပ်တာပဲ၊ တစ်ခုပဲ တောလိုက်တယ်ဆိုတော့ သူများအသက်သတ်ရတာ"

"အဟွန်း...ကျုပ်လည်း မလုပ်ချင်ပေမယ့် ဝါသနာက တားလို့မရဘူး၊ ဟင်းစားလည်း ရှာရတယ်လေ"

ခြံထဲဆင်းလျှောက်ရင်း ထိုအကြောင်းတွေ ပြောမိကြခြင်း ပါ။ အေးချမ်းသောနေရာမို့ လေကလည်း အေးလို့။

ဘေးပတ်လည်မှာ တောင်တန်းတွေ၊ ကဲ ဘယ်လောက် သဘာဝဆန်တဲ့ရှုခင်းလဲ။



www.burmeseclassic.com

www.burmeseclassic.com



လူတစ်စု သူမနောက်မှ အပြေးလိုက်နေသည်။ ရှေ့မှ သူမအားကုန်ပြေးနေရတာမို့ အသက်ရှူမဝ မောပန်းလို့နေပြီ။ နောက်မှ ဓားနှင့်လူက နီးကပ်လာ၏။

ထိုစဉ် ခလုတ်တစ်ခုဝင်တိုက်ကာ သူမလဲကျသွားစဉ် ဓားနှင့်လူ ရောက်လာသည်။

"မပြေးနဲ့ မြစိမ်းကြည်"

"အား"

ထိုလူက သူမကို ဓားနှင့်ထိုးလိုက်တာမို့ ကြောက်လန့်တကြား အော်မိရင်း ချက်ချင်း မျက်ဝန်းအစုံ ပွင့်လာ၏။

"အား …ကြောက် …ကြောက်တယ်"

"မြစိမ်းကြည် …မြစိမ်းကြည်"

လူတစ်ယောက် သူမအခန်းထဲဝင်ကာ အော်ဟစ်နေသော သူမကို ဖျတ်ခနဲ ပွေ့ဖက်၏။



www.burmeseclassic.com

www.burmeseclassic.com



"မြ ...မြ မကြောက်နဲ့ ကိုယ်ရှိတယ်"

ဓာတ်မီးရောင်ကြောင့် သူမကို ပွေ့ဖက်လာသူအား ခပ်ဖြည်းဖြည်း မော့ကြည့်မိ၏။

"အို ...ဦးခွန်စိုင်း"

"ဟုတ်တယ်၊ မင်းဘာတွေ ကြောက်နေတာလဲ မြရယ်၊ ဘာလဲဟင်၊ အိပ်မက်ဆိုး မက်တာလား"

သူမမျက်နှာလေးကို ငုံ့စိုက်ကြည့်ကာ တင်းတင်းပွေ့ဖက်ပြီး ကြင်နာစွာ မေးလာသည်။

"အင်း"

သူမဖြေရင်း သူ့ရင်ခွင်တွင် မှေးမှီမိ၏။ နွေးထွေးလိုက်တဲ့ ရင်ခွင်။ ချက်ချင်းပင် သူမ ကြောက်စိတ်တွေ ပျောက်သွားရသည်။

"မြ"

"ဟင်"

"ကိုယ်လေ ...မြကိုစိတ်မချလို့ အပေါက်ဝမှာ စောင့်အိပ်နေတာ၊ မြအော်သံကြားလို့ စိုးရိမ်သွားတာပဲဗျာ"

ပြောရင်း သူမမျက်နှာလေးကို ငုံ့ရှိုက်နမ်းလာသည်။ တမ်းတမက်မောသောအနမ်းများ။

"အို"

"မြ ...မြရယ် မင်းကို မောင်ချစ်မိနေပြီကွယ်"





အေးမြသော လေညှင်းကြားမှာ နွေးထွေးသော အငွေ့အသက်များက လှိုက်မောစွာ။ သူမဘာကြောင့် မငြင်းဆန်မိရပါလိမ့်။

"မြ ...မြ မောင့်ကိုချစ်လားဟင်"

"အို ...ဟင့်အင်း ကျွန်မ"

"ဟင်း ဟုတ်ပါတယ်လေ၊ မောင်လိုတောသားကို မြလိုမိန်းကလေးက ဘယ်ချစ်နိုင်မလဲ၊ ကဲပါလေ မြအိပ်ပါတော့၊ ကိုယ်သွားမယ်"

"ဟင့်အင်း...မသွားနဲ့၊ ကျွန်မတစ်ယောက်တည်း မအိပ်ရဲဘူး"

"ဗျာ"

ထိုစဉ် မီးရောင်လေး ဖျတ်ခနဲငြိမ်းကာ တစ်ခန်းလုံး တိတ်ဆိတ်သွားရ၏။ သေချာကာကတော့ ထိုည သူ့ရင်ခွင်မှာ သူမနှစ်ခြိုက်စွာ အိပ်ပျော်သွားရသည်။

"ချစ်"

အလင်းရောင်ဖျော့ဖျော့က အခန်းထဲ ဖြာကျနေ၏။ သူမ ဆံနွယ်လေးများကို ဖွဖွသပ်တင်ကာ သူပြုံး၍ ခေါ်သည်။

လရောင်အောက်မှာ သူ့မျက်ဝန်းတွေက လင်းလက်တောက်ပနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်"

"အဟင်း …မောင်တဲ့လားအချစ်ရယ်"

"အို"

သူမနှုတ်ခမ်းလေးတွေ မွှန်းကြပ်နွေးထွေးသွားရ၏။ သည်လူတစ်ယောက်ကြည့်တော့ မချစ်တတ်ပုံနဲ့ ခုတော့လည်း အချစ်သည်းလိုက်တာ။

"မနက် ဦးအိုက်တို့လာရင် သူတို့ကို သက်သေတည်ပြီး မောင်တို့ လက်ထပ်ကြမယ်နော်"

"အင်း …မောင့်သဘောပဲ၊ ကျွန်မအသက်ကို မောင်ကယ်တာလေ၊ ကျွန်မကို မောင်ပိုင်တယ်"

"ဟာဗျာ …ဒီလိုတော့ မပြောပါနဲ့၊ မောင့်မှာ အဲဒီလိုစိတ်မရှိဘူး။ ဒီလိုဖြစ်တာ မြကိုချစ်တဲ့စိတ်တစ်ခုပဲ ရှိတယ်"

"အဟင်း …ကျွန်မသိပါတယ် မောင်ရယ်"

ဖြူနုသွယ်ပျောင်းသော လက်လေးများဖြင့် သူ့ကို ပြန်ဖက်တွယ်ကာ ပြောမိ၏။

သူမတို့ တစ်ယောက်ရင်ခွင် တစ်ယောက် ခိုလှုံကာ တစ်ယောက်အလို တစ်ယောက် လိုက်မိကြသည်။

တကယ်တော့ သူမတို့နှစ်ယောက်ဟာ ဘယ်အချိန်ကတည်းက တစ်ယောက်ကို တစ်ယောက် တိတ်တိတ်ချစ်မိနေပါလိမ့်။





"တကယ်တော့ …မောင့်ဘဝမှာ မိန်းမတစ်ယောက်ကို နောက်တစ်ကြိမ် ချစ်ဖို့ မစဉ်းစားခဲ့တာအမှန်ပဲ မြ၊ ဒါပေမယ့် မြကိုမြင်တော့ မောင့်စိတ်တွေ ကြိတ်လှုပ်ရှားခဲ့ရတယ်၊ ဒီလိုမဖြစ်အောင် အကြိမ်ကြိမ်ကြိုးစားပေမယ့် မရဘူး၊ နောက်ဆုံး မြကိုပြန်ခေါ်လာမိတဲ့အထိ စိတ်မချဖြစ်ခဲ့ရတယ်ဗျာ"

"မြ …မြကလည်း မောင့်ကိုချစ်လို့"

ရှက်စိတ်ကြောင့် ဆွံ့အကာ ဆက်မပြောဖြစ်တော့။ သူပြုံး၍ သူမပါးမို့မို့ကို အသာရှိုက်နမ်း၏။

"ဆက်ပြောလေဗျာ"

"ဟင်း …သိသားနဲ့"

သူမ မျက်စောင်းထိုးတော့ သူရယ်သည်။ တကယ်ပဲ ကြည်နူးစွာ။

"မသိဘူးဗျာ"

"မောင့်ကိုချစ်လို့ ပြန်လိုက်လာခဲ့တာရှင့်"

"ဟောဗျာ …လူတွေကိုကြောက်လို့ မဟုတ်ဘူးလား"

"အို …အဲဒါက တစ်ဝက်ရှင့်"

"အဟွန်း …ဟွန်း ဒါဆိုကောင်မလေး အစထဲက မောင့်ကို ကြိတ်ချစ်နေတာပေါ့လေ ဟုတ်လား"

"အမယ် …သွား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ...သွားမယ် အချစ်နယ်ကို"

"အို"

သူမနှုတ်ခမ်းလေးတွေ တိတ်ဆိတ်ကာ ငြိမ်သက်သွားရ၏။ စိုးထိတ်ကြောက်စရာကောင်းလှသော အဖြစ်တွေကြားမှ မောင်နှင့်သူမ ငြိတွယ်မိခြင်း၊ ဒီအတွက် နှစ်ယောက်လုံး နောင်တမရပါ။

နောက်နေ့မှာ ဦးအိုက်နှင့် ဒေါ်စမ်းတို့ ရောက်လာကြ၏။ သူက အဖြစ်မှန်ကို ဖွင့်ပြောကာ ...

"ကျွန်တော်တို့ မြန်မာ့ထုံးစံအရ လူကြီးတွေဖြစ်တဲ့ ဦးအိုက်တို့ရှေ့မှာ လက်ထပ်ပေးပါ"

ဒေါ်စမ်းကတော့ ဝမ်းသာနေ၏။

"အင်း ...ခုမှ မိန်းကလေး ဒေါ်စမ်းတို့ မိသားစုထဲက ဘယ်တော့မှ ထွက်မသွားမှာ၊ ခြောက်သွေ့နေတဲ့ လူလေးဘဝလည်း မိန်းကလေးကြောင့် သာယာစိုပြေတာမို့ ဒေါ်စမ်းတို့ ဝမ်းသာပါတယ်ကွယ်"

သူမတို့နှစ်ယောက်က ဦးအိုက်နှင့် ဒေါ်စမ်းကို လူကြီးမိဘနေရာထား၍ ကန်တော့လိုက်ကြ၏။

"သာဓု ...သာဓု ...သာဓု၊ ဒီလင်ဒီမယား အိုအောင်မင်းအောင် ပေါင်းရပါစေကွယ်"

"ပေးတဲ့ဆုနဲ့ပြည့်ပါစေဗျာ"





သူမမျက်နှာလေးကို ပြုံး၍ကြည့်ပြီး သူပြောသည်။ သူမနှုတ်ခမ်းလေးတွေက ပြုံးလို့။

အို ...ထိုနေ့က သူမတို့အတွက် လောကကြီးဟာ အသာယာဆုံး၊ အလှပဆုံးပါပဲလေ။

"မောင်"

"ဗျာ"

"မြတို့ ဟိုကိုမပြန်ဘဲ ဒီမှာပဲ နေဦးမယ်နော်"

"သဘောဗျာ"

အရင်က တည်ကြည်လွန်းသော သူ့မျက်နှာက ယခုတော့ ပြုံးချိုလို့။

ကမ္ဘာပေါ်မှာ သူ့လောက်ကြင်နာတတ်မယ့်သူ မရှိ။ သူမက မောင့်ကိုချစ်လှ၏။

"အရင်ကတော့ မောင့်မျက်နှာကြီးက မြကိုမြင်ရင် မှုန်ကုပ်နေတာပဲ"

"အဟွန်း ...အဲဒါ ဒီကောင်မလေးကို မချစ်မိအောင် ကြိုးစားနေတာဗျ"

"ရလား"

"ဟင့်အင်း"

"ဒါနဲ့များ ...အဟင်း"



www.burmeseclassic.com

www.burmeseclassic.com



မကျေမနပ်လေး ဖြစ်နေသော သူမကို မောင်က နမ်းရှိုက် သည်။

"ဒီမှာမြ၊ အစက မြကို မောင် ဘာကြောင့် မချစ်မိဖို့ ကြိုးစားတာလဲဆိုရင် မြဟာ ဘယ်သူတစ်ဦးတစ်ယောက်နဲ့ သက်ဆိုင်နေမလဲဆိုတာ မောင်တွေးမိလို့ဗျ"

"နောက်တော့ကော"

"ရန်ကုန်က အပြန်မှာ မြက တကယ်ပဲ ဘယ်သူနဲ့မှ မသက်ဆိုင်တဲ့ မိန်းကလေးဆိုတာ သိရလို့ မောင့်အချစ်တွေ ပွင့်ထွက်ကုန်တာပဲ"

ယခုမှ ရင်ထဲက အကြိတ်အခဲများကို ဖြေရှင်းမိကြ၏။ တကယ်တော့ မောင်စဉ်းစားပုံက တရားမျှတပါသည်။

"တကယ်လို့ မြက မြစိမ်းကြည်မဟုတ်ဘူးဆိုရင်ကော"

"မောင်ကတော့ မဟုတ်ပါစေနဲ့လို့ ဆုတောင်းတယ်၊ ဒါမှ မောင့်ရင်ခွင်မှာ မြတစ်သက်လုံးရှိမှာ"

လေးနက်စွာ မောင်ပြောရင်း သူမကိုယ်လေးကို မော တင်းတင်းဖက်၏။ တကယ်တော့ သူမကိုယ်တိုင် မြစိမ်းကြ ဖြစ်ရမှာကို ကြောက်နေတာမဟုတ်လား။ အကြောင်းကတော့ မော နဲ့ခွဲရမှာ စိုး၍ပင်။

××××





ဒေါ်စမ်းနှင့် ဦးအိုက်က ခြံထဲမှာ နှစ်ရက်သာနေပြီး ပြန်သွား၏။ သူက ဦးအိုက်ကို မှာစရာရှိတာတွေ မှာသည်။

"ကျွန်တော်မှာတာတွေ မမေ့နဲ့နော် ဦးအိုက်"

"စိတ်ချပါ၊ လူလေးတို့ပြန်လာရင် အသင့်ဖြစ်စေရပါမယ်"

သူမကတော့ သူ ဘာတွေမှာတယ်ဆိုတာ မမေးမိ။ ဒေါ်စမ်းနှင့်သာ စကားပြောနေမိ၏။

"ဒေါ်စမ်း မျက်စိထဲမှာ မိန်းကလေးတို့နှစ်ယောက်က သိပ်ကိုလိုက်ဖက်တာပဲကွယ်"

"အဟင်း ...ဒေါ်စမ်းကလဲ"

"ဟုတ်တယ် မိန်းကလေး၊ ဟိုတစ်ယောက်တုန်းကဆိုရင် လှပေမယ့် မိန်းကလေးလို အေးမြတဲ့အလှမဟုတ်ဘူး၊ သိပ်ပူလောင်တာပဲ"



www.burmeseclassic.com

"အို"

သူမမျက်နှာပျက်သွားတော့မှ ဒေါ်စမ်း စကားမှားသွားတာ သတိရသည်။

"အို …ဟောဒီပါးစပ်ကလေ ဘာတွေပြောမိမှန်း မသိဘူး၊ လူလေးက မိန်းကလေးကို သိပ်ချစ်ပါတယ်၊ ဒီမှာ စိတ်ချမ်းချမ်းသာသာနေကြ ဟုတ်လား"

ဒေါ်စမ်းတို့ နှုတ်ဆက်ပြီး ပြန်သွားတော့ သူမမျက်နှာ မကောင်းစွာ ကျန်ခဲ့၏။

"ဟင် …ချစ် မျက်နှာလည်း မကောင်းပါလား၊ ဘာဖြစ်လို့လဲ"

သူ့လက်များကို သူမ ပုတ်ထုတ်ပစ်၏။

"ဟောဗျာ …မောင့်ကိုစိတ်ကောက်တာလား"

"ဟုတ်တယ်"

"ဟင် …မောင် ဘာလုပ်မိလို့လဲ အချစ်ရယ်"

"အို …ပြောတော့ မောင်က ကျွန်မကို အချစ်ဆုံးဆို၊ တကယ်တော့ ဟိုတစ်ယောက်ကို မရလို့မဟုတ်လား"

"ဟင်"

သူ မျက်နှာပျက်လျက် သူမကို ငေးကြည့်သည်။ ထို့နောက် သက်ပြင်းချကာ ခေါင်းခါယမ်း၏။





"မြရယ် …အဲဒီအကြောင်းတွေ ဘာလို့ပြောရတာလဲ၊ ပြီးခဲ့ပြီပဲ"

"အို …မပြီးဘူး၊ မောင့်ရင်ထဲမှာ အဲဒီအမျိုးသမီး ရှိနေရင် ဘယ်လိုလုပ်မလဲ"

"မဟုတ်တာကွ၊ ဒီလောကသစ္စာမဲ့တဲ့ အမျိုးသမီးမျိုး မောင်က ဘာကြောင့် ရင်ထဲထည့်ထားရမှာလ ်၊ မောင့်ရင်ထဲရှိတာ ဟောဒီအချစ်၊ ဟောဒီ မောင့်ဇနီးပဲ"

"အို"

သူက သူမကိုယ်လေးကို တင်းကြပ်စွာဖက်ကာ မျက်ရည်ရစ်ဝဲစွာဖြင့် လိုက်လှဲစွာ ရှိုက်နမ်းရင်း ပြောသည်။

သည်တော့ သူမ နောင်တရသွား၏။ ဘာကြောင့် ပျော်ပျော်ရွှင်ရွှင်နေရမယ့်အချိန်မှာ ဒီလိုစကားတွေ ပြောမိပါလိမ့်။

"မြ မှားသွားတယ် မောင်"

မောင့်ပါးပြင်ကို ညင်သာစွာ ရှိုက်နမ်းမိရင်း သူမ တောင်းပန်လိုက်၏။

မောင် ခေါင်းခါယမ်းကာ သူမရင်ခွင်တွင်မျက်နှာအပ်သည်။

"မြ မမှားပါဘူးကွယ်၊ တကယ်တော့ အဲဒီလို အဖြစ်မျိုးတွေရှိနေတဲ့ မောင်သာ အပြစ်ရှိတာပါ"

"မောင်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



အမှန်တော့ မောင့်ကိုချစ်မိပြီမို့ အတိတ်က မောင်၏အမှားတွေကို သူမခွင့်လွှတ်နိုင်ခဲ့ပါသည်။

သူမတို့အတွက် ဟန်းနီးမွန်းခရီး အဖြစ် တောထဲမှာပင် တစ်ပတ်ခန့်ကြာသွား၏။

လက်ထပ်ပြီးသွားသော မောင်နှင့်သူမမှာ တစ်ယောက်ကို တစ်ယောက် သံယောဇဉ်ပါလာတာ ဘယ်လိုနည်းနဲ့မှ မငြင်းနိုင်ပေ။ ခြံထဲက အိမ်လေးနှင့်သာယာလှပသော ရှုခင်းများက သူမတို့အတွက် အိုအေစစ်လေးပင်။

မောင်က သူမအတွက်ဟုဆိုကာ လှပသော သစ်ခွပန်းများကို ရှာပေး၏။ မောင်ယူလာသော ပန်းများအားလုံးလှတာမို့ သူမပျော်ရွှင်လို့မဆုံး။

"လှလိုက်တဲ့ပန်းတွေ မောင်ရယ်… ဒါတွေ မောင်ဘယ်က ရှာလာတာလဲ"

"တောထဲက"

"ဟင် သစ်ပင်အမြင့်ကြီးတွေကလား"

"ဒါပေါ့ဗျာ"

"အို မောင်ရယ်… မောင့်အတွက် အန္တရာယ်ရှိမယ်ဆိုရင် တက်မခူးပါနဲ့"

မျက်နှာလေးမကောင်းစွာ မောင့်အတွက်စိုးရိမ်စွာ ပြော၏။ မောင် ပြုံးကာ …

"တောထဲနေလာတဲ့ကောင်ပါဗျာ၊ အန္တရာယ်မရှိပါဘူး၊ ပြီးတော့ မြက ဒီသစ်ခွ လိုချင်တာမဟုတ်လား၊ မောင်က မြအတွက်ဆိုရင် ဒီထက်မကခက်ခဲပင်ပန်းပါစေ ရအောင်ယူပေးချင်တာ"

"မောင်ရယ်"

ထိုအပြောမျိုးကြောင့် သူမရင်မှာ တသိမ့်သိမ့်ကြည်နူးကာ မောင့်ရင်ခွင်မှာ မှေးခိုမိ၏။

"မြကလဲ မောင့်အတွက် မပင်မပန်း ဟင်းတွေချက်ထားတယ်ရှင့်"

"ဘာတွေများလဲဗျာ"

"ငါးကို ဂျင်းနဲ့ငရုတ်သီးနဲ့ပေါင်းထားတယ်၊ ဆိတ်သားခြောက် ဆီပြန်ချက်၊ ပဲပုပ်ဖျော်ရည်နဲ့ သီးစုံကြော်၊ ပဒတ်စာ ဟင်းချိုရှင့်"

"အမယ်လေး ကြားရတာနဲ့တင် ဗိုက်ဆာလာပြီဗျာ"

မောင်က ဗိုက်ပွတ်၍ပြောတော့ သူမရယ်မိ၏။ သည်လို မောင်ဆာတတ်မှန်းသိနေ၍ သူမကအမြဲတမ်းစော၍ပြီးအောင် ကြိုချက်ပြုတ်သည်။

သူမလက်ရာကို မောင်ကအမြဲတမ်း နှစ်ခြိုက်စွာစားတတ်သူ။







www.burmeseclassic.com

www.burmeseclassic.com



"မောင့်မိန်းမက ရုပ်လှသလောက် ဟင်းချက်လည်း ကောင်းတယ်ဗျ၊ မောင်တော့ ကံကောင်းတာပဲ"

"ဟုတ်လို့လား အစကတော့ လူကိုမခေါ်ချင်သလိုလိုနဲ့"

"ဟောဗျာ ဒီလောက်လှတဲ့ကောင်မလေးကို ဘယ်သူ မခေါ်ချင်တာလဲ၊ မောင့်ကို ပြောစမ်း"

"ဟင်း"

သူမမျက်စောင်းထိုးတော့ မောင်ရယ်၏။ မောင်က သူမ အလုပ်ပင်ပန်းလုပ်မှာကိုမကြိုက်။ သူမအဝတ်တွေလျှော်နေတာ မြင်လျှင် ...

"ဟာ ဘာလို့ မောင့်အဝတ်တွေလျှော်တာလဲ၊ မြ ပင်ပန်း မှာပေါ့ဗျာ၊ မောင့်ဘာသာလုပ်ပါ့မယ်"

"အို မောင်ကလဲ ဒါ မြအလုပ်တွေပါ၊ မောင်လည်း ခြံအလုပ်တွေနဲ့ ပင်ပန်းနေတာပဲဟာ"

"အို မောင်ကယောက်ျား ပြီးတော့ အပင်ပန်းခံနေကျ၊ မြက နုနုနယ်နယ်နဲ့ မြနေမကောင်းမှာ မောင်စိုးရိမ်တယ်"

ပြောရင်း သူမလက်ထဲက အဝတ်တွေကို မောင် လုလျှော် သည်။

"မောင်ကလည်း ပေးပါဆို"

"မရဘူးဗျာ"





နှစ်ယောက်သားလုရင်း ကျောက်တုံးပေါ်ချော်ကာ စမ်းချောင်းထဲပြုတ်ကြ၏။ သည်တော့ မောင်က သူမကိုယ်လေးကို အမြန်ဖမ်းယူ၏။

"ကြည့် မောင့်ကြောင့် အဝတ်တွေစိုကုန်ပြီ"

သူမတစ်ကိုယ်လုံး ရေစိုရွဲတာမို့ မောင့်ရင်ဘတ်ကို လက်သီး ဆုတ်လေးများဖြင့် ထုရိုက်မိ၏။ မောင်ပြုံး၍ သူမလက်ဖျားလေး များကို ဖမ်းယူကာ

"မထူးဘူးဗျာ၊ မောင်နဲ့အတူရေထပ်ချိုးလိုက်"

"အို"

နှစ်ယောက်သား ရေထဲမှာလူးလိမ့်သွားရ၏။ အေးမြသော ရေတွေကြားမှာ မောင့်အနမ်းများက နွေးနွေးထွေးထွေး။ ငှက်ကလေး တွေ၏တေးသံက သူမတို့နှစ်ယောက်ကို တေးသံကျူးရင့်ပေးနေ သလို၊ ပန်းလေးတွေပွင့်လန်းကာ သူမတို့ကမ္ဘာလေးက ငြိမ်းချမ်း သာယာ လှ၏။

"ဟတ်ချိုး"

"ဟော မြ အအေးမိပြီ"

ညကျတော့ သူမ ဖျားချင်လာသည်။

မောင်စိုးရိမ်စွာပြောတော့ မျက်စောင်းဖျော့ဖျော့ထိုးမိ၏။

"အဲတာ မောင့်ကြောင့်"



www.burmeseclassic.com

www.burmeseclassic.com



"ဟောဗျာ"

သူမကို ထွေးပွေ့ကာ မောင်ရယ်သည်။

အားနေသော သူမ ကိုယ်လေးက မောင့်ရင်ခွင်မှာ နွေးထွေးလို့နေ၏။

"ချမ်းသေးလား"

"ဟင့်အင်း"

"ဟုတ်တယ်နော် မြအသားလေးတွေနွေးလာပြီ"

"ဟင်း နွေးဦးမှပဲ၊ မောင်ဖက်ထားတာ မြအသက်ထွက်တော့မယ်ရှင့်"

မောင်နှင့်အတူသူမပါ ပြုံးမိရတော့၏။ တောထဲမှာနေလာသော မောင်တစ်ယောက်က အမြဲတမ်းကြမ်းတမ်းတတ်တာ ထုံးစံများလားကွယ်။





သူတို့အတွက် အန္တရာယ်မရှိတော့လောက်ဘူးဟုထင်ကာမှ အိမ်သို့ပြန်ဖြစ်ကြသည်။ သူမတို့ပြန်လာတော့ ဒေါ်စမ်းတို့က ဝမ်းသာစွာ ကြိုဆို၏။

"ဒီမှာ ဘာအန္တရာယ်မှလည်းမရှိတော့ဘူး လူလေးတို့ရေ၊ ဘယ်သူမှ မလာတော့ဘူး"

"ဟုတ်တယ် လူလေး၊ သူတို့ လူလေးတို့ကို မျက်ခြည်ပြတ်သွားပြီ"

ထိုစကားကြောင့် သူမရင်ထဲစိုးရိမ်မှုတွေပယ်ပျောက်ကာ သက်ပြင်းချနိုင်တော့၏။ မောင်က သူမလက်လေးကို ဆုပ်ကိုင်ကာ

"မောင်တို့ဟိုမှာ နှစ်လလောက်နေလိုက်တာ သူတို့အပြီးပြောင်းသွားပြီ ထင်မှာပေါ့မြ"

"ဟုတ်တယ် သူတို့ကို ခုလိုမျက်ခြည်ပြတ်လိုက်တာပဲ ကောင်းတယ် မောင်၊ ဘာအန္တရာယ်မှ မရှိတာ - မြတို့အတွက်



www.burmeseclassic.com

www.burmeseclassic.com



အကောင်း ဆုံးပဲ''

''ကဲ လူလေးတို့အခန်းကို ဦးအိုက်အသင့်ပြင်ထားတယ်၊ တက်ကြည့်ပါဦး''

''လာ မြ''

မောင်က သူမလက်လေးကိုဆွဲကိုင်ကာ အပေါ်ထပ်တက်ခဲ့သည်။ ယခုတော့ ကျယ်ဝန်းလှသော တစ်အိမ်လုံးရှင်းလင်းလှပကာ သပ်ရပ်နေ၏။

''ဒါ မောင်တို့အခန်းပဲမြ''

''အို''

ပန်းနုရောင်တို့ဖြင့် လွှမ်းနေသော နှစ်ယောက်အိပ်ခုတင်ကြီးနှင့် အခန်းကျယ်ကြီးထဲမှာ မှန်တင်ခုံကအစ ပစ္စည်းတွေအစုံအလင်။

မောင်ကပြုံး၍

''ဦးအိုက်ကို ဒါတွေ မြို့သွားဝယ်ပြီးပြင်ဆင်ဖို့ မောင်ခိုင်းထားတာ၊ မြ သဘောကျရဲ့လားဟင်''

သူမညင်သာစွာခေါင်းညိတ်ပြမိ၏။ ထို့နောက် နှစ်ယောက်သား အခန်းထဲဝင်ခဲ့ကြသည်။

''ဒီရက်အတွင်းမှာ မောင်တို့ ဒီနားကရွာလူကြီးတွေ ဖိတ်ပြီး မင်္ဂလာဆွမ်းကျွေးလုပ်မယ် မြ''

''လိုအပ်သလားမောင်''





''လိုအပ်တာပေါ့ဗျာ၊ မြကို မောင်ကတန်ဖိုးထားချစ်တာ ဒီတော့ ရပ်သိရွာသိလက်ထပ်ယူတဲ့သဘောပဲ''

သူမကိုယ်လေးကို ရင်ခွင်ထဲထွေးပွေ့ကာ မောင်ပြောသည်။ မောင်၏ ချစ်မြတ်နိုးမှုကို သူမလေးစားရပါသည်။

''မောင့်ကို ကျေးဇူးတင်ပါတယ်ကွယ်''

''အမယ်လေးဗျာ အဲဒါ ကိုယ့်ယောကျ်ားကို ပြောစရာလား''

သူမကိုယ်လေးကို တင်းခနဲဖက်ကာနမ်းရှိုက်၍ မောင်ပြောသည်။ သူမက တစ်စုံတစ်ရာပြောချင်ပေမယ့် မောင်ကသူမနှုတ်ခမ်းလေးတွေကို ပြောခွင့်မပေး၊ အချစ်သက်သေပြနေသည်။

''ဒေါက်… ဒေါက် လူလေးတို့ ထမင်းပွဲအသင့် ဖြစ်ပြီကွယ့်''

''ဗျာ… ဟုတ်ကဲ့''

ရုတ်တရက် မောင့်ထူးသံကမပီသနိုင်တော့၊ သူမကြိတ်၍ မောင့်ကို ဆွဲဆိတ်သည်။

''အဲတာ မောင့်ကြောင့်''

''ကဲပါဗျာ… ခုပဲသွားစို့ပါ''

ဖျတ်ခနဲ မောင်က သူမလက်လေးကိုဆွဲယူ၏။

''အို နေပါဦး ဒီမှာ ခေါင်းဖြီးဦးမယ်''



www.burmeseclassic.com

www.burmeseclassic.com



သူမက အနည်းငယ်ပွကျဲနေသော ဆံပင်များကို ဘီးကျဲဖြင့် သေသပ်စွာဖြီးလိုက်သည်။ မောင်က သူမနောက်မှာလာရပ်ကာ

"လှပါတယ်ဗျာ"

ဟုပြောတော့ မျက်စောင်းလေးထိုးမိရ၏။

"မောင့်အင်္ကျီရင်ဘတ်က ကြယ်သီးတပ်လိုက်ဦး"

"ဟာ ဟုတ်သားပဲ"

သူမအခန်းပြင်ဘက် ထွက်ခဲ့သည်။ မောင်က သူမနောက်မှ ပြေးလိုက်လာ၏။

အောက်ထပ်ထမင်းစားခန်းမှာ ပူနွေးသော ထမင်းပွဲကြီးက အသင့်။

"ဒေါ်စမ်းလက်ရာမစားရတာကြာပြီ သိပ်လွမ်းတာပဲ သိလား"

သူမပြုံး၍ပြောတော့ ဒေါ်စမ်းက ကျေနပ်စွာခေါင်းညိတ်သည်။

"ဟုတ်တာပေါ့၊ ဒေါ်စမ်းကလဲ ကလေးတို့ကို သတိရနေတာ၊ ခုတော့ ကလေးတို့အတွက် အားပါးတရချက်ထားတယ် စားကြစားကြ"

ဒေါ်စမ်းချက်ထားသော ဟင်းတွေကစုံလှသည်။ ဘဲငန်သားချက်၊ ကကတစ်ငါးပေါင်း၊ ယုန်သားကြော်၊ ဝက်သားမုန့်ညင်း





ကြော်၊ ငရုတ်သီးပဲပုပ်ထောင်း၊ ငါးနှင့်ကဇော်သီးချဉ်ရေဟင်းတို့ဖြင့် အတို့အမြုပ်တွေက လတ်လတ်ဆတ်ဆတ်သီးနှံတွေ။

မောင်က

"မြစား"

ဟုဆိုကာ သူမပန်းကန်ထဲ ဟင်းတွေ တစ်ခုပြီးတစ်ခု ခပ်ထည့် ပေးလေ၏။

"အို မောင်ကလဲ မြ ဘာသာထည့်စားပါ့မယ်"

ဒေါ်စမ်းတို့ရှိနေတာမို့ သူမရှက်ရှက်နှင့်တားလိုက်သည်။ ဒေါ်စမ်းနှင့်ဦးအိုက်ကပြုံး၍ တစ်ယောက်ကိုတစ်ယောက်လက်တို့ပြီး အပြင်ထွက်သွားကြလေ၏။

သည်တော့မှ

"မောင်ကလဲ သိပ်ကဲတာပဲကွာ"

"ဟောဗျာ ဘယ်လိုလဲ၊ ကိုယ့်မိန်းမကိုယ် ဟင်းထည့်ပေးတာ"

"အို အရင်က မောင် ဒီလိုဟုတ်လို့လား"

"ခက်ပါလား၊ အဲဒီတုန်းက မြက မောင့်ဇနီးမဟုတ်ဘူးလေ၊ ဒီတော့ လက်ကခပ်မထည့်ပေမယ့် စိတ်ကခပ်ထည့်ပေးနေတယ်"

"သွားပါ… ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲပြောပြော ထိုစကားကြောင့် သူမရင်ထဲကြည်နူးရ တာအမှန်၊ မောင့်ပန်ကန်းထဲ သူမဟင်းတွေပြန်ထည့်ပေးမိ၏။

မောင်ကတော့ သူမထည့်ပေးသည့်ဟင်းတွေ အားပါးတရစားသည်။

"အင်း မောင်တော့ ကြာရင်ဝိတ်တက်ပြီး ရုပ်ဆိုးတော့မှာပဲဗျာ"

"အမယ်၊ အရင်ကကော မောင်က လှလို့လား"

"ဟောဗျာ မောင်မလှဘူးလား"

သူမနှာခေါင်းလေးရှုံ့ကာ

"ဟင့်အင်း"

ဟု ခေါင်းခါရမ်းပြ၏။

"ဟင် ဒါဆို မောင့်ကို ဘာကြောင့်လက်ထပ်တာလဲဗျ"

"အို ဒါကတော့…"

သူမဘာမှမပြောတတ် ဖြစ်တော့ မောင်ပြုံးသည်။

"ဩော် …မောင်သိပြီ၊ မောင့်ကိုချစ်လို့ ဟုတ်လား"

"အမယ် မဟုတ်ပါဘူးနော်"

"ဒါဆို မောင့်ကိုမချစ်ဘူးပေါ့"

"အင်း"

"ကြည့်စမ်း လာခဲ့၊ မချစ်တဲ့ကောင်မလေး"





မောင်ကဖျတ်ခနဲ သူ့လက်ကိုလှမ်းဆွဲသည်။

"အို ကြည့်စမ်း၊ သူများအင်္ကျီတွေပေကုန်ပြီ"

ရုတ်တရက်မို့ မောင့်မှာသတိမထားမိလိုက်ပေ။ သူမ မျက်နှာလေးမဲ့ကာ အော်တော့ …

"ဟာ ဆောရီး"

"အို ဘာဆောရီးလဲ၊ ဒါတမင်လုပ်တာ… တော်ပြီ"

"ဟောဗျာ"

သူမ ထမင်းဝိုင်းမှ လက်ဆေးကာ ဆတ်ခနဲထခဲ့သည်။ မောင် လက်ဆေးပြီးချက်ချင်းလိုက်လာ၏။

"မြ… မြ"

"သွား မခေါ်နဲ့"

သူမက အပေါ်အင်္ကျီကိုချွတ်ကာ အင်္ကျီလက်ပြတ်လေးနှင့် ရှိနေတာမှာထွက်ထိုင်မိ၏။ သူမ တကယ်စိတ်ကောက်သွားတာမို့ သူ စိတ်ညစ်သွားရသည်။

ထို့နောက် အခန်းထဲဝင်ကာ သူမအတွက် အပြာနုရောင်ရှယ်တာလေးယူလာ၏။

"မြ… မြ ဒါလေးဝတ်ထားနော်၊ အေးတယ်"

"အို မဝတ်ဘူး၊ ဒီအင်္ကျီတွေအားလုံး မြလျှော်ရတာရှင့်"

"ဟာ မလျှော်နဲ့ မလျှော်နဲ့၊ မောင် လျှော်မယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ ပျာပျာသလဲပြောသည်။ သူခေါင်းခါယမ်းကာ

"မြကို တမင်နှိပ်စက်နေတာ အဟင့် ဟင့်"

"ဟာကွာ... မောင်စတာကို မ... မငိုပါနဲ့ မြရာ၊ မောင် အင်္ကျီဝတ်ပေးမယ်နော်"

"အို ဖယ်ပါ"

သူက ရွတ်အင်္ကျီဝတ်ပေးဖို့ပြင်တာကြောင့် သူမဖျတ်ခနဲယူ ကာ ထိုနားမှ ထွက်ခဲ့လေ၏။

ဟူး... မလွယ်ပါလား။

သူခေါင်းခါယမ်းကာ ကျန်ရစ်ခဲ့သည်။

"ဟင် ဘာလုပ်နေတာလဲ၊ ထမင်းဆက်မစားဘူးလား"

သူမထွက်လာပြီး သူထိုင်နေတာမြင်ကော့ မေး၏။ သူဖျတ် ခနဲကြည့်ကာ

"မြကော"

"အို... မြ မစားတော့ဘူး"

"ဒါဆို မောင်လည်းမစားဘူး"

"ဟင် ဒါဆို ဆာနေမှာပေါ့၊ စောစောက မောင်နည်းနည်း ပဲ စားရသေးတာ၊ ကဲ... ကဲ မြပါ လိုက်စားမယ် လာ"

သည်တော့မှ မောင်ပြုံးကာ သူမနှင့်အတူ ထမင်းစားပွဲပြန် ထိုင်၏။





"ဟူး တစ်ခါလေး စမိပါတယ်၊ တကယ်မလွယ်ဘူး"

"ဟင်း ဒါဆို မစနဲ့ပေါ့ရှင့်"

"ကောင်းပါပြီဗျာ၊ နောက်တစ်ခါစမိရင် ဒီတစ်ခါ ထမင်း တကယ်ငတ်မှာ"

"အဟင်း"

သူမနှင့်အတူမောင်ပါ ရောရယ်လေ၏။ ယခုတော့လည်း သူမတို့ ထမင်းဝိုင်းလေးက ရယ်သံများနှင့်စိုပြေနေ၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်က ပြောသည့်အတိုင်း အနီးအနားရွာရှိ လူကြီးများကို ဖိတ်၍ မင်္ဂလာဧည့်ခံပွဲဆွမ်းကျွေးသည်။ လာကြသောသူများအားလုံး ပွင့်လင်းရီးသားကြ၏။

“ဆရာလေးက ခန့်သလို၊ မိန်းကလေးကလည်း ချောတယ်ဝေ့၊ တို့ရွာကို အလည်လာခဲ့ပါဦး”

“ဟုတ်တယ်… နင်တို့လာရင် ငါတို့ ထမင်းချက်ထားမယ်”

ဖော်ရွေလိုက်လှဲသောဟန်များကြောင့် သူမပင်ပျော်လာရ၏။ သူကတော့ပြုံးကာ …

“နောက်တော့ ခေါ်လာမှာပဲဗျာ”

ဟုပြောသည်။ မောင်ကဘာမှယူမလာဖို့ပြောပေမယ့် သူတို့အားလုံးက မောင့်ကို လေးစားကြတာမို့ တတ်နိုင်သမျှ ခြံထွက်၊ လယ်ထွက်သီးနှံတွေ သူတို့ယက်လုပ်သည့် အထည်တွေ၊ အချို့



www.burmeseclassic.com

www.burmeseclassic.com



ဝက်တွေ၊ ကြက်တွေပင် ယူလာသေး၏။ ရွာလူကြီး နှစ်ယောက်က ဆိုလျှင် သူမတို့အတွက် မင်္ဂလာလက်ဖွဲ့ဟုဆိုကာ နွားတစ်ကောင်စီပင် ယူခဲ့သေး၏။

မောင်က ပြန်ယူသွားဖို့ပြောလျှင် ...

"ငါတို့က နင့်ကိုပေးတဲ့ပစ္စည်း ဘယ်တော့မှပြန်မယူ"

ဆိုတာကြောင့် ဆက်မပြောတော့၊ မောင်က လာသမျှ လူအားလုံးကို ဟင်းလေးငါးမျိုးဖြင့် အဝကျွေး၏။ အပြန်လက်ဆောင်တွေလည်း ပေးလိုက်သေးသည်။

အားလုံးနှုတ်ဆက်ပြီး အသီးသီးပြန်တော့မှ သူမတို့နားရသည်။

"သူတို့အားလုံးက မောင့်ကိုခင်ပြီး လေးစားကြတယ်နော်"

"ဟုတ်တယ် မောင်က မောင်တတ်နိုင်တဲ့ ကူညီမှုတွေ သူတို့ကို ပေးခဲ့တယ်လေ"

"ဘာတွေလဲ မောင်"

"အပွန်း ဥပမာ ခြံတွေအထွက်တိုးအောင် မောင်က သင်ပေးတယ်၊ ကလေးတွေအတွက် မူလတန်းကျောင်းတွေဖြစ်မြောက်ဖို့ လုပ်ပေးတယ်၊ ရွာမှာ စာကြည့်တိုက်တွေထားဖို့ စီစဉ်တယ်၊ ဆေးခန်းတွေ ဖြစ်မြောက်ဖို့ အကြံပေးဦးဆောင်တာ မျိုးပေါ့ မြရယ်"





"အို ...မောင်က ဒီလိုမျိုး လူမှုရေးအလုပ်တွေ လုပ်တယ်၊ ဝမ်းသာလိုက်တာ မောင်ရယ်၊ မြဖြင့် မောင့်ကို ပိုလေး စားသွားပြီ၊ ဒါကြောင့် သူတို့က မောင့်ကို ချစ်ခင်ကြတာကိုး"

မောင်ကို အစကထင်နေတာက လူကန့်လန့်ဟုထင်မိသမျှ ယခုတော့ တကယ့်ကိုဘဝမှာ အဓိပ္ပါယ်ရှိတဲ့ လူတစ်ယောက်ပါလားဟု ကြည်နူးစွာသိလိုက်ရ၏။

"သူတို့က မောင့်ကိုတင်မဟုတ်ဘူး၊ မြကိုပါ ချစ်ကြတာဗျ"

"အဟင်း ...မြကလဲ သူတို့အားလုံးကို ခင်ပါတယ် မောင်၊ မောင်အားတဲ့နေ့ကြရင် သူတို့ဆီ မြကို လိုက်ပို့ပေးနော်"

"ကောင်းပါပြီဗျာ"

သည်ပွဲကို အောင်မြင်စွာပြီးဆုံးတာမို့ မောင်ဝမ်းသာနေ၏။ ထိုညမှာ မောင်က သူမလည်တိုင်ကို ပတ္တမြားဆွဲကြိုးတစ်ကုံးဆွဲပေးသည်။

"ဒါ မောင့်မေမေပစ္စည်းပဲ မြ၊ မြကို မင်္ဂလာဦးအမှတ်တရအဖြစ် မောင် လက်ဆောင်ပေးပါတယ်"

"မောင်ရယ်"

သူမ၏ ဖြူနုကျော့ရှင်းသော လည်တိုင်လေးနှင့်နီရဲနေ သော ပတ္တမြားလည်ဆွဲလေးက လိုက်ဖက်လှလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မြနဲ့ သိပ်လိုက်တာပဲ"

မောင်ကပြုံး၍ကြည့်ကာပြောသည်။ သူမမှာလည်းဆွဲလေးကို ဖွဖွစမ်းရင်း...

"မြကတော့ မောင့်ကို ဘာလက်ဆောင်မှ ပေးစရာမရှိဘူးနော်"

"အဟွန်း ...ပေးပြီးပါပြီဗျာ"

"ဟင် ...ဘာလဲ"

သူမနားမလည်သလိုမေးတော့ မောင်ပြုံး၏။

"အချစ်တွေလေ"

"အို"

သူမပါးပြင်လေးရဲတာမြင်တော့ မောင်ရယ်ကာ သူမကိုယ်လေးကိုဆွဲဖက်နမ်းရှိုက်လေသည်။

"ချစ်တယ်မြရယ်၊ မောင့်ကို ဘယ်တော့မှ ပစ်မသွားနဲ့နော်"

"အို မောင်ကလဲ ဒီစကား မြကပြောရမှာပါ"

မောင်ခေါင်းခါယမ်းသည်။ သူမ မျက်နှာလေးကိုစိုက်ကြည့်ကာ ...

"မြမသိဘူးနော်၊ တစ်ချိန်မှာ မြဟာအတိတ်ကိုသတိရပြီး မောင့်ကို မေ့သွားမှာ"





"ဟင့်အင်း မောင့်ကို ဘယ်တော့မှမမေ့ဘူး၊ တစ်သက်လုံး သတိရနေမယ်"

"မြရယ်၊ မြပြောတဲ့အတိုင်းဖြစ်ပါစေလို့ မောင်ဆုတောင်းပါတယ်"

လှိုက်လှဲသောအသံဖြင့် မောင်ပြော၏။ သူမက မောင့်ရင်ခွင်တွင်မျက်နှာအပ်ကာ ငြိမ်သက်မိသည်။

ဟောဒီကျယ်ပြန့်တဲ့ မောင့်ရင်ခွင်ကြီးက သူမအတွက် နွေးထွေးလုံခြုံလှပေ၏။ မောင့်ကိုယ်ကြီးကို ဖြူနုသွယ်လှပြည့်တင်းသော လက်ချောင်းလေးများဖြင့် တွယ်ဖက်ကာ ဒီတစ်သက်ဘယ်တော့မှ မခွဲဘူးဟု ဆုံးဖြတ်လိုက်၏။

သူမတို့အတွက် ဝမ်းသာစရာကတော့ မမျှော်လင့်ဘဲ ကလေးရ လာခြင်းပင်။ ထိုနေ့က ရာသီဥတုကြည်လင်ကာ လှပနေသည်။

မနက်မိုးလင်းအိပ်ရာမှအထတွင် ခေါင်းထဲမိုက်ခနဲဖြစ်ကာ

"အို ...မူးလိုက်တာ"

သူမ ယိုင်ခနဲဖြစ်သွားစဉ်

"ဟင် ...မြဘာဖြစ်တာလဲ"

စိုးရိမ်စွာဖြင့် သူဆွဲကာထိန်းဖက်ရင်းမေး၏။ သူမက မောင့်ကို မျက်လုံးလေးဖွင့်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မူး… မူးလိုက်တာမောင်ရယ်"

"ဟင် …ဟုတ်လား၊ ဘာဖြစ်တာလဲ၊ မောင် ဆံရာဝန်သွားခေါ်မယ်"

"ဟင့်အင်း …ဒေါ်စမ်းကို ခေါ်ပေးပါမောင်"

"ဒါဆို ခဏနော်"

"ဟုတ်ကဲ့"

မောင်က လျင်မြန်စွာထွက်သွား၏။ သူမကတော့ အိပ်ရာထဲ လှဲကျန်ခဲ့သည်။

ဒေါ်စမ်းရောက်လာတော့ မောင့်ကို အပြင်ထွက်စေ၏။ ထို့နောက် မိန်းမသားချင်းစကားပြောသည်။

"သေချာပြီ၊ မိန်းကလေးမှာ ကိုယ်ဝန်ရှိနေပြီ"

"အို… တ… တကယ်လား ဒေါ်စမ်း"

"တကယ်ပေါ့ကွယ်… မိန်းကလေးအခြေအနေ၊ မိန်းကလေး သိမှာပါ"

"ဟုတ်တယ် သုံးလရှိနေပြီ"

"အင်း… ဒါကြောင့် သေချာတာ၊ ဒေါ်စမ်းတို့ သိပ်ဝမ်းသာတာပဲ"

"လူလေးကို သတင်းပေးလိုက်ဦးမယ်"

ပြုံးရွှင်သော မျက်နှာကြီးဖြင့် ဒေါ်စမ်းထွက်သွားသည်။





ခဏနေတော့ မောင်ဝင်လာ၏ …

"မြ… ဘာဖြစ်တာလဲဟင်၊ ဒေါ်စမ်းပြောတော့ ဝမ်းသာစရာဆို"

"ဟုတ်တယ်မောင်၊ ဟိုလေ… မြမှာ… မြမှာ"

"ဟင် ဘာလဲ၊ မြရယ် မောင့်ကို မြန်မြန်ပြောစမ်းပါ"

"အဟင်း …ဟို …မြမှာ မောင့်ရင့်သွေးရှိနေပြီ"

"ဗျာ"

ရုတ်တရက် မောင့်မျက်နှာကြီးဝမ်းသာသွားပုံက ပြောမပြတတ်အောင်၊ ထို့နောက် မောင်က သူမကိုယ်လေးကို ဆွဲခနဲပွေ့ဖက်သည်။

"တ… တကယ်လား မြရယ်၊ မောင် ဝမ်းသာလိုက်တာအချစ်ရယ်"

"အို"

ညင်သာစွာရှိုက်နမ်းလာသော မောင့်ကြောင့် သူမမျက်ဝန်းလေးတွေ မှေးမှိတ်သွား၏။ တကယ်တော့ သူမ ကိုယ်တိုင်လည်း ရင်ထဲကြည်နူးနေတာပါပဲ။

ထိုသတင်းကြောင့် သူတို့တစ်အိမ်လုံး ဝမ်းသာနေကြ၏။ မောင်က ဝမ်းသာသောအထိမ်းအမှတ်ဖြစ် ခမ်းနားသည့် ထမင်းဝိုင်းကျင်းပ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့အိမ်ကို ရောက်လာမယ့် ဧည့်သည်လေးကို ဝမ်းသာလှိုက်လှဲစွာ ကြိုဆိုပါတယ်ဗျာ"

ဦးအိုက်နှင့်မောင်တို့က ဝိုင်ကိုယ်စီသောက်ကြ၏။ ဒေါ်စမ်းနှင့် သူမက အချိုရည်၊ မီးပုံပွဲအဖြစ်ကျင်းပကာ ဆိတ်တစ်ကောင်လုံးကင်သည်။ ဒေါ်စမ်း၏ အချဉ်စပ်လက်ရာက ကောင်း၍ ဆိတ်သားကင်နှင့်လိုက်ဖက်လှသည်။

"မြ… ဒီ အနွေးထည်လေးခြုံထား…"

အဖြူရောင် ယုန်မွေးဆွယ်တာလေးကို မောင်ကိုယ်တိုင်လာခြုံပေးသည်။

"မောင် ပျော်လားဟင်"

"ပျော်တာပေါ့ဗျာ… ဒီနေ့ကစပြီး မြ ကျန်းမာရေး ဂရုစိုက်ရမယ်သိလား၊ အိမ်အလုပ်တွေ မလုပ်ရတော့ဘူးနော်"

"အဟင်း… ဒီအချိန်ရပါသေးတယ် မောင်ရဲ့၊ အနည်းဆုံးတော့ မောင့်အတွက် မြက ဟင်းချက်ကျွေးချင်သေးတယ်ရှင့်"

"မြ… မြရယ် အဲဒီအပြောလေးတွေကြောင့် မောင့်ရင်မှာ ပိုချစ်ရ၊ မြတ်နိုးရတာဗျာ"

သူမကို ရင်ခွင်ဘဲဆွဲပွေ့ကာ မောင်ပြောသည်။ ထိုညက လလည်းသာကာ တော်တော်နှင့်မအိပ်ကြပေ။

ညည့်နက်မှ အိပ်ရာဝင်ကြ၏။





"မြ အိပ်ရေးပျက်ခံလို့မဖြစ်ဘူး"

ကြင်နာယုယစွာဖြင့် သူမကိုယ်လေးကို အိပ်ခန်းထဲသို့ မောင်တွဲခေါ်လေ၏။ ထိုညက မောင့်ရင်ခွင်မှာ သူမနွေးထွေး လုံခြုံစွာနှစ်ခြိုက်စွာ အိပ်ပျော်ရလေသည်။ အိပ်မက်လေးပင် ပျော်ရွှင်စရာ။



www.burmeseclassic.com

www.burmeseclassic.com



"အမလေး ကလေးရယ် ဘာလို့အဝတ်တွေ လျှော်နေရတာလဲ၊ လူလေးမြင်ရင် ဒေါ်စမ်းကို အပြစ်တင်တော့မှာပဲ"

တစ်အိမ်လုံးက သူမကို ဝိုင်း၍ဂရုစိုက်နေကြ၏။ ဘာအလုပ်မှလည်း ပေးမလုပ်ပေ။ သူမနည်းနည်းလေးလှုပ်လိုက်တာနှင့် အဖြစ်သည်းစွာ ဝိုင်းတားလေ၏။

ဒီနေ့တော့ ဒေါ်စမ်းလည်း နောက်မှာအလုပ်ရှုပ်နေခိုက် ပျင်းပျင်းရှိတာနှင့် အဝတ်လေးနည်းနည်းလျှော်မိပါ၏။ ဒေါ်စမ်း မျက်လုံးပြူး၊ မျက်ဆံပြူးနှင့် တားလေသည်။

"ပြီးခါနီးပါပြီ ဒေါ်စမ်းရဲ့၊ ကျွန်မအဝတ်အစားလေး လျှော်တာပါ"

"အို ထားခဲ့စမ်းပါကွယ်၊ ဒေါ်စမ်းလျှော်ပေးပါ့မယ်၊ ဒီနေ့ပဲ လူလေးခိုင်းထားလို့ကိုအိုက် ရွာထဲက ကောင်မလေးတစ်ယောက် လက်တို လက်တောင်းခိုင်းဖို့ ခေါ်ခဲ့မယ်တဲ့။ ကလေးတွေသာ



www.burmeseclassic.com

www.burmeseclassic.com



အေးအေးနေပါကွယ်"

ပြောရင်း ဒေါ်စမ်းကသူမလက်ထဲမှအဝတ်များကို အတင်းလုယူ၏။ သူမက မောင့်အဝတ်တွေမလျှော်ရသည့်တိုင် ကိုယ့်အဝတ်ကိုယ် လျှော်ချင်သူ၊ ယခုလို သူတို့ကပေးမလုပ်တော့လည်း ဘာမှမတတ်နိုင်။

မကြာပါ မောင် ပြန်လာသည်။

"ဘာဖြစ်နေတာလဲ ဒေါ်စမ်း"

"ဟောဒီမှာလေ မင်းမိန်းမ အဝတ်တွေလျှော်နေလို့ ကျုပ်ကတားနေရတယ်"

"ကြည့်စမ်း... မြက ဘာလို့လျှော်ရတာလဲကွာ၊ မလုပ်ပါနဲ့လို့ ပြောထားလျက်နဲ့"

"အို မောင်ကလဲ မြအဝတ်လေးလျှော်တာပါ"

"မလျှော်နဲ့... မလျှော်နဲ့၊ ဦးအိုက်ပြန်လာရင် ကောင်မလေးတစ်ယောက်ပါလာလိမ့်မယ် လာခဲ့"

မောင်က သူမလက်လေးကို ဆွဲခေါ်၍ အိမ်ထဲဝင်ခဲ့သည်။

"မြကို ပြောထားတယ်မဟုတ်လား၊ ကိုယ့်ကိုကိုယ် ဂရုစိုက်ပါလို့ဆိုကွာ"

"ဩ် မောင်ကလဲ ဂရုစိုက်ပါတယ်၊ ဆေးလည်းသောက်ပြီးပြီ... ကဲ"





သူမအပြောကြောင့် မောင်ပြုံးသည်။ သူမနဖူးလေးကို အသာရှိုက်နမ်းကာ ...

"မောင်က စိုးရိမ်လို့ပါဗျာ"

ဟုပြော၏။

တကယ်တော့ မောင်တို့အားလုံး၏ ဂရုစိုက်မှုက သူမအတွက် ကြည်နူးစရာပါ။ ဦးအိုက်ပြန်လာတော့ ဆယ်နှစ်အရွယ်ကလေးမလေးတစ်ယောက်ပါလာ၏။ တိုင်းရင်းသူလေးမို့ ချစ်စရာ။

အိမ်အလုပ်တွေကို ဒေါ်စမ်းနှင့်အတူ ကူလုပ်ပေးတာမို့ သူမဘာမှလုပ်စရာမလိုတော့။ မောင်က သူမနှင့်အတူ ခြံထဲဆင်း ကာ ညနေတိုင်းလမ်းလျှောက်သည်။

"အရင်ကတော့ မောင့်ဘဝက တစ်ယောက်တည်း သိပ်ခြောက်သွေ့အထီးကျန်တာပဲ မြ၊ ချစ်တာ မောင့်ဘဝမှာ မြရယ်သားရယ်"

"ဟင် ဘယ်မှာလဲ သား"

"အဟွန်း ဟောဒီဗိုက်ထဲမှာလေ"

"အို"

သူမဗိုက်ကို မောင်က လက်ညှိုးထိုးပြသည်။ သူမရယ်ကာ...

"မောင်က ဘာကြောင့်သားလို့ပြောနိုင်ရတာတုန်း၊



www.burmeseclassic.com

www.burmeseclassic.com



တော်ကြာ သမီးလေးဖြစ်နေရင် ဘယ့်နှယ့်လုပ်မလဲ''

''အဟွန်း ...ဘာပဲဖြစ်ဖြစ်ဗျာ၊ မောင်ကချစ်မှာပဲ၊ မောင့်အတွက် စိုပြေတဲ့မိသားစုလေးရှိရင် ပြီးတာပဲ''

သူမလက်ကို တင်းတင်းဆုပ်ကိုင်၍ မောင်ပြောသည်။ သည်လ ဒီရာသီမှာ ပန်းလေးတွေပိုပွင့်လန်းကာ တေးငှက်ကလေးတွေ ကျူးရင့်သံက ပိုသာယာနေသလိုလို။

ထိုသို့ဖြင့် ရက်လတွေပြောင်းကာ သူမသည် ဆောင်းတစ်နေ့၏ မနက်ခင်းမှာ သားလေး 'ဆောင်းဦး' ကို မွေးဖွားလေ၏။

ဖြူဖြူတုတ်တုတ် ဆံပင်နက်မှောင်မှောင်လေးနှင့် ဝိုင်းစက်သော သားလေးကို အားလုံးကလိုက်လှဲစွာကြိုဆိုကြသည်။

ထိုအထဲမှာ မောင်က အကဲဆုံး အသဲဆုံး။

''သား... သား ဖေဖေ့သားကြီး''

သားကို ငုံ့စိုက်ကြည့်နေသော မောင့်မျက်နှာက တစ်ကမ္ဘာလုံးမှာ အတောက်ပဆုံး။

''မြကို ကျေးဇူးတင်ပါတယ်ဗျာ''

သူမနဖူးလေးကို ညင်သာစွာရှိုက်နမ်း၍ မောင်ပြောသည်။ သူမပြုံးကာ

''သားက ချစ်စရာကောင်းလားမောင်''

''အမယ်လေးဗျာ၊ ဟောဒီကမ္ဘာမှာ မောင့်သားလောက်





ချစ်စရာကောင်းတာ ဘယ်သူ့မှမရှိပါဘူး''

''အဟင်း ဒါဆို ဘယ်သူနဲ့တူတာလဲ''

''အင်း... တူတာကတော့ မောင်နဲ့...''

''ဟင်...''

''အဟွန်း... မောင်နဲ့ မြနဲ့ တူတယ်လို့ပြောတာပါဗျာ၊ မောင်တို့နှစ်ယောက် သားပဲမဟုတ်လား''

သည်တော့မှ မောင့်ကို မျက်စောင်းဒဏ်မှာ သူမကင်းလွတ်ခွင့်ပေးလိုက်၏။ တကယ်ပဲ သားရောက်လာခြင်းသည် သူမဘဝအတွက် အိုအေစစ်...

ယခင်က ခြောက်သွေ့နေသော သူမတို့အိမ်ကြီးမှာ သားကို ချော့သံ၊ သားအသံလေးများဖြင့် ဆူညံနေတော့၏။

မောင်က အပြင်မှပြန်လာလျှင် သားကိုတွေ့ရမှ...

''သား သားကြီးရေ''

အံ့သြစရာကောင်းစွာ သားကလည်း မောင့်ကို စောစောစီးစီး မှတ်မိနေ၏။ မောင့်အသံကြားလျှင် ခြေလက်လေးတွေ လှုပ်ခါကာ ရယ်ပြုံးတတ်သည်။

''အမယ်လေးဗျာ၊ ဖေ့သားကြီးက ချစ်စရာကောင်းလိုက်တာ''

သားကို အားပါးရတရှိုက်နမ်းကာ အပြုံးဝေဆာဖြင့်မောင်



www.burmeseclassic.com

www.burmeseclassic.com



ပြောတတ်၏။

"ဟင်း …မောင့်တို့များ သားကို တွေ့တာနဲ့ အားလုံး ကိုမေ့ပြီ"

"အမယ်လေးဗျာ အားလုံးကိုမပြောပါနဲ့ ဟောဒီက အမေကြီးကိုတော့ မမေ့ပါဘူးဗျာ"

"သွားပါ"

သားနှင့်အတူ သူမကိုပါရင်ခွင်ထဲဆွဲဖက်၏။ သည်လို အေးချမ်းသာယာနေသော သူမတို့ဘဝလေးမှာ ဘာအန္တရာယ်မှ မရှိနိုင်တော့ဘူးဟု ယူဆကာ အားလုံးကိုမေ့ထားနိုင်ခဲ့ချိန်ကြမှ မမျှော် လင့်တာတွေ ဖြစ်လာရလေသည်။

တစ်နှစ်ဆိုသောအချိန်သည် သူမတို့မိသားစုလေးအတွက် ဘယ်လိုကုန်ဆုံးသွားမှန်းမသိအောင်ပင်။ သားက တစ်နှစ်ဆိုသော အရွယ်နှင့်မလိုက်အောင် ထွားကျိုင်းကာ သူမတို့ကို ဖေ၊ မေဟု ခေါ်တတ်နေပြီ။

"သားရေ ဖေဖေနဲ့ မေမေ ဘယ်သူ့ပိုချစ်လဲကွဟင်"

"ချစ်"

နှစ်ယောက်လုံးကို လက်ညှိုးထိုးပြကာဖြေလျှင် အားလုံး သဘောကျစွာရယ်ကြ၏။

"လူလည်လေး"





သား၏ပါးဖောင်းဖောင်းလေးတွေကို ရှိုက်နမ်းကာ သူမ ပြောသည်။

"အဲတာ အမေနဲ့တူလို့"

"မောင်နော်"

"ငါ့မြေးကတော့ အားလုံးချစ်အောင် လုပ်တတ်တယ် ဟေ့"

ဒေါ်စမ်းနှင့်ဦးအိုက်တို့မှာ သားကို မျက်ခြေပြတ်မခံ။

"ဒီကလေးရောက်လာတာ တို့သောကတွေအားလုံး မေ့ပျောက်စေတယ်၊ တကယ့်မင်္ဂလာရှိသော သားလေးပဲကွ"

ဦးအိုက်က သားကိုပြုံးပြုံးကြီးကြည့်ကာ ချီးကျူး၏။ ဒါကြောင့် အားလုံးရင်ကိုအေးစေတာမို့ သားကို 'ဆောင်းဦး' ဟု အမည်ပေးခြင်း။

တစ်နေ့ မောင်အပြင်သွားချိန် ညနေ သူမရေချိုးပြီး ခြံပြင် ထွက် လမ်းလျှောက်ရင်း မောင့်ကို မျှော်မိကြ၏။

ထိုစဉ်

"မြစိမ်းကြည်"

"ဟင်"

ခေါ်သံကြောင့် သူမလှည့်ကြည့်တော့ လူစိမ်း တစ်ယောက်။ သူမ မျက်လုံးဝိုင်းကာ …



www.burmeseclassic.com

www.burmeseclassic.com



"ရှင်… ရှင် ဘယ်သူလဲ"

"သြော် …မင်းက ငါ့ကို မမှတ်မိပဲကိုး၊ ကြည့်စမ်း မင်းသေသွား ပြီလို့ ငါထင်တာမှားပါလားဟင်"

ထိုလူမျက်နှာမှာ ရက်စက်ကောက်ကျစ်မှုတွေနှင့် သူမထံ တိုးလာ၏။

"ရှင်… ရှင် ရှေ့မတိုးနဲ့"

"မင်း… ငါ့ကို တားလို့မရဘူး မြစိမ်းကြည်၊ ဒီကမ္ဘာမှာ ငါ့အတွက် မင်းမရှိမှဖြစ်မယ်"

"အို… မ… မဟုတ်ဘူး၊ ကျွန်မ မြစိမ်းကြည်မဟုတ် ဘူး"

သူမခေါင်းခါငြင်းဆန်ရင်း ထိတ်လန့်စွာဖြင့် တဖြည်း ဖြည်း နောက်ဆုတ်မိ၏။ ထိုလူက မခိုးမခန့်ရယ်ကာ …

"မင်းရဲ့ရုပ်ကို ငါကတစ်သက် မေ့ပါ့မလား မြစိမ်းကြည် ရယ်"

အို… ထိုလူလက်ထဲမှာဓား။ သူမသိလိုက်ပြီ။ ထိုလူဟာ သူမကို ကမ္ဘာလောကကြီးမှ ပျောက်ဆုံးဖို့ကြိုးစားမည့်လူ။

မောင်… မောင်ရယ်

သား… သားရယ်

"ရှင် ရှေ့မတိုး…"





"အား"

"ဟင် …မြစိမ်းကြည်"

နောက်ဆုတ်မိသော သူမက ဘေးမှအန္တရာယ်ကို သတိ မပြုမိ။ ချောက်ကမ်းပါးမှ ချောက်ထဲသို့ ပြုတ်ကျသွားရလေတော့၏။

သူမ နောက်ဆုံးသိလိုက်တာက သား…။

သားရေ… မေမေ့ကို ကယ်ပါဦးကွယ်။

သို့သော် မှောင်မည်းသော ကမ္ဘာကြီးထဲသို့ သူမနစ်မြုပ်စွာ ရောက်ရှိသွားတော့၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



# အတိတ်၏ စာမျက်နှာ

ပုံ - ၈၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မြို့၏ လူကုံထံများနေသော တိတ်ဆိတ်သော ရပ်ကွက်ထဲရှိ ခြံကျယ်ကြီးတစ်ခု၏ အဖြူရောင်နှစ်ထပ်တိုက်ကြီးထဲ၌ လှပချောမောသော မိန်းကလေးတစ်ယောက် မျက်နှာလေးမသိမသာတင်းမာကာ ဒေါသဖြစ်နေ၏။

သူမက ထိုခြံနှင့်တိုက်၏ အရှင်သခင်မ မြစိမ်းကြည်။

သူမဆယ်တန်းအောင်သောနှစ်မှာ မိဘနှစ်ပါးရုတ်တရက် ကွယ်လွန်ကာ အမွေအားလုံး သူမတစ်ယောက်တည်းရရှိလိုက်သည်။

“ကလေးမက ငယ်သေးတယ်၊ ဆွေမျိုးထဲက အုပ်ထိန်းသူ တစ်ယောက်ယောက် အနီးကပ်နေသင့်တယ်”

အသက်ဆယ့်ရှစ်နှစ်ရှိပေမယ့် လူကြီးတွေ၏အကြံပေးချက်ကြောင့် ဆွေမျိုးများထဲမှ ဝမ်းကွဲဦးလေးတော်သူ လူပျိုကြီးတစ်ယောက်ကို သူမခေါ်ထားလိုက်သည်။

သူက ဦးခင်မောင်..



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ သူမ မိဘတွေမှာ တစ်ဦးတည်းသောသား နှင့် သမီးဖြစ်တာမို့ မောင်နှမအရင်း မရှိပေ။ ထို့ကြောင့် နည်းပါးသော ဝမ်းကွဲတွေထဲမှ တစ်ကိုယ်တည်းရှိနေသော ဦးခင်မောင်ကို ခေါ်ထားမိခြင်း။

"ဦးလေးလည်း နေစရာ၊ စားစရာ မပူရဘူးပေါ့၊ မြ အတွက်လည်း လူကြီးတစ်ယောက်ရှိတော့ ပတ်ဝန်းကျင်အမြင် တင့်တယ်တာပေါ့လေ"

"ရပါတယ်ကွယ်၊ ဦးလေးက အလုပ်ရှိတာမှ မဟုတ်ပဲ၊ ပြီးတော့ ဆွေမျိုးဝတ္တရားအတိုင်း ငါ့တူမလေးကို စောင့်ရှောက်ရမှာ ပေါ့"

ထိုသဘောတူညီချက်ဖြင့် သူတို့နေခဲ့သည်။ မြစိမ်းကြည် က အသက်ငယ်ပေမယ့် ထက်၏။ အိမ်ရဲ့ဝင်ငွေအားလုံးနှင့် ရှိသမျှ ပစ္စည်း အားလုံး သူမ သော့ကိုင်သည်။

ဦးခင်မောင်ကို တစ်လမုန့်ဖိုးတစ်သောင်းနှင့် အဝတ်အစား ဝယ်ပေးခြင်းတို့သာရှိ၏။ စားတာသောက်တာကတော့ အလျှံအပယ် ပါ။

အစကစားရမဲ့၊ သောက်ရမဲ့ဘဝနှင့် ဦးခင်မောင်တစ်ယောက် မြစိမ်းကြည်လက်ထဲရောက်လာတော့ တကယ့်ကို စည်းစိမ်နှင့် နေရသည်။





သို့သော် လူတွေဟာ လောဘသမားတွေ မဟုတ်လား၊ ပတ်ဝန်းကျင်၏ သွေးထိုးစကားတွေကလဲ ဦးခင်မောင်လို စဉ်းစားဉာဏ်မရှိသူအတွက် နားဝင်ချင်စရာ။

"ဘယ်လိုလဲဗျ ဦးခင်မောင်၊ သူဌေးဖြစ်သွားလို့ ကျုပ်တို့ကို မေ့သွားပြီလား"

"ဟာ မဟုတ်တာဗျာ၊ ကျုပ်ဘယ်မှာ သဌေးရမှာလဲဗျ"

"ဟာ ...ဒီလောက်ချမ်းသာတဲ့တူမကို အုပ်ချုပ်ရတာ ခင်ဗျား သူဌေးမဟုတ်လို့ ဘာလဲဗျ"

အဝတ်အစားတောက်တောက်ပြောင်ပြောင်နှင့် ဦးခင်မောင် က သူ့ကိုယ်သူငုံ့ကြည့်၏။

"ဒါတွေဝတ်ထားလို့ အထင်မကြီးနဲ့ဗျ၊ ကျုပ်တူမ ဝယ်ပေးထားတာ၊ ကျုပ်အတွက် တစ်လမုန့်ဖိုး တစ်သောင်းပဲရတယ်"

"ဟင် ...ဒါဆို ခင်ဗျားက ငွေမကိုင်ရဘူးပေါ့၊ တူမ အုပ်ချုပ်တာခံနေရတာပေါ့၊ ဟုတ်လား ဦးခင်မောင်"

"ဒါကတော့..."

"ခင်ဗျားနေရာမှာ ကျုပ်ဆိုရင် ဒီလိုချယ်လှယ်တာ ဘယ်ခံမလဲဗျာ၊ ဟိုက ကလေး၊ ကျုပ်သာ အုပ်ချုပ်ပစ်မှာ"

ထိုစကားများက ဦးခင်မောင်အတွက် တွေဝေချင်စရာ ငါ



www.burmeseclassic.com

www.burmeseclassic.com



ဘာမှမဆိုင်ပဲ သူ့အရိပ်ခိုဲ၊ ဓိမ်နဲ့စား၊ သူ့ပိုက်ဆံယူနေတာပါလား ဟု မတွေးမိတော့၊ ထိုအရာတွေကို သူနဲ့သက်ဆိုင်တယ်ထင်လာ၏။

သည်တော့ မြစိမ်းကြည်နှင့်တွေ့လျှင် မျက်နှာက မှုန်တင်းတင်း။

"ဦးလေး ဘာဖြစ်နေတာလဲ၊ မျက်နှာလဲ မကောင်းပါလား"

မြစိမ်းကြည် ဂရုတစိုက်မေးပေမယ့် ဦးခင်မောင် ကောင်းကောင်းမဖြေ။

"ကောင်းပါတယ်"

"ဟင် ...ကောင်းပါတယ်သာပြောတယ်၊ ဦးလေးအသံက ဘယ်လိုလဲ"

"ဩော် ...ညည်းကိုပဲငါက ရိုရိုသေသေနဲ့ ဖြေနေရဦးမှာလား မြစိမ်းကြည်"

"အို ...ဦးလေးကလဲ ကျွန်မက ဒီသဘောနဲ့ပြောတာ မဟုတ်ပါဘူး"

"တော်ပါ ညည်းအရိပ်မှာနေတယ်ဆိုပြီး ငါ့ကို ချုပ်ချယ်ဖို့ မကြိုးစားပါနဲ့"

"ဟင်"

ပြောပြောဆိုဆို ဦးခင်မောင်ကထွက်သွားပေမယ့် မြစိမ်း





ကြည်မှာ နားမလည်ဘဲ ကျန်ရစ်ခဲ့၏။

ဦးလေးတစ်ယောက် သူမကို ဘာတွေများ မကျေမနပ်ဖြစ်နေပါလိမ့်။ ကတယ်တော့ သူမဘက်က ဦးလေးလုပ်သူကို အကောင်းဆုံး ဖြည့်ဆည်းပေးထားခြင်းပဲ။

"ဦးခင်မောင်တို့များဗျာ သူဌေးဦးလေးလုပ်ပြီး ခုထိ ကိုယ်တိုင် ကားမမောင်းနိုင်သေးဘူးလားဗျ"

"အေးဗျာ ကျုပ်က မမောင်းတတ်တော့"

"လုပ်မနေစမ်းပါနဲ့ဗျာ၊ ခင်ဗျားတူမက ကားကိုင်ခွင့်မပေးတာ မဟုတ်လား"

ထိုအခါ ဦးခင်မောင် မျက်နှာနီရဲသွား၏။ စိတ်ထဲမခံချင်ပေ။

ထို့ကြောင့် မြစိမ်းကြည်ကို ပွင့်ပွင့်လင်းလင်းပြောသည်။

"မြစိမ်းကြည် ငါ ကားမောင်းချင်တယ်"

"ဟင် ဦးလေးကလဲ ဘာလုပ်ဖို့ကားမောင်းမှာလဲ၊ ကားမောင်းတာ အန္တရာယ်များပါတယ်နဲ့"

"ဘာ ...ညည်းလိုမိန်းကလေးတစ်ယောက်တောင် ကားမောင်းသေးတာ၊ ငါက ယောကျ်ားဖြစ်ပြီး ကားမမောင်းရဘူးလား"

ကိုယ့်ဘဝ ဘယ်ကလာမှန်းမသိတော့သလို ဦးခင်မောင်ကို မြစိမ်းကြည်ငေးကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူတွေမြှောက်ပေးတာလဲ။

"မြစိမ်းကြည် ကားမောင်းတယ်ဆိုတာ ငယ်ငယ်ကထဲက ဆိုတော့ ကျွမ်းကျင်နေပြီ၊ ဦးလေးသွားချင်ရင် ဒရိုက်ဘာရှိတာပဲ"

"မလိုဘူး ငါ့ဘာသာ မောင်းမယ်"

"ကဲ... ကဲ ဒါဆို ဒရိုင်ဘာဦးမြနဲ့ ဦးလေး ကားမောင်းသင် ဟုတ်လား"

သည်တော့မှ ဦးခင်မောင်ကျေနပ်လေ၏။ သို့သော် ကားမောင်း တတ်ပြီးချိန်မှာ လက်ရှိဒရိုင်ဘာကိုဖြုတ်ကာ ဦးခင်မောင် ကားပေါ်မှ မဆင်းတော့။

"ဦးလေး ဘာကြောင့် ဦးမြကို ဖြုတ်လိုက်ရတာလဲ"

မြစိမ်းကြည်မှာ သူမ မသိဘဲလုပ်တာကြောင့် ဒေါသဖြစ်နေလေ၏။

"ညည်းက ဘာတွေဒေါသဖြစ်နေတာလဲ မြစိမ်းကြည်၊ ငါ ကားမောင်းတတ်ပြီပဲ၊ ဦးမြကို ဘာထားစရာလိုလဲ... ငါက ညည်း လခပေး သက်သာအောင် စီစဉ်တာ"

သည်တော့ မြစိမ်းကြည်ဘာမှ မပြောနိုင်၊ လုပ်ပုံတွေ မကြိုက်ပေမယ့် မျိုသိပ်နေလိုက်ရ၏။

ဦးခင်မောင်တို့က မနက်မိုးလင်းမိုးချုပ် ကားပေါ်မှမဆင်း၊ တကယ့်သူဌေးစတိုင်လ်၊ ဒီကြားထဲပိုဆိုးလာတာက မိန်းမများနှင့်





တွဲလာခြင်း။

အကြောင်းမသိသူတွေအတွက် ဦးခင်မောင်ပုံစံက တကယ့် သူဌေး။

"မြစိမ်းကြည် ကိုယ့်ဦးလေးကိုယ် ကြည့်ထိန်းဦး၊ ကား ပေါ်မှာ မိန်းမတွေ တစ်ယောက်ပြီးတစ်ယောက်"

ထိုသတင်းကြားပါများတော့ မြစိမ်းကြည် သည်းမခံနိုင်၊ ဦးလေးကို သတိပေးဖို့လိုပြီဟု ဆုံးဖြတ်၏။

သည်အတွက် အပြင်ထွက်သွားသော ဦးခင်မောင်ကို စောင့်နေခြင်း။

သတိပေးလို့မှ လက်မခံလျှင် သူ့ထိုက်နဲ့သူ့ကံပဲဟု စိတ် ဆုံးဖြတ်ထား၏။

မကြာခင် ဦးခင်မောင်ပြန်ရောက်လာသည်။ စပို့ရှပ်၊ ဘောင်းဘီရှည်၊ စီးကရက်နဲ့။

"ဟော ...ငါ့တူမက ဒီနေ့အစောပြန်ရောက်နေပါလား"

မျက်နှာချိုချိုဖြင့် နှုတ်ဆက်သည်။

"ဦးလေးကို ပြောစရာရှိလို့"

"ဟေ ဘာများလဲ"

မြစိမ်းကြည် မျက်နှာတင်းမာနေတာကြောင့် တစ်ခုခုဖြစ် နေပြီဟု ဦးခင်မောင်သိလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေး၊ ခုတစ်လော မိန်းမတွေနဲ့ တွဲနေတယ်ဆို"

"ဪ ဒါလား၊ ဦးလေးရဲ့ မိတ်ဆွေတွေပါ"

"ဟုတ်ပြီလေ၊ ဦးလေးရဲ့မိတ်ဆွေတွေဆိုလည်း တခြားနေရာမှာတွေ့ပါ၊ ကျွန်မကားပေါ် မတင်ပါနဲ့…၊ ပြီးတော့ ဒီနေ့ကစပြီး ဦးလေးမလိုအပ်ဘဲ ကားယူပြီး အပြင်ထွက်စရာမလိုဘူး"

"ဟင်"

ကားမယူရဘူးဆိုတာကြောင့် ဦးခင်မောင် မျက်နှာပျက်သွား၏။

သူ့ကိုကားပိုင်ရှင်သူဌေးဟုထင်ကာ မိန်းမတွေ မျက်နှာသာပေးနေ ကြတာမဟုတ်လား။

သို့သော် မြစိမ်းကြည်က သူဌေးဆိုတော့ တူမဖြစ်ပေမယ့် သူ ဘာတတ်နိုင်မှာလဲ။





"ကျွန်မ ကိုဖွန့် လားရှိုးဘက် ခရီးထွက်စရာရှိတယ် ဦးလေး၊ ကျွန်မ မရှိတုန်း အိမ်ကို ဦးလေးလက်ထဲ စိတ်ချလက်ချ အပ်ခဲ့ပါရစေ"

ခရီးထွက်ရန်ပြင်ဆင်ပြီးနောက် မြစိမ်းကြည်က ဦးခင်မောင်ကို ခေါ်ယူပြော၏။ မြစိမ်းကြည် ခရီးထွက်မည်ဆိုတော့ ဦးခင်မောင် ဝမ်းသာသွားသည်။

မြစိမ်းကြည်မရှိချိန် သူသွားလိုရာသွား၊ နေချင်သလို နေ၍ရတာပဲမဟုတ်လား။ ထို့ကြောင့် သွက်လက်စွာပင်

"စိတ်ချသာသွားပါ တူမကြီး၊ ဦးလေး အိမ်ကိုကောင်းကောင်း စောင့်ရှောက်ထားပါ့မယ်"

ထိုစကားကြောင့် မြစိမ်းကြည် သက်ပြင်းချသွားနိုင်၏။ ဆွေမျိုးမရှိတာကြောင့် ဒီဦးလေးတစ်ယောက်ကိုပင် ခင်တွယ်ပါ သည်။

"ကျွန်မက ဦးလေးကို မလိုအပ်ပဲ ကားမယူနဲ့ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



လည်တဲ့မိန်းမတွေနဲ့တွေ့ပြီး ဦးလေးခံရမှာစိုးလို့ပါ၊ လိုအပ်မှသုံးပေါ့ ဦးလေးရယ်"

"ဦးလေးသိပါတယ်ကွယ်၊ ဦးလေး ဘယ်မှသွားစရာမရှိပါဘူး"

ထို့နောက် မြစိမ်းကြည်က သူ့အတွက်လိုအပ်သည်ထက် ငွေထုတ်ပေးခဲ့၏။

"ကျွန်မ စိတ်ချပါရစေ"

"အေးပါကွယ်"

သည်နောက် သူမ ခရီးထွက်ခဲ့၏။ လားရှိုးမှာရှိသော ခြံကိစ္စနှင့်ပါ။ ထိုခြံကိုရောင်းရန်ဖြစ်သည်။ သူမက တစ်ယောက်တည်း လှည့်မကြည့်နိုင်ပေ။

ထိုခရီးမှာ သူမအတွက် ကံဆိုးတယ်ဟုဆိုရမလား၊ အားလုံးအဆင်ပြေ၍ လားရှိုးမှ ပြင်ဦးလွင်အဆင်း ကိုနေ့က သူမတစ်ယောက်တည်း ကားမောင်းလာ၏။

"ဟင် ...ရှေ့မှာ မိန်းမတစ်ယောက်"

နှင်းတွေကြားမှာ ထိုမိန်းမက ဒုက္ခရောက်ဟန်ဖြင့် လက်ပြတားလို့ ကြင်နာစိတ်ရှိသော သူမက ကားရပ်ပေးလိုက်၏။

"ကျွန်မ... ကျွန်မ ပြင်ဦးလွင်ကို ကားကြုံလိုက်ပါရစေ"





"ရပါတယ်"

ခရီးတူမို့ သူမခေါ်ခဲ့သည်။ အင်္ကျီပါးလေးနှင့်အေးနေသော မိန်းမကိုကြည့်ကာ

"အစ်မအေးနေပြီ၊ ကျွန်မ အနွေးအင်္ကျီဝတ်ထားပါ"

အနီနှင့်အဖြူစပ် ဆွယ်တာလက်ရှည်လေးဝတ်ပေးလိုက် ၏။

"ကျေးဇူးပဲ ညီမရယ်"

အမျိုးသမီးက ကိုယ်လုံးကိုယ်ပေါက်က သူမနှင့်မကွာ၊ ကားမောင်းနေသော သူမကို ထိုမိန်းမက အကဲခတ်လေ၏။ စိန်နားကပ် တဖျတ်ဖျတ်၊ စိန်လက်စွပ်၊ ဆွဲကြိုးမှာ စိန်လော့ကတ်နှင့်။

ကြည့်လိုက်တာနှင့် ရုပ်ရည်အဆင့်အတန်းက ချမ်းသာ သော အထက်တန်းကျသော အသိုင်းအဝိုင်းမှ သိနိုင်၏။

စောစောက လက်ကိုင်အိတ်ဖွင့်လိုက်စဉ် ငွေအထပ်လိုက် ကိုလည်း မြင်ရတော့ လူတို့၏လောဘစိတ်က ဖောက်လာပြီ။

"မင်းသောင်းရင် တို့ကားတစ်လှည့်မောင်းပေးမယ်"

"ဟင် ...အစ်မက မောင်းတတ်လို့လား"

"အဟင်း မောင်းတတ်ပါတယ်"

"အို ...ဒါဆို ခဏလောက်မောင်းပေးပါ၊ ကျွန်မလည်း ခဏနားရတာပေါ့"

"ကောင်းပါပြီကွယ်"



www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်စိတ်ချစွာဖြင့် ထိုမိန်းမကို ကားမောင်းခွင့်ပေးလိုက်၏။ မျက်ဝန်းများ ခဏမှိတ်ကာ အနားယူ၍လိုက်ပါစဉ် ကားက တစ်ရိပ်ရိပ်၊ သူမမျက်ဝန်းဖွင့်ကြည့်လိုက်တော့

"ဟင် ...ကားက ဘယ်မောင်းနေတာလဲ"

သူမအမေးကို ထိုမိန်းမက ဘာမှမဖြေ၊ ကားကို ကျွမ်းကျင်စွာ မောင်းဆဲ...

"ဒီမှာ ကျွန်မမေးနေတယ်လေ"

ထိုမိန်းမက တင်းမာသောမျက်နှာဖြင့် လှည့်ကြည့်၏။

"နင် ...သိပ်စကားများတာဘဲ ကဲ"

"ဟင် ...ရှင်"

သူမပါးကိုလှမ်းရိုက်တာကြောင့် ဖျတ်ခနဲ ခုခံမိသည်။ ထိုမိန်းမမျက်နှာမှာ လောဘရိပ်တွေ။

"ရှင် ကားကို ခုရပ်"

"နင့်အမိန့် ငါနားထောင်ရမှာလား၊ အခု ငါ့စခန်းကိုသွားနေတာ"

"ဘာ"

"ရှင်... ရှင်"

သူမမျက်လုံးတွေ ပြာခနဲဖြစ်ကာ ထိုမိန်းမထံမှ ကားစတီရင်ယာ ဆွဲလုသည့်သည်၊ နှစ်ယောက်သား ရုန်းရင်းဆန်ခတ်ဖြစ်ကာ...





"ဟာ ...ရှေ့မှာ ချောက်... ချောက်... အား"

ကျယ်လောင်စွာ ပေါက်ကွဲမြည်ဟီးသံနှင့်အတူ တစ်ကမ္ဘာလုံး အမှောင်ကျသွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com



''အား''

''မြ... မြ သတိရလာပြီနော်''

ကြာမြင့်စွာ သတိလစ်နေရာမှ သူမက စူးဝါးသော အော်သံနှင့်အတူ မျက်လုံးတို့ပွင့်လေ၏။

ထိုအခါ သူမကို စိုးရိမ်စွာငုံ့စိုက်ကြည့်နေသော ချောမောခန့်ညားသည့် အမျိုးသားတစ်ယောက်။

''ဟင်... ကျွန်မ... ကျွန်မ ဘယ်ရောက်နေတာလဲ''

သူမအိပ်ရာမှ ဝုန်းခနဲထကာ အနားမှာရှိနေသော လူတွေကို မေးမိသည်။

''မြ မြ မောင်တို့အိမ်ရောက်နေတာလေ၊ တော်သေးတာပေါ့ မြရယ်... မောင်အချိန်မီရောက်လာလို့... ဟိုလူကို ရဲတွေလက်ထဲ အပ်လိုက်ပြီ''

''ရှင်... ရှင် ဘာတွေပြောနေတာလဲ၊ ရှင်ပြောနေတာတွေ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ တစ်ခုမှ နားမလည်ဘူး''

''ဟင်''

သည်တစ်ခါ အံ့ဩရသူက ခွန်စိုင်း၊ စိမ်းကားသော မျက်ဝန်းများဖြင့် ပြောလိုက်သောသူမကြောင့် တစ်စုံတစ်ရာကို ရိပ်မိလိုက်သလိုလို။

''မြ… ဘာတွေပြောနေတာလဲ၊ မောင်… မောင်လေ''

''အို''

သူမ လက်ကိုဆုပ်ကိုင်ကာ ပြောလာတာကြောင့် အပျိုစင်လေးတစ်ယောက်လို ပါးလေးနီမြန်းရှက်သွားရလေ၏။ သူ့လက်ထဲမှ သူမ လက်ကိုဆတ်ခနဲ ရုန်းကာ..

''ဟင့်အင်း… ဟင့်အင်း ကျွန်မ ရှင့်ကို မသိဘူး၊ အို ရှင်မှ မဟုတ်ဘူး… ကျွန်မ… ကျွန်မ ဘယ်သူ့ကိုမှ မသိဘူး''

''ဗျာ''

''ကျွန်မ နာမည် မြစိမ်းကြည်၊ ရန်ကုန်က''

''ဟင် ဒါ… ဒါကို မြအတိတ်ကို သတိရပြီပေါ့နော်''

''အို …ကျွန်မက အတိတ်ကို သတိရအောင်…''

ယခုမှ သူတစ်စုံတစ်ခုကို စဉ်းစားမိကာ ခဏမျှ ငြိမ်သက်သွား၏။

''မင်းကို မဟူရာကျွေ့က ကိုယ်ခေါ်လာတာပါ မြ''





''အို ဟုတ်… ဟုတ်ပြီ၊ ကျွန်မကား ချောက်ထဲကျခဲ့တယ်၊ နောက်… ကျွန်မ… ကျွန်မ… ကျွန်မ ဘာမှသတိမရတော့ဘူး…၊ ကျွန်မ… ကျွန်မ ဘယ်လောက်တောင် သတိလစ်ခဲ့တာလဲဟင်''

ဦးအိုက်နှင့် ဒေါ်စမ်းတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြသည်။

''ပြော… ပြောပါ၊ ကျွန်မ ဘယ်လောက်ကြာအောင် သတိလစ်နေလဲဆိုတာ…''

သူ သက်ပြင်းတစ်ချက်ချလိုက်၏။

''မြ သတိလစ်ခဲ့တာ တစ်နှစ်ခွဲရှိပြီ''

''ဘာ… ကျွန်မ… ကျွန်မ သတိမေ့ခဲ့တာ၊ ဒီလောက်ကြာပြီ ဟုတ်လား၊ အို မယုံဘူး… ကျွန်မ မယုံဘူး''

ခေါင်းသွက်သွက်ခါကာ သူမငြင်းဆန်တော့ သူမျက်နှာ ပျက်လျက်ကြည့်၏။

''စိတ်ကို အေးအေးထားပါ မိန်းကလေးရယ်''

''မြ စိတ်တွေ လှုပ်ရှားနေပြီ၊ ခဏအနားယူလိုက်၊ အကြောင်းစုံကို နောက်မှ မောင်ပြောပြပါ့မယ်''

ထိုအခါမှ သူမက သူ့ကို ဖျတ်ခနဲကြည့်မိ၏၊ ထိုလူက သူကိုယ်သူမောင်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



သူမကိုကြည့်ပုံကလဲ တရင်းတနှီးနဲ့… သူမကို မြတဲ့။ ဘာတွေလဲ၊ ဘယ်လိုလဲ၊ သူမနားမလည်တော့။

သူမအတွက် အတိတ်မှအဖြစ်အပျက်တွေက မနေ့ကလို…၊ သို့သော် ခေါင်းထဲမူးလာတာမို့ မျက်ဝန်းများကို အသာမှိတ်ချလိုက်၏။

မကြာခင် သူမပြန်လည်အိပ်ပျော်သွားရတော့သည်။ အိပ်နေတုန်း အဖြစ်အပျက်တွေက ယောင်လည်လည်။ မည်းမည်းမှောင်မှောင်တွေ။

ထိုအတူ အပြင်ဘက်မှာလည်း

"ဘယ်လိုဖြစ်တာလဲ လူလေး"

ဦးအိုက်နှင့် ဒေါ်ခမ်းက မျက်နှာမကောင်းစွာ သူ့ကိုကြည့်လျက်မေးသည်။ သူခေါင်းငိုက်စိုက်၍ သက်ပြင်းချ၏။

"သူ… သူ သတိရသွားပြီဗျာ"

"ဟင်"

"ဟောတော်… ဒါ… ဒါဆို ဘယ်လိုလုပ်ကြမလဲ လူလေး"

ဒေါ်ခမ်းက စိုးရိမ်တကြီးမေးသည်။ သူကိုယ်တိုင်ဘာလုပ်မသိ။ အဖြစ်အပျက်တွေကို ဘယ်လိုပြောရမလဲ။

"ဟင်း… မတတ်နိုင်ဘူးလေ၊ အဖြစ်အပျက်အားလုံး





အမှန်အတိုင်းပြောပြရမှာပဲ… သားကော အိပ်နေတုန်းလား ဒေါ်ခမ်း"

"ဟုတ်တယ်၊ ဒုက္ခပါပဲ မိန်းကလေးကြည့်ရတာ သားလေးပါ မမှတ်မိရင် ဒုက္ခ"

"အိုကွာ သူ့သားတော့ သူမှတ်မိမှာပါ"

"ကဲပါလေ ကျွန်တော်တို့အတွက် အမှန်တရားက ရှိမှာပါ၊ ဘာပဲဖြစ်ဖြစ် သူ့အပေါ် ကျွန်တော်ကို့ထားတဲ့ မေတ္တာကတော့ မပြောင်းလဲပါဘူး"

"ဟုတ်ပါတယ်ကွယ်၊ မိန်းကလေး အမှန်တရားကို သိပါစေ"

ထိုဆုတောင်းမှတစ်ပါး သူတို့အားလုံး ဘာမှမတတ်နိုင်တော့ပေ။ သူမအိပ်ရာမှ နိုးလာမယ့်အချိန်ကိုသာ ရင်ထိတ်စွာ စောင့်မျှော်လျက်။



www.burmeseclassic.com

www.burmeseclassic.com



သူမအိပ်ရာက ပြန်နိုးလာတော့ တစ်ကိုယ်လုံးအား အင်ပြည့်ကာ လန်းဆန်းနေသည်။ ထိုစဉ် အခန်းတံခါးပွင့်လာ၏။

"ဟော့ ...မိန်းကလေး၊ အိပ်ရာကနိုးနေပြီ၊ အတော်ပဲ ဒေါ်စမ်း ယူလာတဲ့ နွားနို့ပူပူလေး သောက်လိုက်ပါဦး"

"အဒေါ်နာမည်က ဒေါ်စမ်းတဲ့လား"

သူမအမေးကြောင့် ဒေါ်စမ်း စိတ်မကောင်းဖြစ်တဲ့ ကြားက ပြုံးမိရ၏။

"ဟုတ်တာပေါ့ကွယ်"

ထိုစဉ် ညင်သာသော ခြေသံနှင့်အတူ သားကို ပွေ့ချီလျက် သူဝင်လာသည်။ သူ့နောက်မှာ ဦးအိုက်။

ကလေးက သူမကိုမြင်တော့ ပြုံးရယ်ကာ

"မေ"

ဟုခေါ်တော့ သူမမျက်နှာလေးနီသွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီ… ဒီကလေးက"

"ဩော်… မြရယ်၊ ဒါက မြရဲ့သားလေ"

"ရှင်"

ကလေးက သူမထံလက်ပေး၍ ခေါ်ခိုင်းနေ၏။ ရှက်လန့်နေသော သူမက ရုတ်တရက်ကလေးကို မခေါ်မိ။ ထိုအခါ ကလေးမျက်နှာမဲ့ခနဲဖြစ်၍ ငိုတော့၏။

"အီး… ဟီး"

"ဟော သားက သူ့အမေ မခေါ်လို့ ငိုနေပြီ"

"အို… ကျွန်မ… ကျွန်မက ဘာကြောင့် ဒီကလေးအမေဖြစ်ရမှာလဲ၊ ရှင်… ရှင်တို့ ဘာတွေပြောနေတာလဲ"

သည်တော့ သူ့အပါအဝင် အားလုံးသက်ပြင်းချ၏။ ထို့နောက် သူကကြင်နာယုယသော လေသံဖြင့်…

"မြ တကယ်ပဲ မောင်တို့ကို မမှတ်မိတော့ဘူးနော်"

"အို …ခက်တာပဲ"

"ဒါဆို လောလောဆယ်သားကို ခဏချီပေးဖို့ မောင်ကပဲ တောင်းပန်ပါတယ်ဗျာ"

ပြောရင်း သူ ကလေးကို လှမ်းပေး၏။

မိန်းမသားဆိုတာကလည်း အစထဲက မိခင်စိတ်ရှိသူတွေ၊ ထို့အပြင် ဖြူဖြူဖွေ့ဖွေ့ ဆံပင်နက်မှောင်မှောင်လေးများနှင့် ကလေး





က ချစ်စဖွယ်မို့ သူမလက်ကမ်းယူလိုက်တော့၏။

အံ့သြစရာကောင်းစွာ ကလေးက သူမလက်ထဲရောက်တော့ ချက်ချင်းအငိုတိတ်သွားသည်။ သူမမျက်နှာကို လက်လေး များဖြင့် ပုတ်ခတ်ဆော့ကစား၏။

"အို အငိုတိတ်သွားပြီ"

"အဟွန်း …အစထဲက မြမခေါ်လို့ သားကငိုတာ"

"ရှင်… ရှင် ဘာပြောတာလဲ၊ ကျွန်မက အပျိုရှင့်"

မျက်နှာနီနီလေးဖြင့် ရန်ထောင်တော့ အားလုံးရယ်ရခက်၊ ငိုရခက်။

"မောင်ပြောပြမယ့်အကြောင်းကို မြ စိတ်အေးအေးနားထောင်စေချင်တယ်"

"ဟုတ်ပါတယ် မိန်းကလေးရယ်၊ တကယ်တော့ မိန်းကလေးဟာ ဒေါ်စမ်းတို့မိသားစုကို သံယောဇဉ်ရှိသူပါ"

"သမီးဟာ အမှန်တရားကို လက်ခံမယ်လို့ အဘတို့ယုံကြည်ပါတယ်ကွယ်"

အားလုံး၏ပြောသံများက တစ်ခုတည်း၊ သူမကိုလည်း နွေးထွေးကြင်နာစွာကြည့်ကြသည်။ ခဏပဲဖြစ်ဖြစ် သူတို့ကြည့်ရတာ အေးမြသောမိသားစုလေးတစ်ခုဟု သိလိုက်၏။

"ပထမဆုံး မြရဲ့ အဖြစ်အပျက်တွေ မောင်တို့သိပါရ



www.burmeseclassic.com

www.burmeseclassic.com



စေ''

ထိုအမေးကြောင့် သူမမျက်နှာလေးမှာ စိတ်ထိခိုက်သော အသွင်ပြောင်းသွားသည်။ နောက်တော့ သူတို့အားလုံးကိုကြည့်ကာ...

''ကျွန်မ အဖြစ်အပျက်တွေပြောပြပါမယ်ရှင်... အဖြစ်အပျက်က ဒီလိုပါ''

အားလုံး သူမပြောသမျှ တိတ်ဆိတ်ငြိမ်သက်စွာ နားထောင်ကြလေ၏။ သူမစကားများနားထောင်ရင်း ဒေါ်ခမ်းက စုတ်တသပ်သပ်၊ ဦးအိုက်နှင့် သူကတော့ ယောကျ်ားများမို့ သူမကို မတရားလုပ်သူအပေါ် လက်စားချေချင်စိတ်သာရှိ၏။

သူမ စကားအဆုံး...

''အင်း ...မိန်းကလေးက ကြင်နာတတ်သလောက်၊ ဟိုမိန်းမ ယုတ်မာလိုက်တာ''

''ဒါဆို မြဟာ မြစိမ်းကြည်အစစ်ပဲ၊ ရန်ကုန်မှာ ကျန်ခဲ့တာ မြရဲ့ဦးလေး ဦးခင်မောင်ပေါ့''

''ဟုတ်ပါတယ်၊ အခုတောင် ကျွန်မပျောက်လို့ သူစိတ်ပူနေလောက်ပြီ''

ထိုစကားကြောင့် သူက သူမကို သနားကြင်နာစွာကြည့်၏။

''မြကို အခု ကိုယ်ပြောမှာတွေ စိတ်အေးအေးနားထောင်





စေချင်တယ်''

''ဘာတွေများလဲရှင်''

''တကယ်တော့ ဒါတွေအားလုံး ကံကြမ္မာရဲ့ ဖန်တီးမှုတွေလို့ ယူဆရမှာပေါ့လေ...၊ အဖြစ်အပျက်က ဒီလိုပါကွယ်''

သည်တစ်ခါ သူပြောသမျှ သူမငြိမ်သက်စွာနားထောင်လေ၏။ သူ့စကားများနားထောင်ရင်း သူမမျက်နှာလေးနီရဲလာရသည်။

''ဒါ... ဒါဆို တကယ်ပဲ ကျွန်မအတိတ်မေ့ခဲ့တာ တစ်နှစ်ခွဲပေါ့''

''ဟုတ်ပါတယ် မြ''

''ရှင်... ရှင်က ကျွန်မရဲ့''

''ဟင်း... ကိုယ်... မြကို အဘအိုက်နဲ့ ဒေါ်စမ်းတို့ကို မိဘအရာထားပြီး လက်ထပ်ယူခဲ့တာပါ''

''အို''

သူမမျက်နှာလေးနီရဲကာ ခေါင်းငုံ့သွားသည်။ ထိုအခါ မျက်လုံးဝိုင်းလေးများဖြင့်ကြည့်နေသော သားကိုတွေ့ရ၏။

''ဒီကလေးက ကျွန်မရဲ့ ''

''ဟုတ်ပါတယ်... မြသားပေါ့''

''အို... ကျွန်မ... ကျွန်မ ဘာပြောရမလဲ''



www.burmeseclassic.com

www.burmeseclassic.com



"လောလောဆယ် မြ ဘာလုပ်ချင်လဲ၊ မြဆန္ဒအတိုင်း အားလုံးဖြစ်စေဖို့ မောင်ကတိပေးပါတယ်"

ထိုအခါ သူမသည် တစ်စုံတစ်ရာကို သတိရသွား၏။

"ဒီလိုဖြစ်ရတာ ကျွန်မဦးလေးဆိုတဲ့ လူကြောင့်ပဲ၊ သူသာ ကျွန်မကို မြစိမ်းကြည်လို့ လက်ခံထားရင်"

"သူလည်း မြ ကားထဲပါသွားပြီလို့ ယူဆခဲ့တာနေမှာပေါ့ ကွယ်"

"ဒါဆို ကျွန်မကို လိုက်သတ်ဖို့ ကြိုးစားတာဘယ်သူလဲ"

"အဲဒီလူကို ရဲစခန်းပို့ထားတယ်၊ မြ ကြည့်ရင် သိမှာပါ"

"ဒါဆို ကျွန်မ တွေ့ချင်တယ်"

"ဖြစ်ပါ့မလား၊ မြ ကျန်းမာရေးက"

"အို ရပါတယ်၊ ဒီအဖြေကို ကျွန်မသိရမှဖြစ်မယ်"

ယခုမြစိမ်းကြည်က အရာရာကိုပြတ်သားတိကျစွာ ဆောင်ရွက်မည့်အသွင်။ သူသက်ပြင်းချကာ

"ကောင်းပြီလေ၊ မနက်ဖြန် မောင်လိုက်ပို့ပေးပါ့မယ်၊ ဒီနေ့တော့ မြ ကောင်းကောင်းအနားယူလိုက်ဦး၊ သားကို မောင်ခေါ်သွားမယ်"

ကလေးကို သူလှမ်းခေါ်သည်။ ဘာကြောင့်မှန်းမသိ၊ ဒီကလေးကိုရင်ခွင်ထဲထားရတာ သူမစိတ်ထဲ ငြိမ်းချမ်းသလိုလို၊ သို့သော်





ဒီကလေးကို သူမသားဟု ရုတ်တရက်လက်ခံလို့မရ တာကြောင့် လှမ်း ပေးလိုက်၏။

"ဒေါ်ဟမ်း မြ အတွက် ဘာစားစရာလုပ်ထားလဲ၊ မြ အားရှိဖို့ အရေးကြီးတယ်"

"ရှိပါတယ်ကွယ်၊ ဆိတ်သားနဲ့ နွားနို့ပေါင်းထားပါတယ်"

"ဒါဆို ကျွေးလိုက်ပါ၊ မြ စားပြီးရင် အေးအေးဆေးဆေး အနားယူနော်"

သူမဘာမှမပြောပဲ ငေးသာကြည့်၏။ သူ သက်ပြင်းချကာ သားကိုခေါ်လျက် အပြင်ထွက်ခဲ့သည်။

မကြာခင် ဒေါ်စမ်းက စားစရာများ ယူလာ၏။

ဆာနေတာမို့ သူမစားလိုက်သည်၊ လက်ရာကောင်းလှသည်။

"ဒါ အဒေါ့်လက်ရာလား"

"ဟုတ်တယ်လေ"

"ဒေါ်ဒေါ်က လက်ရာကောင်းသားပဲ"

"ဪ ...မိန်းကလေးက ဒေါ်စမ်းထက် ပိုပြီးလက်ရာ ကောင်း ပါတယ်ကွယ်"

"အို... ဒေါ်ဒေါ်က ကျွန်မလက်ရာ စားဖူးလို့လား" သူမ အံ့သြသလိုမေးတော့ ဒေါ်စမ်းပြုံး၏။



www.burmeseclassic.com

www.burmeseclassic.com



"စားဖူးတာပေါ့ကွယ်၊ မိန်းကလေးပဲ မကြာခဏ ဒေါ်စမ်း တို့ကို ချက်ကျွေးတာပဲ၊ အထူးသဖြင့် လူလေးကဆို မိန်းကလေး လက်ရာမပါရင် ထမင်းတောင်မစားတတ်တော့ဘူး"

"အို"

စိုလက်သော မျက်ဝန်းများနှင့် လူချောကြီးကို မြင်ယောင် ကာ သူမရင်ထဲ သိမ့်ခနဲဖြစ်သွား၏။

ထိုလူဟာ သူမယောက်ျားတဲ့။

မြစိမ်းကြည် ယောက်ျားတစ်ယောက်ကို ယုံကြည်တတ်သူ မဟုတ်။

သို့သော် ဒီလူကိုတော့ သူမလက်ထပ်ခဲ့သည်တဲ့။

ဘယ်လောက်များ အံ့သြစရာကောင်းလိုက်လဲ။ ပြီးတော့ ချစ်စရာ ကလေး...

ကြည့်စမ်း ဒါဟာ သူမရင်သွေးအစစ်သာဆိုလျှင် လောက ကြီးဟာ တကယ်ကိုထူးဆန်းတုန်လှုပ်စရာပဲ။ ပြီးတော့ တိတ်တခိုး ရင်ထဲမှာ ကြည်နူးသာယာသလိုလို။

သည်အဖြစ်အပျက်အားလုံး နားလည်နိုင်ဖို့ ကြိုးစားရပါဦး မည်။





"မြကို လုပ်ကြံဖို့ ကြိုးစားတာ ဒီလူပဲ"

သည်မနက် သူတို့ရဲ့စခန်းရောက်လာ၏။ တရားခံကို တွေ့လို တယ်ဆိုတာကြောင့် ထုတ်ယူလာခိုက် သူမဘေးနားတွင် ထိုင်နေသော သူက ပြောတာမို့ လှည့်ကြည့်လိုက်တော့

"ဟင် ဦးလေး"

ခေါင်းငိုက်စိုက်ကျလျက် ဦးလေးဖြစ်သူကို တွေ့ရခိုက် သူမ ဝုန်းခနဲထရပ်မိ၏။

"တူမကြီး မြစိမ်းကြည်"

နောင်တရသော မျက်ဝန်းများဖြင့် ကြည့်ကာခေါ်လာသူကို သူမ ခပ်စိမ်းစိမ်းကြည့်မိပြီ။

"ရက်စက်လိုက်တာ ဦးလေးရယ်၊ ကျွန်မကတော့ ဦးလေး ဆိုပြီး ယုံစားခဲ့လိုက်ရတာ"

သူမအသံက ဆို့နင့်ကြေကွဲနေသည်။ ဦးခင်မောင်ရှက်နှာ

www.burmeseclassic.com

www.burmeseclassic.com



အကြီးအကျယ်ပျက်လျက် …

“ဦးလေး မှားခဲ့ပါတယ် တူမကြီးရယ်”

“ကဲ… ဦးခင်မောင်၊ ခင်ဗျား ဘာကြောင့် ဒီလိုကြံစည်ရတယ်ဆို အားလုံးရှေ့မှာ ပြောပြပါ”

ရဲအရာရှိကပြောတော့ ဦးခင်မောင် ဖွင့်ဟဝန်ခံရတော့သည်။

“တကယ်တော့ ကျုပ်ဟာ လောဘဇောတိုက်မိတဲ့ လူမိုက်ကြီး တစ်ယောက်ပါဗျာ…၊ ဒါကြောင့် ကျုပ်အပေါ်ကောင်းခဲ့တဲ့ တူမလေး မြစိမ်းကြည်အပေါ် မကောင်းကြံစည်မိခဲ့တယ်…”

လူမိုက်ကြီးဦးခင်မောင်၏ မျက်ဝန်းမှာမျက်ရည်တွေ ဝေ့ဝဲလာရသည်။ လောဘဇောတိုက်ကာ အမှောင်နောက်လိုက်ခဲ့တာများ တစ်ရိပ်ရိပ်ပြန်မြင်ယောင်မိကော့၏။

“ကျွန်မ ခရီးသွားစရာရှိလို့ ဦးလေးကို အိမ် စိတ်ချ လက်ချ အပ်ခဲ့ပါရစေ”

ထိုစကားကြောင့် ဦးခင်မောင် ဝမ်းသာခဲ့သည်။ မြစိမ်းကြည် မရှိလျှင် သူ့အတွက် လွတ်လပ်မှုတွေရမည်။ ထို့ကြောင့် သွက်လက်စွာပင် …

“စိတ်ချပါကွယ်၊ သွားပါ”

ဟု ဖြေခဲ့၏။

တကယ်လည်း မြစိမ်းကြည်ထွက်ပြီးနောက် သူက ကား





တစ်စီးဖြင့် နေ့စဉ်ထွက်တော့၏။ အိမ်ကို ညဉ့်နက်သန်းခေါင်မှ ရောက်ကာ ပျော်ပါးသောက်စားမူးယစ်၏။

အယူးသဖြင့် မိန်းမတွေက သူ့ကိုသူဌေးမှတ်ကာဝိုင်းလို့။

“အစ်ကိုကြီးက ဒီအချိန်ထိ အိမ်ထောင်မပြုတာ ဘာကြောင့်လဲဟင်”

“ဟဲ… ဟဲ အဲတာ တကယ့်အချစ်စစ်ကို မတွေ့သေးလို့ ပေါ့ဗျာ”

“အို လူတို့ကတော့ အစ်ကိုကြီးအပေါ်ယံ ဂုဏ်ပကာသန တွေကိုကြည့်ပြီး ခင်တာ မဟုတ်ဘူးနော်၊ အစ်ကိုကြီးကိုခင်လို့ ခင်တာ”

“ဪ အစ်ကိုကြီးသိပါတယ်လှရယ်”

သည်လိုနှင့် သူ့ကိုသူဌေးမှတ်ကာ မိန်းမလည်ခင်လှနှင့် တွေ့ဆုံခဲ့၏။ ခင်လှက ကိုယ်လုံးကိုယ်ပေါက်တောင့်ကာ အချိုးကျသူ၊ ဦးခင်မောင် တကယ်စွဲမက်လေ၏။ ထို့ကြောင့် မြစိမ်းကြည်ပေးခဲ့သော ပိုက်ဆံများ ရက်တိုတိုနှင့် ကုန်တော့သည်။

“ဒုက္ခပဲ ရှေ့ရှည်ဘာဆက်လုပ်ရမလဲ”

သူ့လက်ထဲ ပိုက်ဆံပြတ်တော့ အကြံရခက်ပြီ။

“ပိုက်ဆံအတွက်များ ဘာခက်တာမှတ်လို့ဗျာ၊ ခင်ဗျား ကား ခဏထားပြီး ကျုပ်တို့ဝိုင်းထဲ ဝင်ကစားလိုက်၊ ချက်ချင်းပြန်



www.burmeseclassic.com

www.burmeseclassic.com



နိုင်ပြီး ကားရွေးနိုင်မယ်၊ ငွေလည်း ပိုထွက်လာမယ်”

အမှောင်သမားတို့၏အကြံပေးမှုကို ဦးခင်မောင်မစဉ်းစား ဘဲ လက်ခံလိုက်သည်။ ပိုက်ဆံအပိုထွက်လာမလားဟု ကစားမှ မမျှော်လင့်ဘဲ ရှုံး၍ ကားပါဆုံးရမည့်အဖြစ်…

ဒုက္ခပဲ မြစိမ်းကြည်ပြန်လာလျှင် ဘယ်လိုပြောရမလဲ၊ လူငယ် သလောက် မြစိမ်းကြည်စိတ်ဓာတ်ပြတ်သွားတာကိုသိ၏။

ထိုအချိန်မှာပဲ ဦးခင်မောင်အတွက်ကံကောင်းချင်တော့

“မြစိမ်းကြည် ကားအက်စီးဒင့်ဖြစ်တယ်”ဆိုသော သတင်း ကြောင့် သူလိုက်သွားတော့ မိန်းမအလောင်းတစ်ခုကို တွေ့ရ၏။ အနွေးထည်ပဲ မှတ်မိလိုက်သည်။

မြစိမ်းကြည် ဝတ်နေကျအနွေးထည်နီလေး၊ မျက်နှာက တော့ ရုပ်ပျက်ဆင်းပျက်မို့ အကဲဖမ်းမရတော့။

ထိုအဖြစ်အပျက်အတွက် ဦးခင်မောင်ဝမ်းမနည်းအား၊ မြစိမ်း ကြည်သေလျှင် လက်ရှိအမွေအားလုံး သူရမည်။

အများရှေ့မှာ ဝမ်းနည်းချင်ယောင်ဆောင်ကာ စိတ်ထဲ ကြိတ် ဝမ်းသာခဲ့၏။ မြစိမ်းကြည်ဆုံးပြီဟု အားလုံးသိအောင် ဆွမ်းကျွေးပြု လုပ်ခဲ့၏။

ထို့နောက် ခင်လှကိုယူကာ အိမ်ပေါ်ခေါ်တင်ထားလိုက် သည်။





ကံ …ကံကောင်းချင်တော့ သူ့အတွက် အားလုံးအဆင် သင့်။ ထိုသို့ စိတ်ချလက်ချဖြင့် ပျော်မြူးနေခိုက် မမျှော်လင့်ဘဲ မြစိမ်းကြည်ကို ပြန်တွေ့ခဲ့ရ၏။

“ကျွန်တော် သူ့ကို လာပို့တာ”

“ဘာ”

သူတစ်ခါမှ မမြင်ဘူးသော လူတစ်ယောက်နှင့် မြစိမ်း ကြည်။ သို့သော် မြစိမ်းကြည်မျက်ဝန်းတွေက ဦးခင်မောင်ကို မမြင်ဘူး သလို။ အကဲခတ်မိသော ဦးခင်မောင်က ထိုအခွင့်အရေးကို အမိအရ ယူလိုက်သည်။

“ဘာတွေ လာပြောနေတာလဲ၊ မြစိမ်းကြည်အစစ်က သေပြီကွ၊ မင်းတို့ကျုပ်ကို လာမလုညံ့စားနဲ့”

မြစိမ်းကြည်အစစ်သာဆိုလျှင် ဦးခင်မောင်ကိုမှတ်မိကာ ကဲကဲဆတ် ရန်တွေ့လိုက်မည့်အဖြစ်၊ ယခုမိန်းကလေးကတော့ ဘာတစ်လုံးမှ မပြောနိုင်ပေ။

မကျေမနပ်ဖြင့် ပြန်သွားသော သူတို့ကိုကြည့်ပြီး ဦးခင်မောင် အတွေးများဖြင့် ကျန်ခဲ့၏။

ဘာပဲဖြစ်ဖြစ် ယခုဦးခင်မောင်တွေ့လိုက်ရသော မိန်းက လေးက မြစိမ်းကြည်အစစ်။

တစ်သက်လုံး နေလာတဲ့ကိုယ့်တူမပဲ မမှတ်မိရှိပုံမရဘူးဒါဆို



www.burmeseclassic.com

www.burmeseclassic.com



ကားအက်ဆီဒင့်ဖြစ်တာ တစ်ခြားတယောက်လား…။

ဘာပဲဖြစ်ဖြစ် ဦးခင်မောင်အတွက် ကာကွယ်ထားဖို့လို သည်။ ထို့ကြောင့် မြစိမ်းကြည်ကို လူမိုက်တစ်ယောက်ငှားကာ လိုက်ရှင်းခိုင်း၏။

အစက မြစိမ်းကြည်မှတ်ပုံတင်ကိုယူရန်၊ နောက်တော့ မြစိမ်းကြည်ပါ အပြတ်ဖျောက်ရန်။

ရန်ကုန်မှာ မပြီးပြတ်သောကိစ္စကို ပြင်ဦးလွင်ထိလိုက် ရှင်းခိုင်း၏။ သူတပည့်ပြန်လာတော့

"ရှင်းခဲ့ပါပြီ ဆရာကြီး"

ဟုပြောတာကို ယုံလိုက်မိ၏။ ထိုသို့ဖြင့် တစ်နှစ်ကြာခဲ့ သည်။ ဦးခင်မောင်မှာ ရှိသမျှသုံးဖြုန်းကာ ပစ္စည်းဥစ္စာလျော့ပါး လာ၏။

ဟင်း …ဒီလိုအချိန် မြစိမ်းကြည်များ ပြန်ပေါ်လာလျှင် သူဘယ်လောက်ဒုက္ခရောက်မလဲ။

ထို့ကြောင့် သံသယစိတ်၊ မယုံကြည်သောစိတ်ဖြင့် ပြင်ဦး လွင်သို့ သူကိုယ်တိုင်လိုက်ခဲ့၏။

ကြည့်စမ်း…

တကယ်ပဲ မြစိမ်းကြည်ဟာ လူလောကမှာရှိနေပါလားဟု သိရခိုက် ဦးခင်မောင် အပြတ်ရှင်းဖို့ကြံ၏။





ထို့ကြောင့် မြစိမ်းကြည်တစ်ယောက်တည်း အပြင်ထွက် လာချိန်ကိုစောင့်ကာ

"မြစိမ်းကြည်"

"ဟင်… ရှင်… ရှင် ဘယ်သူလဲ"

ယခုတိုင် မြစိမ်းကြည်က သူ့ကို မမှတ်မိခဲ့ပေ။

ကောင်းတယ်… ဒီလို မမှတ်မိချိန် အပြတ်ရှင်းလိုက်ရမှ၊ ထို့ကြောင့် ဓားဖြင့် မြစိမ်းကြည်ဆီ တရွေ့ရွေ့တိုးခဲ့၏။

သို့သော်

"အား"

"ဟင် မြစိမ်းကြည်"

မမျှော်လင့်ဘဲ မြစိမ်းကြည်ချောက်ထဲကျသွားကော့ ဦးခင် မောင် ထွက်ပြေးဖို့ပြင်ခိုက်

"ဟိတ်လူ"

"ခွပ်"

"အင့်"

ပြင်းထန်လှသော လက်သီးနှင့်အတူ ဦးခင်မော င် လူလော ကကြီးနှင့် အဆက်ပြတ်ခဲ့၏။ ထိုအချိန် ခြံထဲမှ ပြန်လာသော ခွန်စိုင်းက ဦးခင်မောင်ကို တွေ့သွားခြင်းပင်။

ဦးအိုက်ပါ ရောက်လာကာ ချောက်ထဲကျသော မြစိမ်း



www.burmeseclassic.com

www.burmeseclassic.com



ကြည်ကို ကယ်သည်၊ ကံကောင်းလို့ မြစိမ်းကြည်သည် ချုံထူထူ ပေါ်ကျရောက်သွား၏။

သို့သော် တိုက်ဆိုင်သောအကြောင်းအရာများကြောင့် မြစိမ်းကြည် အတိတ်ကိုသတိရခဲ့လေပြီ၊ တကယ်တော့ဒါဟာ မြစိမ်းကြည်အတွက် ဝမ်းသာစရာပါ။

"ဦးလေးဟာ ကျွန်မအပေါ် ဒီလောက်ထိ အကြံပက်စက်တာ ကျွန်မသိပ်အံ့သြတယ်"

"ဦးလေး… ဦးလေးကို ခွင့်လွှတ်ပါတူမရယ်… ဟီး"

ယခုမှ ယောကျ်ားတန်မယ့် ငိုကြွေးနေသော ဦးခင်မောင်ကို သူမခပ်စိမ်းစိမ်းကြည့်ပြီး ချာခနဲ လှည့်ထွက်ခဲ့၏။

"ကဲ …ဦးခင်မောင် ခုမှတော့ ခင်ဗျားငိုမနေနဲ့၊ ကိုယ့်မိုက်တဲ့ဒဏ် ကိုယ်ခံရမှာပဲ"

တာဝန်ရှိသူများက ဦးခင်မောင်ကို အချုပ်ထဲပြန်လည်ခေါ်ဆောင်သွားကြသည်။

"မြ… မြ"

နာကျင်သောစိတ်ဖြင့် သူမထွက်လာပြီးမှ သူ နောက်ကပါမလာတာသတိပြုမိ၏။

သူက တာဝန်ရှိသူများနှင့် စကားပြောကျန်ရစ်ခဲ့ခြင်း၊ ယခုမှပြီးဆုံးကာ သူမနောက်လိုက်လာရ၏။ သူခေါ်တော့ သူမ ခြေလှမ်းတန့်





ကာ လှည့်ကြည့်သည်။

"ဦးခင်မောင်ကို ရန်ကုန်မှာလွှဲမယ်တဲ့ မြ"

"ကျွန်မ စိတ်မဝင်စားဘူး၊ သူ့အပြစ်ဒဏ် သူခံပေါ့"

သူသက်ပြင်းချသည်။ ယခင်က မြသည် ပျော့ပျောင်းနူးညံ့သောမိန်းကလေးပါ။ အေးအေး… ယခုတော့ သူမက မြစိမ်းကြည် အစစ်ဖြစ်ခဲ့ပြီလေ။

"ဒါဆို မောင့်ကိုကော"

"ရှင်"

"ဩ… မောင့်ကို မြဘက်က ဘယ်လိုပြစ်ဒဏ်ချမလဲ လို့"

"အို… ကျွန်မက ရှင့်ကိုဘာကြောင့် ပြစ်ဒဏ်ချရမှာလဲ၊ ရှင်ကယ်ခဲ့လို့ ကျွန်မ အသက်ရှင်ခဲ့တာ"

"ဒါပေမယ့်… မောင်က မြဘာမှမသိတဲ့အချိန် လက်ထပ်ခဲ့မိတယ်လေ"

သူမမျက်နှာလေး ရဲခနဲဖြစ်ကာ …

"ဒီအကြောင်းတွေ ကျွန်မတို့နောက်မှ ဆွေးနွေးကြတာပေါ့" ဟုဆိုပြီး ထွက်သွားလေ၏။ သက်ပြင်းချ ကျန်ရစ်တာက သူ။



www.burmeseclassic.com

www.burmeseclassic.com



မြစိမ်းကြည် ရန်ကုန်ပြန်တော့ သူတို့အားလုံး လွမ်းကျန်ခဲ့သည်။ အထူးသဖြင့် သားလေးက မြစိမ်းကြည်ကို မတွေ့တော့ငို၏။

သားငိုသံကြားတိုင်း အသည်းနာရတာက သူ။ ရက်စက်တဲ့ မြစိမ်းကြည်။

သားကိုတောင် ထားသွားနိုင်ခဲ့၏။

"ရှင်တို့အားလုံးကို ကျေးဇူးတင်ပါတယ်၊ တစ်ချိန်ချိန်မှာ အကြောင်းတိုက်ဆိုင်လာရင် ကျွန်မ အရာအားလုံး မှတ်မိလာမှာပါ၊ ခုတော့ ရန်ကုန်က ကျွန်မကိစ္စတွေရှင်းဖို့ သွားလိုက်ပါဦးမယ်"

သားကိုတော့ တစ်ချက်နမ်းသွားသည်။ သူက လိုက်လိုပေမယ့် မြစိမ်းကြည်က မခေါ်။

ဪ ...ခုတော့ သူစိမ်းတွေလိုပါပဲလား။ မောင့်ကိုထားခဲ့ပြီလား မြရယ်။



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်ရောက်တာနှင့် မြစိမ်းကြည်မှာ တစ်ချက်မအား လပ်။ ပြီးခဲ့တာတွေအတွက် ပြန်လည်ဖြေရှင်းနေရသလို ယိုယွင်း သွားသော လုပ်ငန်းများကို လျင်မြန်စွာ ပြန်၍ အကောင်အထည် ဖော်ရလေ၏။

တစ်လပြီး …တစ်လ …

ပြင်ဦးလွင်က မိသားစုကို တစ်ခါတစ်ရံ သတိရပေမယ့် အလုပ်တွေကြားထဲရောက်တော့ အားလုံး မေ့သွားရတဲ့အဖြစ်။

ဦးခင်မောင်ကို ဆိုင်ရာက ပြစ်ဒဏ်ချမှတ်ခဲ့၏။ သည့် အတွက် သူမ ဝမ်းမနည်းပေ။

တစ်နေ့ အလုပ်ကပြန်အလာ …

"အို"

ခေါင်းထဲ မိုက်ခနဲဖြစ်တာကြောင့် နီးရာခုံမှာ ဝင်ထိုင်လိုက် ၏။

ဘာဖြစ်တာလဲ …

အလုပ်တွေများကာ အစားအသောက်ပျက်လို့လား၊ တွေး နေစဉ် အံချင်လာတာမို့ ဗေစင်ဆီပြေးရသည်။

ချက်ချင်းပင် သူငယ်ချင်းဆရာဝန် ယုကို ခေါ်မိ၏။ ယု ရောက်လာတော့ စမ်းသပ်ကာ…

"မင်းမှာ ကိုယ်ဝန်ရှိနေပြီ မြစိမ်းကြည်"

"ဟင်"





သူမ တုန်လှုပ်သွားသည်။

ဒါ …ဒါဆို သူမ ဗိုလ်လူနဲ့ တကယ်ပဲ အိမ်ထောင်ကျခဲ့ တာပေါ့။

"မင်းလူက ဘယ်သူလဲ မြစိမ်းကြည်"

ယုမေးသမျှ သူမတော်တော်နဲ့ မဖြေနိုင်။ မျက်စိထဲမှာ ဦးခွန်စိုင်းကို မြင်နေမိ၏။

ဒါဆို သားက …သူမကလေး …

အို …

တွေးတော့ သူမရင်ထဲ တုန်လှုပ်သွားသည်။

"ယု"

"ပြောပါ မြစိမ်းကြည်"

"တို့…တို့လူက ပြင်ဦးလွင်မှာ"

"ဪ …ဒါဆိုခေါ်လိုက်ပေါ့၊ သူဝမ်းသာရအောင်"

ယုက ပြုံး၍ပြော၏။

သူမ ခေါင်းညိတ်ကာ

"ယုကို တိုင်ပင်ချင်တယ်"

"ပြောပါကွယ်"

"ဒီကိုယ်ဝန်ဟာ တို့အတွက် ပထဆုံးမဟုတ်ဘူး၊ တို့မှာ သားတစ်ယောက်ရှိသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



“ဟင်”

မြစိမ်းကြည်က သူမအကြောင်းများ ပြောပြလိုက်၏။ ယုက နားထောင်ပြီး မြစိမ်းကြည်ကို ဆေးပညာအရ စစ်ဆေးပေး သည်။

“ဟုတ်တယ် မြစိမ်းကြည်၊ ဒါ မင်းအတွက် သားဦး မဟုတ်ဘူး”

“ဒါဆို တို့ဘာလုပ်ရမလဲ ယု”

“လွယ်ပါတယ်ကွယ်၊ မင်းပြောသလိုဆို ဦးခွန်စိုင်းဟာ ရိုးသားဖြောင့်မတ်တဲ့လူပါ၊ ပြီးတော့ သားလေးလည်း ရှိတယ်၊ ခုဆို သားလေးဟာ အမေကို ဘယ်လောက်လွမ်းလိုက်မလဲလို့”

“အို”

ချက်ချင်းပင် သူမရင်ထဲ ကလေးကို ပြေးတွေ့ချင်လာ၏။

သားလေး ငိုနေမလား …

သူမ ရက်စက်ရာကျပြီလား …

ကလေးရယ် …

မေမေ စိမ်းကားသလိုဖြစ်ရင် ခွင့်လွှတ်ပါ။

“ဒီအချိန်မှာ မင်းတို့မိသားစုအားလုံး ပျော်ပျော်ရွှင်ရွှင် ရှိသင့်ပြီ”

ယုက အကြံပေးသွား၏။ ယုပြန်ပြီးနောက် သူမ တစ်ယောက်တည်း စဉ်းစားကျန်ခဲ့သည်။





မှန်တင်ခုံရှေ့ထိုင်မိတော့

“ဟင် …ဒီဆွဲကြိုးလေးက”

ယခုမှ ဖြူနုသောလည်တိုင်က ပတ္တမြားဆွဲကြိုးလေးကို သတိပြုမိ၏။ အရည်အသွေးကောင်းကာ တန်ဖိုးအားဖြင့် မနည်း ဆိုတာ သူမသိလိုက်သည်။

ဒါ ဘယ်သူပေးတာလဲ။

သူမစဉ်းစားရင်း ခေါင်းထဲမိုက်ခနဲဖြစ်ကာ အိပ်ရာပေါ် ပြန်လှဲချမိတာနှင့် မှောင်မိုက်သွားရ၏။

“ဒီဆွဲကြိုးလေးက မောင့်မေမေရဲ့ ပစ္စည်း၊ ဒါကြောင့် မြကို မင်္ဂလာဦးလက်ဆောင်အဖြစ် မောင်ပေးတာ”

သူက ကြည်နူးသော အပြုံးများဖြင့် သူမလည်တိုင်လေး မှာ ကိုယ်တိုင်ဆွဲပေး၏။

“သိပ်လှတာပဲ မြရယ်”

ဆွဲကြိုးလေးနှင့် သူမကို မောင် ငေးစိုက်ကြည့်လို့။

၁ “မောင့်ကိုတော့ မြ ဘာတစ်ခုမှ ပြန်ပေးစရာမရှိဘူးနော်”

“အဟွန်း …ပေးပြီးပါပြီဗျာ”

“ဟင် …ဘယ်မှာလဲ”

“အဟွန်း …အချစ်တွေလေ”

“အို”



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်တုန်းက သူမတို့ ပျော်ခဲ့ကြတာတွေ၊ မောင့်ရင်ခွင်နွေးနွေးမှာ အေးချမ်းစွာ ခိုလှုံခဲ့တာတွေ။

"တစ်ချိန်ကြ အတိတ်ကိုသတိရရင် မြက မောင့်ကို ထားသွားမှာ"

"အို …ဟင့်အင်း အတိတ်ကိုလည်း မြ သတိမရချင်ဘူး၊ မောင့်ကိုလည်း မြ ဘယ်တော့မှ မခွဲနိုင်ဘူး သိလား"

"သိပ်အပြောကောင်းတဲ့ ကောင်မလေး၊ နောက်မှ တကယ်ထားသွားရင် သိမယ်ဗျ"

သူမနဖူးလေးကို မောင်က လက်သီးဆုပ်ဖြင့် ဖွဖွထုကာ ပြော၏။

"တကယ်လို့ထားသွားရင် မောင်က ဘာလုပ်မှာလဲဟင်"

"ဒါ ကျွန်တော့်မိန်းမပါလို့ တစ်နိုင်ငံလုံးကို ကြေငြာမှာပေါ့ဗျ"

"အို …အဟင်း"

"တကယ်ပြောတာ၊ နောက်ပြီး လက်ခံထားတဲ့လူတွေကိုလည်း တရားစွဲမယ်လို့"

"ခစ် …မောင်က သိပ်ရယ်ရတာပဲ"

အံကြိတ်ကြိမ်းနေသော မောင်နှင့် မျက်နှာချင်းအပ်ကာ ပြုံး၍ပြောမိ၏။





"သားရဲ့မေမေ"

သားကိုမွေးတော့ မောင်က သူမကို ထိုသို့ခေါ်ခဲ့သည်။

သား …သား ချစ်စရာကောင်းလိုက်တဲ့သား။ သားကို ငုံကြည့်ကာ သူမ ကြည်နူးခဲ့တာတွေ …

အို …

"မောင်…သား"

ယခုတော့ သူမ အားလုံးကို သတိရလာပါပြီ။ ထိုအခါ သူမရင်လှိုက်လာကာ ယခုပင် သူတို့ကို တွေ့ချင်လာရ၏။

သား …သားရေ။

မေမေလာပြီ ကလေးရေ။

မောင် …မောင်ရယ် မြကို ခွင့်လွှတ်ပါ။

ကျန်းမာရေး စိတ်မချသေး၍ ယုက အနားယူရန် ပြောပေမယ့် သူမစကား နားမထောင်နိုင်ပေ။

နောက်နေ့ လေယာဉ်နှင့် မန္တလေးဆင်းကာ ကားစီးလုံးငှား၍ မောင်တို့ဆီ အပြေးလာမိပြီ။

ခရီးနီးမှ ပို၍တွေ့ချင်လာရ၏။

အထူးသဖြင့် သားလေးကို။

ကြည့်စမ်း …

သူမ မရှိလို့ သား ဘယ်လောက်ငိုလိုက်မလဲ။ မောင်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက် စိတ်ညစ်မလဲ။

ကွယ် ...

ဒေါ်စမ်းနှင့် ဦးအိုက်ကတော့ သူမကို ကျေးဇူးမသိတတ်တဲ့ မိန်းကလေးဟု ထင်လေမလား။

ခွင့်လွှတ်ပါ။

တကယ်တော့ သူမဟာ အဲဒီလိုမိန်းမမျိုး မဟုတ်ရပါဘူးရှင်။

သူမရောက်တော့ ညနေမှောင်ရီပျိုးပြီ။

"မောင်ရေ ...သား"

ကားပေါ်မှဆင်းတာနှင့် သူမ အပြေးအလွှား ခေါ်မိ၏။

သို့သော် တစ်အိမ်လုံး တိတ်ဆိတ်လို့။ ဟင် ...သူတို့ မရှိကြဘူးလား။

"မောင် ...သား၊ ဦးအိုက်၊ ဒေါ်စမ်း"

သူမအတွက် ဒီအိမ်ကြီးက မစိမ်းတာမို့ တံခါးဖွင့်ဝင်လိုက်၏။

"ဩော် ...မိန်းကလေး မင်းပြန်လာပြီကိုး"

"ဟင် ...အဘအိုက်"

အရင်ကထက်စာလျှင် များစွာပိန်ကျသွားသော ဦးအိုက်ကို စိတ်မကောင်းစွာ တွေ့ရသည်။





"ဦးအိုက် ...ကျွန်မ ...ကျွန်မ အားလုံးကို သတိရပြီ၊ မောင် ...မောင်ကော သား ...သားလေးကော"

သူမမှာ ယခုထိ ထိုလူတွေကို အရိပ်အယောင်မျှ မတွေ့တာမို့ အငမ်းမရ မေးမိ၏။ ဦးအိုက် သက်ပြင်းချကာ ...

"သူတို့ မရှိတော့ဘူးကွယ့်"

"ရှင်"

"ဟုတ်တယ်၊ သူတို့ဟာ မင်းကိုလွမ်းဆွတ်သတိရပြီး ..."

"အို ...ကျွန် ...ကျွန်မအလာနောက်ကျသွားပြီလား၊ ဟင့်အင်း ...ဟင့်အင်း ကျွန်မ ...ကျွန်မကို သူတို့ဆီလိုက်ပို့ပါ"

သည်လူတွေမရှိတော့ဘူးဆိုတာ သူမလက်မခံနိုင်ပြီမို့ အရူးတစ်ယောက်လို အော်ဟစ်တောင်းဆိုမိတော့ ...

"အေးလေ ...မင်းရောက်လာမှတော့ လိုက်ပို့ရမှာပေါ့၊ သူတို့က ခြံထဲမှာပါ"

"ကျွန်မကို အမြန်ဆုံးလိုက်ပို့ပေးပါ"

ထိုတစ်ခွန်းသာ သူမပြောနိုင်တော့လေ၏။ ရင်ထဲမှာ မောင်နှင့်သားကို တွေ့ချင်လှသည်။ သူမအတွက် မောင်နဲ့သားဟာ အမြဲရှိနေရမည်လေ။

www.burmeseclassic.com

www.burmeseclassic.com



စိတ်လှုပ်ရှားစွာ လာခဲ့ရသော သူမမှာ စိမ်းစိုလန်းဆန်းသော ရှုခင်းများ၏ သာယာလှပခြင်းကို တွေ့ရတော့ အခဲရင်က မောင်နှင့် နှစ်ယောက်ပျော်ခဲ့တာတွေ ထင်ရှားစွာ သတိရလာသည်။

မောင်ရယ် ...

သူမက မောင့်ကို မေ့ထားချိန်မှာ မောင်တစ်ယောက် ဘယ်လောက်ခံစားရမလဲ။ သားလေးကကော သူမကို ဘယ်လောက်လွမ်းလိုက်မလဲ။

မေမေ့အပြစ်ပါ သားရယ် ...။

သူမတို့ရောက်သွားတော့ ညနေဆည်းဆာ။ ဟောဒီခြံလေးထဲကအိမ်မှာ မောင်နဲ့ သူမတို့ ဘဝကို စခဲ့တာပဲ။

"မောင် ...သား"

သူမ အော်ဟစ်ခေါ်ပေမယ့် ဘယ်သူမှထွက်မလာ။ ထိုအခါ



www.burmeseclassic.com

www.burmeseclassic.com



သူမမျက်နှာပျက်လာ၏။

ဒါ …ဒါဆို ဦးအိုက်ပြောသလို မောင်နဲ့သား မရှိတော့ဘူးဆိုတာ တကယ်လား။ သည်အတွေးက သူမရင်ကို ထိခိုက်စေကာ ချက်ချင်းပင် မျက်ရည်တို့ ရစ်ဝဲလာရ၏။

"မောင်ရေ …သားရေ"

ဆို့နင့်သံနှင့် သူမ ခေါ်မိစဉ် အိမ်ထဲမှာ အရိပ်တစ်ခု ထွက်လာ၏။

"ဒေါ်စမ်း"

သူမကိုမြင်တော့ ဒေါ်စမ်းက ရုတ်တရက် မယုံနိုင်သလို ခပ်ငေးငေးကြည့်သည်။

"ဒေါ်စမ်း …ကျွန်မ …ကျွန်မ ပြန်လာပြီလေ"

"ဟင် …ကလေး၊ ကလေးအားလုံးကို သတိရပြီနော်"

"အဟင့် …ဟင့် ရပါပြီ ဒေါ်စမ်းရယ် ဒါပေမယ့် ကျွန်မ အလာကောင်းပေမယ့် အခါနှောင်းခဲ့ရပြီ မဟုတ်လား"

သူမ ဟန်မဆောင်နိုင်ဘဲ ဒေါ်စမ်းရင်ခွင်ထဲဝင်ကာ ဝမ်းနည်းစွာဖြင့် ငိုရှိုက်ရင်းပြောမိ၏။

"အို …မိန်းကလေး ဘာတွေပြောနေတာလဲကွယ်၊ မိန်းကလေးပြန်လာတာ ဒေါ်စမ်းဖြင့် သိပ်ဝမ်းသာတာပဲ၊ လူလေးနဲ့





မြေးလေးသာသိရင် သိပ်ဝမ်းသာမှာ"

"ဒါပေမယ့် သူတို့မရှိတော့ဘူး မဟုတ်လား ဒေါ်စမ်းရဲ့"

ပြောရင်း သူမမျက်ရည်တွေ ဝေါခနဲစီးကျလာပြန်၏။ ဒေါ်စမ်းက ခေါင်းခါယမ်းကာ …

"ဟုတ်တယ် မိန်းကလေး၊ သူတို့မရှိဘူး၊ သူတို့ စမ်းချောင်းလေးမှာ"

"ရှင်"

"ဟုတ်တယ် …လူလေးက မိန်းကလေးကို သတိရ … မြေးလေးကိုခေါ်ပြီး အဲဒီသွားထိုင်တာ၊ ခုလည်း အဲဒီကိုထွက်သွားတာကြာပြီ"

"ရှင် …ဒါ …ဒါဆို သူတို့ ဘာမှမဖြစ်ဘူးပေါ့"

"အို …ဘာဖြစ်ရမှာလဲကွယ်၊ အင်း မိန်းကလေးကိုလွမ်းလို့ အအိပ်ပျက် အစားပျက်တာကလွဲလို့ပေါ့"

ထိုစဉ် ဦးအိုက် ရောက်လာသည်။

"ဦးအိုက်ပြောတော့ သူတို့မရှိကြတော့ဘူးဆိုလို့ ကျွန်မဖြင့် ရင်ထဲပူသွားတာပဲ ဒေါ်စမ်းရဲ့"

"သြော် …မိန်းကလေးကလည်း ကျုပ်ပြောတာ လူလေးတို့အိမ်မှာ မရှိဘူး၊ ခြံထဲမှာလို့ ပြောတာကွယ့်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ...ဒါဆို စောစောကပြောပါလား ဦးအိုက်ရဲ့"

ယခုမှ သူမမျက်နှာ ကြည်လင်လာနိုင်တော့၏။ ဦးအိုက်နှင့် ဒေါ်စမ်းလည်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပြုံးသည်။

"ကဲ ...မိန်းကလေး လူလေးတို့ဆီ အမြန်လိုက်သွားပေတော့"

"ဟုတ်ကဲ့"

သူမ တစ်ချက်ဟန်မဆောင်နိုင်၊ ချက်ချင်းပင် စမ်းချောင်းလေးရှိရာ အပြေးလိုက်ခဲ့တော့၏။ သူမရင်ထဲမှာ မောင်နဲ့သားကို တွေ့ချင်လှပြီ။

ထိုအချိန် စမ်းချောင်းလေးဘေးမှာ ငေးမှိုင်စွာထိုင်နေသူက ခွန်စိုင်း။ သားကတော့ သဲသောင်မွမွမှာ ဆော့ကစားနေ၏။

ကြည်လင်စိမ်းမြသော စမ်းရေအေးအေးလေးကိုကြည့်ကာ 'မြစိမ်းကြည်' ကို သူ အပြင်းအထန်သတိရနေသည်။

မြ ...မြရယ် ...

မောင့်ရင်ထဲ ဘယ်လောက်ခံစားရတယ်ဆိုတာ မြသိရဲ့လား။

မြကို သိပ်သတိရတယ်။ သိပ်လွမ်းတယ်ကွယ်။ သားလေး





ငိုတိုင်း မောင့်ရင်မှာ နာကျင်လိုက်ရတာ အချစ်ရယ်။ မင်းကတော့ မောင်တို့သားအဖကို မေ့ခဲ့ပြီပေါ့။

ဟောဒီစမ်းချောင်းလေးမှာ တစ်ချိန်က မြနဲ့မောင် ပျော်ခဲ့တာတွေ၊ ခုတော့ အိပ်မက်လို ပါပဲလားကွယ်။

သူ သက်ပြင်းချရင်း အတိတ်က ကြည်နူးစရာကောင်းတာတွေ ပြန်သတိရလျက် မြကိုသာ ပြေးတွေ့ချင်မိတော့၏။

ယခုနေ မြ ပြန်ရောက်လျှင် သူ ဘယ်လောက်ဝမ်းသာလိုက်မလဲ။ ထိုစဉ် ...

"မောင် ...မောင်ရေ၊ သား ...သားရေ"

"ဟင် ...မြ"

သူ နေရာမှ ဆတ်ခနဲထကာ အပြေးလာနေသော သူမကို မယုံနိုင်စွာ ကြည့်မိ၏။

ကြည့်စမ်း ....

မြမှ မြအစစ်။

"မောင်"

"မြ"

အပြေးလာသော သူမကို သူ ရင်ဖွင့်ကြိုမိ၏။ သူမကိုယ်လေး ရင်ခွင်ထဲရောက်လာချိန် နောက်တစ်ကြိမ် ပြန်ထွက်သွားမှာ



www.burmeseclassic.com

www.burmeseclassic.com



ကြောက်သည့်အလား တင်းကြပ်စွာ ပွေ့ဖက်မိတော့သည်။

"မြ ...မြ ပြန်လာတယ်နော်"

"အို ...မောင်ကလဲ မြ ပြန်လာလို့ မောင့်ရင်ခွင်ထဲတောင် ရောက်နေပြီ"

"ကြည့်စမ်း ...မောင့်အတွက် ဒါဟာ အိပ်မက်မဟုတ်ဘူးပေါ့နော်၊ မောင် ဝမ်းသာလိုက်တာအချစ်ရယ်"

"အို"

တမ်းတခြင်း၊ လွမ်းဆွတ်ခြင်း၊ သတိရခြင်းတို့ ပေါင်းစပ်ကာ သူ မွတ်သိပ်စွာ နမ်းရှိုက်မိတော့၏။ တကယ်ပဲ ချိုမြိန်သော အနမ်းတွေက လှိုက်လှိုက်လှဲလှဲ။ သေချာတာကတော့ သူ အိပ်မက်မှ နိုးထလာခြင်းပင်။

"မြ"

"မောင်"

ယခုမှ တစ်ယောက်မျက်နှာတစ်ယောက် ငေးစိုက် လွမ်းမောစွာ ကြည့်မိကြသည်။

"မြ ...မြ ဒီကို လိုက်လာကာ အားလုံးကို သတိရလို့ပေါ့နော်"

သူမေးတော့ သူမ အပြုံးလေးဖြင့် ခေါင်းညိတ်သည်။





"အင်း"

"မောင်ဝမ်းသာလိုက်တာ မြရယ်၊ ပြောပါဦးကွယ် မောင်တို့ကို ဘယ်လိုသတိရလာတာလဲ"

ထိုအမေးကြောင့် သူမမျက်နှာလေးနီကာ တိုးညှင်းညှင်း ရယ်၏။ ယခုမှ ...

"အို ...သား"

မောင့်ရင်ခွင်ထဲမှ ဆတ်ခနဲရုန်းကာ သားကို ကောက်ယူပွေ့ချီ၍ နမ်းရှိုက်လိုက်မိ၏။

"သား ...သားရယ်"

သားက အစမှာ မျက်လုံးဝိုင်းဝိုင်းဖြင့် မမှတ်မိဟန်။ သို့သော် သူမရင်ခွင်ထဲ ရောက်တော့ သွေးမှစကားပြောလာပုံ။

"သား ...မေမေ၊ မေမေလေ"

"မေ"

သားနှုတ်ဖျားမှ 'မေ'ဟု ထွက်လာတော့ ကမ္ဘာပေါ်မှာ သူမလောက်ပျော်တာမရှိ။ သား၏ ပါးဖောင်းဖောင်းလေးတွေကို နမ်းရှိုက်မဆုံး။ ထိုမြင်ကွင်းကို သူကြည်နူးစွာ ပြုံး၍ကြည့်နေလေ၏။

"မောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

"သားက မြကို မလွမ်းဘူးလားဟင်"

"လွမ်းတာပေါ့ဗျာ၊ မြ ခွဲသွားစကဆို သားငိုချည်းနေ တာ၊ ဒါပေမယ့် သားက သိပ်ငယ်သေးတော့ မြကို သိပ်မမှတ်မိ တဲ့အချိန် မောင့်မှာ နေ့ကော ညကော အမျိုးမျိုးချော့ရတာပေါ့ဗျာ"

"အို ...သားရယ်"

"မောင် ...မောင်လည်း ပင်ပန်းမှာပဲနော်"

သူတို့သားအဖနှစ်ယောက်အပေါ် သူမတာဝန်ပျက်ကွက်ခဲ့ ပါလားဟု တွေး၍ စိတ်မကောင်းဖြစ်ရ၏။

"အဲဒီပင်ပန်းတာတွေအားလုံး မြ ခုလိုပြန်လာတာမြင် တော့ မောင့်ရင်ထဲ ပြေပျောက်သွားပါပြီဗျာ"

"စိတ်ချပါ မောင်ရယ်၊ နောက်တစ်ကြိမ် မြတို့မိသားစု အတွက် ဒီလိုမျိုး ခွဲခွာခြင်းတွေ ဘယ်တော့မှ မရှိစေရပါဘူးရှင်"

သူမ လေးနက်စွာ ကတိပေးတော့ မောင်ကျေနပ်စွာ ပြုံး၍ ခေါင်းညိတ်သည်။ ထို့နောက် မြတို့သားအမိနှစ်ယောက်လုံး ရင်ခွင် ထဲ ဆွဲပွေ့ကာ ...

"မောင်မေးတာ ဖြေဦးဗျာ၊ ဘာကြောင့် မောင်တို့သား အဖကို သတိရလာတာလဲဆိုတာ"



BURMESE CLASSIC .com



"အဟင်း ...အဲဒါ ...အဲဒါကလေ၊ ဟို ..."

သူမမျက်နှာလေးနီနီဖြင့် စကားမဆက်တော့ သူက ပိုသိ ချင်ရ၏။

"ဆက်ပြောလေ မြရဲ့"

"ကဲ ပြောပါ့မယ်ရှင်၊ မြ ...မြတို့မိသားစုမှာ နောက် တစ်ယောက် ရောက်လာတော့မှာ မောင်"

"ဗျာ"

"အဟင်း ...ဟုတ်တယ်၊ မြမှာလေ ဟောဒီသားအတွက် ညီလေးလား၊ ဒါမှမဟုတ် ညီမလေးရှိနေပြီ၊ အဲဒီကစပြီး မြ မောင် တို့ကို ပြန်သတိရလာတာရှင့်"

"ဒါ ...တ ...တကယ်လား မြ၊ မောင် ဝမ်းသာလိုက် တာဗျာ"

"အို"

ဝမ်းသာကြည်နူးစိတ်ဖြင့် မောင်က သူမတို့သားအမိကို တစ်လှည့်စီ ရှိုက်နမ်း၏။ ထိုအခါ သားကလည်း အားကျမခံ။ သူမတို့နှစ်ယောက်ကို ပြန်နမ်းတာမို့ ရယ်မောလို့မဆုံး။

"ကဲ ...မြအလှည့်"

"အို"



www.burmeseclassic.com

www.burmeseclassic.com



"သား ပြောလိုက်လေ၊ မေမေလည်း တာဝန်ကျေတယ်၊ သားလည်း တာဝန်ကျေတယ်၊ ဟောဒီမေမေကြီးပဲ ကျန်တော့တယ်လို့"

"အဟင်း …ကဲ …ကဲ တာဝန်ကျေစေရပါမယ်ရှင်"

"မြရယ်"

ယခုတော့ သူမက ရင်ထဲမှလာသော မေတ္တာအကြင်နာများဖြင့် မောင်နှင့်သားကို အနမ်းဖြင့် ကုံ့ပြန်မိတော့၏။ သူတို့မိသားစု၏ ပြန်လည်ပေါင်းစပ်မှုကို စမ်းချောင်းလေးက တသွင်သွင်စီး၍ ဩဘာပေးသလို ငှက်လေးတွေက တေးသံကျူးရင့်ကာ ပန်းလေးတွေအားလုံး လှပစွာ ပွင့်လန်းဝေဆာလျက် လောကကြီးကစ်ခုလုံး စိမ်းစိုသာယာလှပနေတော့၏။

ပျော်ရွှင်ချမ်းမြေ့ပါစေ . . .


ဆုအဥ္စလီ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com